

ရိုးရိုးကြီး
ဇေယျ
၏ ဘဝခရီး
မင်းယုဝေ

## ဒို့တာဝန်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။**
**တပ်မတော် ဖြိုခွဲမည့်အကြံ**
**ဒို့လက်မခံ။**
**ဘယ်သူခွဲခွဲ ဒို့မခွဲ**
**အမြဲ စည်းလုံးမည်။**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ပျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် [၄] ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ် တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် [၄] ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် [၄] ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

[ တစ်အုပ် ၆၀၀ ကျပ် ]

စာပေလောကစာအုပ် အမှတ် ၃၃၆

# မင်းယုဝေ

# ရိုးရိုးကြီးလေပျော် ဘဝခရီး

**စာပေလောကစာအုပ်တိုက်**
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း – ၂၈၅၁၆၆ ]
**e-mail : splkygn@mptmail.net.mm**

**စာအုပ်စာတမ်း စာမူခွင့်ပြုအမှတ်**
[ ၆၇၇/၂၀၀၂ (၁၂) ]
**စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်**
[ ၄၀၂/၂၀၀၃ (၇) ]

**မျက်နှာဖုံး**
ဇော်မောင်

---

ပုံနှိပ်ခြင်း
**ပထမအကြိမ်**
(၁၀၀၀)

---

**ထုတ်ဝေခြင်း**
ဩဂုတ်၊ ၂၀၀၃

---

စာအုပ်ချုပ်
ဖူးပွင့်မွေး

ဒေါ်ခင်ဝင်းရီ၊ ဝင်းစာပေ
အမှတ် ၈၈၊ ကမ္ဘာအေးစေတီလမ်း
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြဲ ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။



အရှင် ဝဇီရာနန္ဒ
(၁၉၁၆ – ၂၀၀၁)

## အမှာစာ

ကျွန်တော်သည် မင်းသားကြီးဇေယျ ပါဝင်သော ရုပ်ရှင်ဇာတ်ကား အတော်များများကို ကြည့်ဖူးခဲ့ပါသည်။ သူ၏အမအရာကို နှစ်သက်သဘောကျခဲ့ပါသည်။ သူသည် ရုပ်ရှင်ဇာတ်ကားထဲမှာကဲ့သို့ပင် အပြင်လောက၌လည်း စိတ်နှလုံးကောင်းမြတ်သူဖြစ်ကြောင်း တစ်ဆင့်စကားဖြင့် ကြားသိခဲ့ရပါသည်။ ထိုအခါသူ့ကို အပြင်တွင် မမြင်ဘူး။ မသိကျွမ်းဘူးဘဲနှင့် ချစ်ခင်လေးစားမိသည်။

ဤသို့ရှိရာမှ သူ၏ လောကကြီးပွားမှု၊ တိုးတက်မှုတို့ကို စွန့်လွှတ်၍ ရဟန်းဝတ်သွားကြောင်း ကြားသိရသည်။ ရဟန်းဝတ်သည်မှာ ဒုလ္လဘရဟန်းမဟုတ်၊ တစ်နှစ်၊ နှစ်နှစ်လည်းမဟုတ်၊ ရာသက်ပိုင် အပြီးတိုင်ဝတ်သွားသည်ကို ကြားသိရသောအခါ အံ့သြချီးကျူးခြင်း ဖြစ်မိသည်။ တစ်ဆင့်တက်၍ ကြည်ညိုခြင်းလည်း ဖြစ်မိသည်။ ထို့ကြောင့် သူ၏အတ္ထုပ္ပတ္တိကို ရေးသားရန် ကျွန်တော် ဆန္ဒပြစ်မိသည်။

သို့ဖြင့် အရှင်ဝဇီရာနန္ဒ တဖြစ်လဲ မင်းသားကြီးဇေယျရှိရာ စစ်ကိုင်းတောင်ရိုး၊ ညောင်တုန်းချောင်သို့ ကျွန်တော်ရောက်သွားခဲ့သည်။ ကျွန်တော်နှင့်အတူ ဆရာမောင်ရွှမ်းသစ် နှင့် ဆရာသမိန်သောင်း (ကွယ်လွန်) တို့လည်း ပါကြသည်။ ကျွန်တော်တို့သည် အရှင်ဝဇီရာနန္ဒအား သူ၏ အတ္ထုပ္ပတ္တိကို ရေးလိုကြောင်း ခွင့်ပန်သည်။ အရှင်မြတ်ကလည်း အကြည်အသာပင် ခွင့်ပြုသည်။ သို့ဖြင့် ကျွန်တော်တို့သည်

အရှင်မြတ်ထံပါး၌ ငါးရက်ကြာ ခိုလှုံနေထိုင်လျက် ကျွန်တော်သိလိုသော အချက်များကို မေးမြန်းလျှောက်ထားသည်။ အရှင်မြတ်ကလည်း စိတ်ရှည်လက်ရှည် ဖြေကြားသည်။ ညောင်တုန်းချောင်မှာပင် နေ၍ ဖခင်ကို ဝတ်ကြီးဝတ်ငယ်ပြုစုနေသော သမီးကြီး ဒေါ်မြမြရီကိုလည်း တွေ့ဆုံမေးမြန်းသည်။ ဒေါ်မြမြရီကလည်း သိရှိသမျှတို့ကို စေတနာ အပြည့်ဖြင့် ဖြေကြားသည်။

ထို့နောက် ရန်ကုန်သို့ပြန်အရောက်တွင် ကျွန်တော်သည် အရှင် မြတ်၏ သားမက်ဖြစ်သူ ဦးမြင့်သိန်းထွန်း (ဇာတ်ညွှန်းအကယ်ဒမီ ကိုကိုလေး)နှင့် လည်းကောင်း၊ သူ၏ဇနီးဖြစ်သူ ဒေါ်ဆန်းယဉ်လှ (မင်းသားကြီးဗေယျ၏ သမီးငယ်) နှင့်လည်းကောင်း၊ တွေ့ဆုံ၍ သိလို သော အချက်များကို မေးမြန်းခဲ့ပါသည်။ အကယ်ဒမီကိုကိုလေးတို့ ဇနီးမောင်နှံကလည်း စိတ်ရှည်လက်ရှည် ပြောပြကြသည်။ ပြောပြရုံ မက အကယ်ဒမီကိုကိုလေး ထိန်းသိမ်းထားသော မင်းသားကြီးဗေယျ အကြောင်း မှတ်တမ်းမှတ်ရာများနှင့် ဓာတ်ပုံများကိုလည်း ထုတ်ပေး ပါသည်။

ကျွန်တော်သည် ထိုထိုမေးမြန်းချက်များကို လည်းကောင်း၊ မှတ်တမ်း မှတ်ရာများကိုလည်းကောင်း၊ မင်းသားကြီးဗေယျအကြောင်း ရေးထား သော လက်လှမ်းမီရာ စာအုပ်စာတမ်းများကို လည်းကောင်း ရှာဖွေဖတ်ရှု လေ့လာ၍ ဤ *ရုပ်ရှင်ကြီးဗေယျ၏ ဘဝခရီး အတ္ထုပ္ပတ္တိကို မြတ်မင်္ဂလာ* စာစောင်၌ လစဉ် အခန်းဆက် ဖော်ပြခဲ့ပါသည်။ ဖော်ပြရာ၌ အသုံးပြုနိုင်ရန် စာရေးဆရာ၊ ဓာတ်ပုံဆရာ ကိုကိုကြီး (စစ်ကိုင်း) က လိုအပ်သော ဓာတ်ပုံများကို ရိုက်ကူးပေးပါသည်။ ထိုအချိန်၌ အရှင် ဝဇီရာနန္ဒသည် အသက်ထင်ရှားရှိနေ၍ ကျွန်တော်၏ ရေးသားချက် တို့ကို ဖတ်ရှုခဲ့ပါသည်။ ကျေနပ်စွာလက်ခံခဲ့ပါသည်။ ထိုသို့ရေးသား ဖော်ပြနေစဉ် အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များက ထို

အခန်းဆက် ဆောင်းပါးများ ပြီးဆုံးပါက လုံးချင်းစာအုပ် ထုတ်ဝေရန်လည်း တိုက်တွန်းပါသည်။ စာရေးဆရာ ကျော်သန်းမြင့် (ဗန်းမော်) ကမူ တိုက်တွန်းရုံမက သူစုဆောင်းထားသော မင်းသားကြီးဖေယျနှင့် ဆိုင်သည့် ရုပ်ရှင်ကြော်ငြာစာရွက်များကိုပါ စေတနာဖြင့် ပေးအပ်ပါသည်။ စာအုပ်တွင် ထိုပုံများကို ပူးတွဲဖော်ပြနိုင်ရန် ဖြစ်ပါသည်။

ယခုစာအုပ်ကို လုံးချင်းစာအုပ်ထုတ်ဝေရန် စီစဉ်ဆဲတွင် အရှင်ဝဇီရာနန္ဒ ပျံလွန်တော်မူသွားပါသည်။ ထို့ကြောင့် ယျံလွန်တော်မူသည့် နိဂုံးအခန်းကို ဖြည့်စွက် ရေးသားခဲ့ပါသည်။ ယခု ဤစာအုပ်ကို ထုတ်ဝေရာ၌ အရှင်ဝဇီရာနန္ဒ (ရိုးရိုးကြီးဖေယျ) ၏ ဂုဏ်ကျေးဇူးကို အထူး အောက်မေ့သတိရမိပါသည်။ ဤစာအုပ် ရေးရသော ကောင်းမှုကုသိုလ်ကိုလည်း အမျှပေးဝေအပ်ပါသည်။

ထို့ပြင် ဤစာအုပ်ဖြစ်ပေါ်ရန်အတွက် အစစအရာရာ ကူညီကြသော ညောင်တုန်းကျောင်းတိုက် ဆရာတော် အရှင်တေဇောဘာသ၊ စာရေးဆရာကြီး ဒေါက်တာဦးသုခ၊ အရှင်ဝဇီရာနန္ဒ၊ သမီးကြီး ဒေါ်မြရီ၊ စာရေးဆရာ ခာတ်ပုံဆရာ ကိုကိုကြီး (စစ်ကိုင်း)၊ သားသမက် ဦးမြင့်သိမ်းထွန်း(အကယ်ဒမီကိုကိုလေး)၊ သမီးငယ် ဒေါ်ဆန်းယဉ်လှ၊ ဒေါက်တာ ဗိုလ်ကလေးတင့်အောင်၊ ဆရာမောင်ရွှန်းသစ်၊ ဒေါ်ယဉ်အိ (မင်္ဂလာရောင်ခြည်ဖြန့်ချိရေး)၊ ဆရာသမိန်သောင်း (ကွယ်လွန်)၊ စာရေးဆရာ ကျော်သန်းမြင့် (ဗန်းမော်)၊ အယ်ဒီတာ ဦးအောင်ဝင်း၊ အယ်ဒီတာ ဦးဉာဏ်လင်းအောင်၊ အစ်မ ဒေါ်မြတင်၊ အယ်ဒီတာ ဦးကျော်ဝင်းအောင်၊ ကျွန်တော်၏ ဇနီး ဒေါ်ခင်ဝင်းရီ အမှူးပြုသော ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

၂၈၊ ၈၊ ၂၀၀၂။ **မင်းယုဝေ**

## ဇေယျာပူရ ခေါ် စစ်ကိုင်း

စစ်ကိုင်းမြို့သည် သမိုင်းဝင်မြို့ဖြစ်သည်။ 'သာယာဝိုင်း စစ်ကိုင်း တည်' ဟူသော သင်္ကေတအတိုင်း မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ်တွင် တည်ခဲ့သည်။ တည်သူကား အသင်္ခရာစောယွန်း ဖြစ်သည်။ ဇေယျာပူရ (အောင်မြို့) အမည်ဖြင့် စတင်တည်ထောင်ခဲ့သည်။ မင်းအဆက်ဆက် စိုးစံခဲ့သည်။ နောင်သောအခါ ဇေယျာပူရမှ စစ်ကိုင်းအမည်သို့ ပြောင်းလဲလာခဲ့သည်။ ခေတ်အဆက်ဆက်လည်း ထွန်းကားသောမြို့ဖြစ်သည်။

ဧရာဝတီမြစ်သည် စစ်ကိုင်းကို ဖြတ်သန်းစီးဆင်းသည်။ ရှေးအခါက စစ်ကိုင်းမြို့အောက်ပိုင်းသည် ရေလွှမ်းမိုးခြင်းခံခဲ့ရသည်။ ၁၈၈၉ ခုနှစ်တွင်မှ ရေကာတာကြီးဆောက်လုပ်လိုက်သဖြင့် ရေလွှမ်းမိုးခြင်း ဘေးရန်မှ ကင်းဝေးခဲ့သည်။ စစ်ကိုင်းတွင် နုန်းတင်မြေနုလွင်ပြင်များမှစ၍ ကျောက်တောင်များအထိ ရှိသည်။ မြေမျက်နှာပြင်အသွင်အမျိုးမျိုးဖြစ်သည်။ စစ်ကိုင်းတောင်တန်းမှာ ပေ ၇၀၀ ကျော်မှ ၁၃၇၃ ပေအထိ မြင့်သည်။

စစ်ကိုင်းတောင်ရိုးမှာ အလွန်သာယာသည်။ ရှေးဘုရင်များနှင့် ခေတ်အဆက်ဆက် ပြည်သူပြည်သားများသည် စစ်ကိုင်းတောင်ရိုးတွင် ရဟန်းများ၊ သူတော်စင်များ တရားကျင့်သုံးရာ ဂူ၊ ကျောင်း၊ ချောင်များ

တည်ထားကြသည်။ သီလရှင်များအတွက်လည်း နေထိုင်ရန်ချောင်များ တည်ထားကြသည်။ တောင်ထွတ် တောင်ထိပ်တိုင်းတွင်ကား စေတီပုထိုးများ တည်ထားကြသည်။ အလွန်သာယာကြည်နူးဖွယ်ကောင်းလှပေသည်။ ထိုစေတီ ထိုချောင်များတစ်ဝိုက်တွင် သစ်ပင်မျိုးစုံလည်းရှိသည်။ ပန်းမျိုးစုံလည်း ရှိသည်။ ဆေးပင်မျိုးစုံလည်းရှိသည်။ ကျေးငှက်မျိုးစုံလည်း ရှိသည်။ အလွန်ငြိမ်းအေးသာယာလှပေသည်။

## ညောင်တုန်းချောင်

စစ်ကိုင်းတောင်ရိုးတွင် အေးငြိမ်းသာယာသော ချောင်များစွာရှိသည့်အနက် ညောင်တုန်းချောင်မှာတစ်မျိုးတစ်ဘာသာ အေးငြိမ်းသာယာသည်။ ယင်းချောင်သည်ကျောက်တောင်ဘေးတွင်တည်ရှိသည်။ ဧရာဝတီမြစ်ဘေးတွင်လည်းတည်ရှိသည်။ ညောင်တုန်းချောင်ကို မော်တော်ကားဖြင့်သွား၍လည်းရသည်။ ခြေကျင်သွား၍လည်းရသည်။ ငှက်သမ္ဘန်ဖြင့် သွား၍လည်းရသည်။

ငှက်သမ္ဘန်ဖြင့်သွားပါက ရှေးဦးစွာစစ်ကိုင်းမြို့ပေါ်မှ မြင်းလှည်းစီး၍ သရက်ပင်ဆိပ်သို့ သွားရသည်။ ထိုမှ ငှက်သမ္ဘန်စီး၍ ရှင်ဖြူ ရှင်လှဆိပ်သို့ သွားရသည်။ ရှင်ဖြူ ရှင်လှ ဆိပ်သို့မရောက်မီ နာရီဝက်ခန့် စီးမိလျှင် အသောကာရုံဆိပ်သို့ ရောက်သည်။ ထိုဆိပ်တွင်ဆင်း၍ ၁၀ မိနစ်ခန့် ခြေကျင်သွားလျှင် ညောင်တုန်းချောင်သို့ ဆိုက်ရောက်လေတော့သည်။

ညောင်တုန်းချောင်မှာ ရှေးယခင်က သီလရှင်ဆရာကြီး ဦးစီးတည်ထောင် သီတင်းသုံးသော သီလရှင်ချောင်ဖြစ်သည်။ နောက်ပိုင်းတွင် သီလရှင်ဆရာကြီး ကွယ်လွန်အနိစ္စရောက်သွားသဖြင့် သီလရှင်ချောင်မဟုတ်တော့ပေ။ သီလရှင်ဆရာကြီးသည် မကွယ်လွန်မီ မြေးဖြစ်သူ အရှင်တေဇောဘာသအား လွှဲအပ်လှူဒါန်း၍ သီလရှင်ချောင်အဖြစ်မှ သံဃာတော်များသီတင်းသုံးရာ ချောင်အဖြစ်သို့ ပြောင်းလဲခဲ့ပေသည်။

ယခုအခါ ဆရာအရှင်တေဇောဘာသ ကျောင်းထိုင်သော ညောင်တုန်းကျောင်းတိုက်မှာ သိမ်၊ ကျောင်း၊ ဇရပ်များနှင့် ဝေဝေဆာဆာရှိနေပြီ။ အထူးသဖြင့် ဤချောင်တွင် ကမ္ဘဋ္ဌာန်းတရားအားထုတ်ရာ ကျောက်ဂူကြီးနှင့် စင်္ကြံလျှောက်ရာ စင်္ကြံကျောင်းကြီးမှာ တစ်မူထူးခြားစွာတည်ရှိနေသည်။

## ထူးခြားသော ရဟန်းကြီး

ထိုညောင်တုန်းကျောင်းတိုက်တွင် ဝါဆိုသံဃာ ၁၀ ပါးရှိသည်။ ယင်းတို့အနက် ထူးခြားသောရဟန်းကြီးတစ်ပါးကို ဖူးတွေ့နိုင်သည်။ ထိုရဟန်းကြီးသည် ကြည်ညိုဖွယ်အဆင်း ရှိသည်။ ရုပ်ရည်တင့်တယ်သည်။ အရပ်မြင့်မားသည်။ အလွန်တည်ငြိမ်၍ အေးချမ်းသောအသွင်ကို ဆောင်နေသည်။

ထိုရဟန်းကြီးသည် နေ့စဉ်ပင် ကျောက်ဂူကြီးထဲတွင် တရားထိုင်ပြီးနောက် စင်္ကြံကျောင်းပေါ်သို့ တက်၍ တရားအမှတ်ဖြင့် စင်္ကြံလျှောက်လေ့ရှိသည်။ အရှင်သည် စင်္ကြံလျှောက်၍နားရာမှ ဧရာဝတီမြစ်ကို လှမ်းမျှော်၍ ကြည့်တတ်သည်။ ဧရာဝတီမြစ်ထဲတွင် လှေသင်္ဘောများ စုန်ဆန်သွားလျက်ရှိသည်ကို မကြာခဏ တွေ့ရသည်။ ထိုအခါ လူ့ဘဝကို ဆင်ခြင်သုံးသပ်မိသည်။ 'လူသားများသည် ဝမ်းရေးအတွက် အမျိုးမျိုးရုန်းကန်လှုပ်ရှား လုပ်ကိုင်နေရပေသည်တကား။ ယင်းသို့ ရုန်းကန်လှုပ်ရှားလုပ်ကိုင်ကြရာတွင် လှေ သင်္ဘောများ စုန်ချည် ဆန်ချည် ပြုနေရသကဲ့သို့ပင် ဘဝမှာလည်း နိမ့်ချည် မြင့်ချည် ရှိနေသည်တကား။ ဤမျက်မှောက်ဘဝသာမက သံသရာခရီးတွင်လည်း လူသားများသည် ဘဝအမျိုးမျိုး၌ နိမ့်ချည်မြင့်ချည် ဖြစ်နေရပေသည် တကား' စသည်ဖြင့် တွေးတောဆင်ခြင်မိသည်။ တရားသံဝေဂ ယူမိသည်။

ထိုရဟန်းကြီးကား အခြားသူမဟုတ်။ တစ်ခေတ်က တစ်နိုင်ငံလုံးတွင် ထင်ရှားကျော်ကြားခဲ့သော၊ ပြည်သူချစ်သော အနုပညာရှင်မင်းသားကြီး ဖေယျ တစ်ဖြစ်လဲ အရှင်ဝဇီရာနန္ဒပင်တည်း။

## မောင်လှမောင်

မင်းသားကြီးဇေယျ၏ အမည်ရင်းမှာ မောင်လှမောင်ဖြစ်သည်။ အဖမှာ ဦးဖောင်၊ အမိမှာ ဒေါ်ဆင် ဖြစ်သည်။ စစ်ကိုင်းမြို့အနီးညောင်ကုန်းရွာတွင် နေထိုင်ကြသည်။ ထိုရွာမှာပင် မောင်လှမောင်ကို မွေးဖွားသည်။ ဗြိတိသျှခေတ် ၁၂၇၈ ခု၊ ဝါဆိုလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ ၁၂၊ ၆၊ ၁၉၁၆ ခုနှစ်တွင် မွေးဖွားသည်။ မွေးချင်း ၁၁ ယောက်ရှိသည်။ မောင်လှမောင်မှာ ဆဋ္ဌမမြောက်သားဖြစ်သည်။ မိဘနှစ်ပါးသည် ခြံထွက်သီးနှံများကိုလည်း ရောင်းချသည်။ ရွှေလျောင်စက္ကူလုပ်ငန်းကိုလည်း လုပ်သည်။

## ရွှေလျောင်စက္ကူ

ရွှေလျောင်စက္ကူဆိုသည်မှာ ဘုရားတွင်ရွှေချသော ရွှေဆိုင်းရွှေများကို ကပ်သော စက္ကူဖြစ်သည်။ ထိုစက္ကူကို မောင်လှမောင်တို့ခေတ်က ဝါးဖြင့် လုပ်ကြသည်။ အခက်၊ အရွက် မထွက်သေးသော ခြောက်တောင်၊ ခုနစ်တောင် ခန့် ဝါးနုများကို ခုတ်ပြီးလျှင် စိတ်ဖြာ၊ ထုံးရေစိမ်၊ ပေါင်းတင်၊ နှပ်၊ နယ်၊ ရေစိမ်၊ ထောင်း၊ နေလှန်း၊ ဖြန့်၊ ခွာ စသည်ဖြင့် အဆင့်ဆင့် ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည်။ တစ်အိမ်သားလုံး လူကုန်ဝိုင်းဝန်းလုပ်ဆောင်ကြရသည်။ တစ်လလျှင် စက္ကူအချပ်နှစ်ထောင်ခန့် ရသည်။

စက္ကူအချပ် ၁၀၀ လျှင် တစ်ကျပ်မှ တစ်ကျပ်ခွဲနှုန်းဖြင့် မန္တလေး မျက်ပါးရပ်သို့ သွားရောက်ရောင်းချကြရသည်။ မျက်ပါးရပ်ကမှ ထိုရွှေလျောင် စက္ကူပေါ်တွင် ရွှေပြားကပ်ကာ ရွှေဆိုင်းအဖြစ် ရောင်းချခြင်းဖြစ်ပေသည်။

ဦးဖောင် ဒေါ်ဆင် မိသားစုတို့သည် ထိုရွှေလျောင်စက္ကူလုပ်ငန်းကို လုပ်ရင်း တစ်ဖက်ကလည်း မရန်းသီး၊ ပိန္နဲသီး၊ သရက်သီး စသည့် ခြံထွက် ပစ္စည်းများကို နှစ်မိုင်ခန့်ဝေးသော စစ်ကိုင်းဈေးထဲသို့ ခြေကျင်ထမ်းပိုး သယ်ဆောင်၍ သွားရောက်ရောင်းချကြရသည်။ တောင်သူလည်းလုပ်သည်။

ညောင်ကုန်းရွာမှာ အိမ်ခြေ ၁၀၀၀ ခန့်ရှိသည်။ အလယ်တွင် ချောင်းခြားလျက်ရှိသည်။ တစ်ဖက်ကမ်းတွင် အိမ်ခြေ ၅၀၀ ခန့်ရှိသည်။ အများစုမှာ ခြံစိုက်ခြင်း၊ ခြံထွက်သီးနှံများ ရောင်းချခြင်း၊ တောင်ယာလုပ်ခြင်းတို့ကို ပြုလုပ်ကြသည်။

ဦးဖောင်တို့ ဆွေမျိုးတစ်သိုက်သည်သာ ရွှေလှောင်စက္ကူလုပ်ငန်းကို လုပ်ကြခြင်း ဖြစ်သည်။ ယခုခေတ်တိုင် ဆွေမျိုးများသည် ရွှေလှောင်စက္ကူ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြဆဲ ဖြစ်သည်။ သို့ရာတွင် ရှေးခေတ်နှင့် မတူတော့။ ရွှေလှောင်စက္ကူကို ဝါးနှုဖြင့် မလုပ်တော့၊ ကောက်ရိုးဖြင့်သာ လုပ်ကြတော့သည်။ ဝါးဖြင့်လုပ်သကဲ့သို့ အဆင့်မများ၊ မပင်ပန်း၊ ပို၍မြန်ဆန်သည်။ သို့ရာတွင် ဝါးဖြင့်လုပ်သော စက္ကူလောက်မူ မကောင်းပေ။

## ဖခင်ကို လုပ်ကျွေးသူကလေး

မောင်လှမောင်ကလေးသည် ထိုရွာရှိဘုန်းတော်ကြီးကျောင်း၌ စတင်ပညာသင်ယူသည်။ ထို့နောက် မူလတန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူသည်။ မောင်လှမောင်ကလေးမှာ မိခင်နှင့် ကြာရှည်မနေလိုက်ရရှာ။ ခုနစ်နှစ်သား၊ ရှစ်နှစ်သားလောက်တွင် မိခင် ဆုံးပါးသွားရှာပါသည်။ ထိုအခါ မိသားစုမှာလည်း တစ်ကွဲတစ်ပြား ဖြစ်သွားကြသည်။ အချို့က အိမ်ထောင်ပြုသွားကြသည်။ အချို့က နီးစပ်ရာဆွေမျိုးများထံတွင် သွားရောက် နေထိုင်ကြရရှာသည်။ မောင်လှမောင်ကလေးတစ်ယောက်တည်းသာ ဖခင်နှင့်အတူ ကျန်ရစ်သည်။ ဖခင်ကလည်း နောက်ထပ် အိမ်ထောင်မပြု။ သားကလေးကိုပင် အဖော်ပြုနေထိုင်သည်။ မောင်လှမောင်ခမျာ ဝမ်းရေးအတွက် အတန်းဆုံးအောင်မနေနိုင်ရှာ၊ သုံးလေးတန်း အရောက်မှာပင် ကျောင်းထွက်လိုက်ရသည်။ ခြံထွက်သီးနှံများကိုထမ်းလျက် နှစ်မိုင်ကျော်ဝေးသော စစ်ကိုင်းဈေးသို့သွားရောင်းရသည်။ ထိုစဉ်က မရန်းသီး ဆယ်ပိသာလျှင် ငါးမူးမှ သုံးမတ်အထိသာ ရသည်။ သို့ရာတွင် ထမင်းတစ်နပ်လျှင်

တစ်ပဲမှ ဆယ်ပြားအထိသာ ကုန်ကျသည်။ ရွှေဈေးမှာ ရွှေဒင်္ဂါးတစ်ပြားလျှင် ဆယ့်နှစ်ကျပ်၊ ဆယ့်သုံးကျပ်သာ တန်ဖိုးရှိသည်။ မောင်လှမောင်ကလေးသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ဖခင်ကို လုပ်ကျွေးခဲ့သည်။

မောင်လှမောင်တို့ မွေးစက အင်းဝတံတားကြီးခေါ် စစ်ကိုင်းတံတားကြီး မရှိသေးပေ။ စစ်ကိုင်းတံတားကြီးကို ၁၉၂၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ၁၉၃၄ ခုနှစ် ဇန်နဝါရီလ နှစ်ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုတံတားကြီး စတင်တည်ဆောက်ချိန် ၁၉၂၇ ခုနှစ်တွင် မောင်လှမောင် ကလေးသည် အသက် ၁၁ နှစ်အရွယ်သာရှိသေးသည်။ ထိုအရွယ်မှာပင် သူသည် တံတားဆောက်ရာတွင် ပါဝင်လုပ်ကိုင်ခဲ့သည်။ တံတားကြီးကိုဆောက်ရာ၌ မြစ်လယ်တွင်အုတ်တိုင်ကြီးများ မစိုက်သေးမီ မြစ်၏ အရှေ့ဘက်ကမ်းထိပ်တွင် မီးရထားလမ်းခင်းရန် ဖို့ထားသောမြေများ ပြိုမကျအောင် အုတ်နံရံကြီး ကာသည်။ ထိုအုတ်နံရံကာရန်အတွက် အုတ်စီရာ၌ အုတ်များကို ရေစိမ်ပြီးမှ စီသည်။ ထို့ကြောင့် ရှေးဦးစွာ အုတ်များကို အကျယ် ဆယ်ပေ၊ အမြင့် ငါးပေခန့်ရှိ သံရေကန်ကြီးထဲသို့ထည့်၍ ရေစိမ်သည်။ ထိုရေစိမ်ပြီး အုတ်များကို ဆယ်ယူပြီးမှစီကြသည်။ မောင်လှမောင် ကလေးသည် အသက်ငယ်ရွယ်သဖြင့် သံရေကန်ထဲရှိ ရေစိမ်ထားသော အုတ်များကို အပေါ်သို့ ဆယ်ယူတင်ပေးရသောအလုပ်ကို လုပ်ရသည်။

'ဒီအလုပ်ဟာ အမြင်အားဖြင့်တော့ မပင်ပန်းလှဘူးပေါ့၊ ဒါပေမယ့် ရေထဲကအုတ်ကို လက်တစ်ဖက်တစ်ချပ်စီ ယူ ယူတင်ရတော့ လက်က ရေနဲ့ထိတွေ့ပြီး နူးနေတယ်၊ အုတ်ချပ်မှာလည်း သဲပွင့်ကလေးတွေ ပါတယ် မဟုတ်လား၊ ကိုင်ပါများတော့ လက်ထိပ်ကလေးတွေစားပြီး သွေးတွေ စို့စို့ထွက်လို့ ထမင်းတောင်လက်နဲ့မစားနိုင်အောင် ဖြစ်ရပါတယ်၊ လုပ်ခက တစ်နေ့ ခြောက်မူးရတယ်၊ ဒီလုပ်ခနဲ့ဖခင်ကြီးကို ကျွေးမွေးခွင့် ရခဲ့ပါတယ်' ဟူ၍ မောင်လှမောင်က သူ့မိတ်ဆွေများကို ပြောပြခဲ့သည်။

## ကိုရင်ဝတ်ခြင်း

ထိုသို့လုပ်ကိုင်နေရာမှ လေးငါးလအကြာတွင် မန္တလေး၌ နေထိုင်သော ကြီးတော်ဝမ်းကွဲ ဒေါ်အေးမြက မောင်လှမောင်ကို ရှင်ပြုပေးသည်။ စစ်ကိုင်းတောင်ရိုးရှိ ရှင်ပင်နံကိုင်းချောင် ဆရာတော်ထံတွင် ကိုရင်ဘဝဖြင့် စာပေသင်ကြားသည်။ ဆရာတော်ကြီးမှာ အိန္ဒိယပြန်ဖြစ်၍ အင်္ဂလိပ်စာအထူး တတ်ကျွမ်းသည်။ မောင်လှမောင်နှင့် ကိုရင်ဝတ်ဖက် ကိုမောင်လေး (မန္တလေး ရုပ်ရှင် ကင်မရာမင်းဖြစ်လာသူ၊ ယခုကွယ်လွန်) စသူတို့ကို အင်္ဂလိပ်စာ သင်ပေးသည်။ မောင်လှမောင်ကလည်း အင်္ဂလိပ်စာသင်ချင်သည်။ သို့သော် ဆရာတော်က 'မင်း အသက်ငယ်သေးတယ်၊ ပါဠိသဒ္ဒါကို အရင်သင်ပေးမယ်၊ ပြီးမှ အင်္ဂလိပ်စာသင်ပေးမယ်'ဟု ပြောကာ သဒ္ဒါကို စတင်သင်ကြားပေးသည်။

ကိုရင်ကလေး မောင်လှမောင်သည် ကိုရင်ဘဝဖြင့် နေသည်မှာ တစ်နှစ်ခန့်ရှိသွားပြီ။ ဆက်လက်၍ ကိုရင်ဝတ်ကာ ရဟန်းပြုရန် ရည်ရွယ်မိသည်။

ထိုစဉ် ကြီးတော် ဒေါ်အေးမြ ရောက်လာသည်။

'ကိုရင်၊ တစ်သက်လုံး သင်္ကန်းဝတ်နိုင်ရင် ကောင်းတယ်၊ တစ်သက်လုံး မဝတ်နိုင်ဘဲ လူထွက်လာရင် တောင်မရောက်မြောက်မရောက်နဲ့ လောကီဘဝမှာ အခက်အခဲတွေ့လိမ့်မယ်၊ ကိုရင်ဘဝမှ လူထွက်ရင်လဲ စောစောစီးစီး လူထွက်တာကောင်းတယ်'ဟု ပြောဆိုလာသည်။

ကိုရင်မောင်လှမောင်သည် ကြီးတော်၏ စကားကို နက်နက်နဲနဲ ဆင်ခြင်မိသည်။ တစ်သက်လုံး သင်္ကန်းဝတ်ဖြင့်နေရန် မဖြစ်နိုင်ဟု သုံးသပ်မိသည်။ သို့ဖြင့် ကိုရင်ဘဝမှ ထွက်လိုက်သည်။ အင်္ဂလိပ်စာလည်း မသင်ဖြစ်တော့။ ကြီးတော်ခေါ်ရာ မန္တလေးအိမ်သို့လိုက်ပါ၍ အတူနေထိုင်သည်။ ကြီးတော် မိသားစုသည် မန္တလေး၊ ဗန်းမော်သွား သင်္ဘောကြီးပေါ်တွင် ဈေးရောင်းသူများ ဖြစ်ကြသည်။ ဆယ့်သုံးနှစ်အရွယ်ရှိနေပြီဖြစ်သော

မောင်လှမောင်သည် ကြီးတော်မိသားစု၏ လုပ်ငန်းကို အစွမ်းကုန် ကူညီလုပ်ကိုင်ပေးသည်။ သူသည် ပွဲရုံများသို့သွား၍ ကုန်ဈေးနှုန်းကို လိုက်လံစုံစမ်းရသည်။ မည်သည့်ကုန်မျိုးသည် မည်သည့်ဈေးနှုန်းရှိသည်ကို ကြီးတော်တို့အား ပြောပြရသည်။ ကြီးတော်တို့က သင့်ရာကုန်ကို သင့်ရာဈေးနှုန်းဖြင့် သင်္ဘောသို့တင်ကြသည်။ ရောင်းချကြသည်။ သူတို့သည် သင်္ဘောဖြင့် ရက်ရှည်လိုက်ပါသွားကြသည်။ သင်္ဘောတစ်ပတ်ပြန်လာလျှင် မန္တလေးအိမ်၌ နှစ်ညလောက်ပင် အိပ်နေခွင့်ရခဲ့ကြသည်။ ထို့ကြောင့် မောင်လှမောင်က အစစအရာရာ ကူညီလုပ်ကိုင် ပေးရသည်။ ကုန်ဈေးနှုန်းများ သွားရောက်စုံစမ်းပေးရုံမျှမက ထမင်းချက်၊ ဟင်းချက်၊ ပန်းကန်၊ အိုးတိုက်၊ ထမင်းပွဲပြင်၊ ထမင်းပွဲသိမ်း၊ အိပ်ရာခင်း၊ အိပ်ရာသိမ်း စသည်ဖြင့် အောက်ခြေသိမ်းအလုပ်များကိုလည်း လုပ်ကိုင်ပေးသည်။

ကြီးတော် မိသားစုသာမက သူနှင့် ဆက်ဆံသူများကပါ သူ့ကို ချစ်ကြသည်။ ခင်ကြသည်။

‘မောင်လှမောင်တစ်ယောက် အလွန်သဘောကောင်းတယ်၊ စိတ်ကောင်း ရှိတယ်၊ ရိုးသားတယ်၊ မပျင်းရိဘူး၊ ဘာအလုပ်မဆို မညည်းမညူ လုပ်တာပဲ’ဟူ၍ ရှေ့တွင်ရော ကွယ်ရာတွင်ပါ ပြောကြသည်။

ကြီးတော်၏ သမီးတစ်ယောက်သည် ဆေးလိပ်ခုံထောင်ပြီး ဇန်းမော်ကို တင်ရောင်းသည်။ နေ့စဉ်ပင် ဆေးလိပ်သမ ဆယ်ယောက်က ဆေးလိပ်များ လိပ်ပေးသည်။ ထိုဆေးလိပ်အားလုံးကို ညဘက်တွင် အကုန်ပြီးအောင် မောင်လှမောင်က တံဆိပ်ကပ်ပေးသည်။ အံ့ဖွယ်အလုပ်လုပ်နိုင်သူဖြစ်သည်။

## ငွေနိုးသည်မှာ

မောင်လှမောင်သည် မန္တလေး၌နေ၍ သုံးလေးနှစ်ခန့်ကြာသောအခါ စက်ဘီးစီးတတ်သွားသည်။ မကြာခဏပင် ကြီးတော်တို့မိသားစု စေခိုင်းချက်အရ ငွေဒင်္ဂါးပြားတစ်ထောင်ခန့်ကို စက်ဘီးဖြင့်တင်၍ ပွဲရုံများ၊ ကုန်တိုက်

များသို့ သွားရောက်ငွေပေးချေခဲ့ရသည်။ ထိုခေတ်က ကျပ်တန်မပေါ်သေး။ ငွေဒင်္ဂါးပြားသာ သုံးသေးသည်။ ငွေဒင်္ဂါးအပြား ၁၀၀၀ ဆိုလျှင် ၁၀ ပိဿာခန့် အလေးချိန်ရှိသည်။



ပျိုရွယ်စဉ်က ကိုလှမောင် (မင်းသားကြီးဖေယျ)

‘ငွေများဟာ လူကို မြောက်ပြီးကြွအောင်လုပ်နိုင်တဲ့ သတ္တိရှိတယ်၊ အဲဒီတုန်းက ငွေတွေဟာ ကိုယ်ပိုင်တဲ့ငွေလဲမဟုတ်ဘူး၊ နာရီပိုင်းလောက်ပဲ ကိုင်ရတာ၊ ကျုပ် ဘယ်လိုလုပ်တယ်မှတ်သလဲ၊ ငွေအိတ်ကို စက်ဘီးရှေ့မှာ ချိတ်၊ ချိုင့်ကျင်းများတဲ့နေရာကို ရွေးပြီးစီးတယ်၊ ချိုင့်ထဲကျတော့ စက်ဘီး ခုန်ပြီး ငွေတွေမြည်တယ် မဟုတ်လား၊ ငွေသံကြားတော့ ဟိုကကြည့်၊ သည်က ကြည့်ပေါ့လေ၊ အဲဒီလို အကြည့်ခံရတာကလေးကိုပဲ ဟိုတုန်းက ကျုပ် ပီတိဖြစ်ပြီး မြောက်နေလိုက်တာ၊ အခု ပြန်တွေးကြည့်တော့ ရယ်စရာဖြစ်နေ တယ်’ဟူ၍ ကြီးပြင်းလာသောအခါ ကိုလှမောင်က သူ့ မိတ်ဆွေများကို ဖွင့်ဟ ပြောဆိုခဲ့ပေသည်။


## မြတ်သောစိတ်ထား

မောင်လှမောင်အဖို့ ကြီးတော်အိမ်တွင်နေရာ၌ မေ့မရနိုင်သော ဖြစ်ရပ်တစ်ခုရှိခဲ့သည်။ အခြားမဟုတ်၊ ကြီးတော်၏မောင်မှာ မျက်နှာတွင် အနာများ ပေါက်သည်။ အနာများ များပြားလှသဖြင့် နှာခေါင်းတစ်ခြမ်းပင် စားသွားသည်။ မြင်ရသူများအဖို့ ကြောက်စရာ ရွံစရာကြီးပင်။ နောက်ဆုံးတွင် ချောင်းဦးမြို့တောင်ဘက် မုန်ချိုဘုန်းတော်ကြီးကျောင်းဆရာတော်သည် အနာပေါက် အကုကောင်းကြောင်း ကြားသိရသဖြင့် သွားရောက်ကုသသည်။ မောင်လှမောင်က အဖော်အဖြစ် လိုက်ပါသွားသည်။ ဆေးကုရာ၌ တတ်စွမ်း သမျှ ပြုစုစောင့်ရှောက်ပေးသည်။ အနာကို ဖန်ရည်ဆေးပေးသည်။ အနာထဲမှ ပိုးလောက်ကောင်ကလေးများကို တွေ့သောအခါ ညှပ်ကလေးဖြင့် ယူပစ်ပေး သည်။မောင်လှမောင်က ဤသို့ပြုရသည်ကိုကုသိုလ်ရသည်ဟုပင်ခံယူခဲ့သည်။

## အိမ်ထောင်ကျပြီ

ဤသို့ ကြီးတော်မိသားစုနှင့်နေလာရာမှ မောင်လှမောင်သည် မန္တလေးဈေးချိုသူ မိန်းမချောကလေးတစ်ဦးကို စိတ်ဝင်စားမိသည်။ မိန်းမပျို

ကလေး၏ အမည်မှာ မသန်းတင်ဖြစ်သည်။ သူမ၏ မိဘများမှာ ကျောက်ဖြတ်၊ ကျောက်သွေး၊ ကျောက်ရောင်းလုပ်ငန်းများကို လုပ်ကိုင်ကြသော ကျောက်ကုန်သည်များဖြစ်သည်။ သူမ၏ မိခင်ကြီးနှင့် မောင်လုမောင်၏



ပျိုရွယ်စဉ်က မသန်းတင်

ကြီးတော်တို့မှာ ဆွေမျိုးနီးစပ်တော်ကြသည်။ သမီးကလေးမှာ တစ်ယောက်တည်းရှိ၍ အလွန်ချစ်ကြသည်။ ရွှေပေါ်မြတင် အရိပ်တကြည့်ကြည့်ထားကြသည်။ မန္တလေးဈေးချိုထဲတွင် ဈေးအရောင်းသင်နေသည်။

သူ့ကိုတွေ့ပြီး မောင်လှမောင် ချစ်ခင်မိသည်။ အကြောင်းမရှိအကြောင်းရှာပြီး သူ့ဆိုင်သို့ မကြာခဏသွားတတ်သည်။ ညဘက်အားလပ်ချိန်များတွင်လည်း သွားရောက်လည်ပတ်သည်။ မကြာမီ သူတို့နှစ်ဦးမေတ္တာမျှသွားကြသည်။ လူကြီးများသိသောအခါ ကန့်ကွက်ခြင်းမရှိ ထိမ်းမြားပေးလိုက်ကြသည်။ ထိုအချိန်က မောင်လှမောင်က ဆယ့်ရှစ်နှစ်၊ မသန်းတင်က ဆယ့်ခုနစ်နှစ်အရွယ်သာ ရှိသေးသည်။

## ကြီးတော်အိမ်တွင်

မောင်လှမောင်နှင့် မသန်းတင်တို့ လက်ထပ်ပြီးသောအခါ မသန်းတင်၏ ဖခင်ကြီး ဦးဆန်းက 'ကဲ မောင်လှမောင်၊ သမီးကို ခေါ်သွားပေတော့' ဟု ပြောဆို၍ ထည့်လိုက်သည်။ ထိုအချိန်တွင် မောင်လှမောင်မှာ ကိုယ်ပိုင်အိမ်လည်းမရှိ၊ အလုပ်ဟူ၍လည်း ကြီးတော်များအလုပ်ကို လုပ်ပေးနေရသော်လည်း အခကြေးငွေဟူ၍ သတ်သတ်မှတ်မှတ်မရ။ ကြီးတော်များ ခိုင်းတာလုပ်၊ ကျွေးတာစား၊ ဝယ်ပေးတာဝတ်၊ ထားရာတွင်နေ ဘဝမှာပင် ရှိနေသေးသည်။

အခက်တွေ့သွားပြီ။ မသန်းတင်ကလည်း မိဘများထံမှ ခွဲ၍မသွားချင်။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်ရှာ။ ကြီးတော်အိမ်မှာပင် ကြင်စဦးမောင်နှံနှစ်ဦး မျက်နှာငယ်ငယ်ဖြင့် ခိုကပ်နေရရှာသည်။

'ကြီးတော်အိမ်မှာ စိတ်မချမ်းမသာနဲ့ နေလာလို့ သမီးဦးကလေးဖွားပြီး တစ်လ နှစ်လလောက်ရှိတော့ ဒီအိမ်မှာ မနေနိုင်လောက်အောင် အဖြစ်ဆိုးတစ်ခုနဲ့ ကြုံရပါတယ်၊ ဒီအကြောင်းကို မသန်းတင်မိဘတွေသိတော့

မကြည့်ရက်လို့ ကျုပ်နဲ့ မသန်းတင်ကို လာခေါ်တယ်၊ သူတို့အိမ်မှာပဲ ပြောင်းရွှေ့နေထိုင်ကြရပါတယ်၊ ကြီးတော်အိမ်က အကူအညီအထောက်အပံ့ မရခဲ့ပါဘူး၊ ဒီအကြောင်းတွေ အကျယ်ချဲ့ပြီး မပြောချင်ပါဘူး၊ သူတို့အဆိုးတော့ မဟုတ်ပါဘူး၊ ကိုယ်ပြုတဲ့အမှု ကိုယ်ပဲခံရတာပေါ့’ဟူ၍ စိတ်ကောင်းရှိသော ကိုလှမောင်က နောင်အခါ သူ့မိတ်ဆွေများကို ပြန်ပြောပြခဲ့ သည်။

## ကျေးဇူးရှင် ယောက္ခမနှစ်ပါး

မသန်းတင်၏ မိဘနှစ်ပါးအိမ်တွင် လိုက်နေချိန်၌ ကိုလှမောင် လက်ထဲတွင် ကိုယ်ပိုင်ငွေဆို၍ ငါးကျပ်၊ တစ်ဆယ်ကျပ်မျှပင် မရှိပေ။

သို့ရာတွင် မသန်းတင်၏ မိဘနှစ်ပါးက အလွန်ကောင်းရှာသည်။ မူလက တည်ငြိမ်အေးချမ်းစွာနေလာခဲ့သော ဖခင်ကြီးဦးဆန်းသည် အေးငြိမ်းစွာ မနေနိုင်ရှာတော့ပေ။ ဖဲထီးစုတ်ကလေးကို ချိုင်းကြားညှပ်ပြီးလျှင် ကျောက်ကုန်သည်များစုဝေးရာဖြစ်သော လက်ဖက်ရည်ဆိုင်များသို့ သွားရရှာသည်။ ရွှေပန်းထိမ်ဖိုများသို့ သွားရရှာသည်။ သမီးနှင့်သမက် အလျဉ်မိ စားသောက်နိုင်ရေးအတွက် ငွေရှာရရှာသည်။

ဖခင်ကြီးထက် မိခင်ကြီးဒေါ်ငြိမ်းက ပို၍ပင်ပန်းရှာသည်။ မီးဖွားပြီးစ သမီးကိုလည်း ပြုစုရသည်။ မြေးကိုလည်းထိန်းရသည်။ ဝင်ငွေရအောင်လည်း တစ်ဖက်တစ်လမ်းက ရှာဖွေရသည်။

‘သူတို့ကျေးဇူး အလွန်ကြီးမားလှပါပေတယ်၊ လောကဘဝသံသရာ တစ်လျှောက်မှာ မမေ့ကောင်းတဲ့ ကျေးဇူးရှင်တွေ၊ တစ်သက်ကျေးဇူးဆပ်လို့ မကုန်နိုင်တဲ့ ကျေးဇူးရှင်တွေ ရှိကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေထဲမှာ ကျုပ်ရဲ့ ယောက္ခမနှစ်ပါးလဲ ပါပါတယ်’ဟူ၍ ကိုလှမောင်က ရင်းနှီးသူအချို့ကို ပြောပြခဲ့သည်။

ကိုလှမောင်တို့ ဇနီးမောင်နှံသည် ယောက္ခမနှစ်ပါး၏လုပ်စာကို စားရင်း နေလာရာမှ ပထမသမီးကလေး တစ်နှစ်မပြည့်မီပင် ဒုတိယကလေး ကိုယ်ဝန်ရှိလာပြန်သည်။ ထို့ကြောင့် ပုံမှန်ဝင်ငွေရသောအလုပ်ကို ကိုလှမောင် မဖြစ်မနေ လုပ်ရတော့မည်။ သို့ဖြင့် ကျောက်စိမ်းအဖြတ်၊ အသွေး ပညာကို သင်ယူသည်။ ခြောက်လခန့် မိမိစရိတ်ဖြင့် မိမိသင်ယူရသည်။ ခြောက်လကျော်သောအခါတွင် ဆရာက တစ်လလျှင် နှစ်ဆယ်ကျပ် ပေးလေသည်။

ကိုလှမောင်သည် လစဉ် ပုံမှန်ဝင်ငွေရသဖြင့် ဝမ်းသာမဆုံးဖြစ်မိသည်။

## ကာယဗလ စတင်လေ့ကျင့်ခြင်း

'အဲဒီအချိန်မှာ မန္တလေးကို ကာယဗလဆရာကြီးဦးရှိန်နဲ့ ကာယဗလ ဦးဇော်ဝိတ်တို့ ရောက်လာကြတယ်၊ လူငယ်လူရွယ်တွေ ကာယဗလလိုက်စား ချင်လာအောင် ဆရာကြီးဦးရှိန်က ဟောပြောတယ်၊ ဆရာကြီးဦးဇော်ဝိတ်က အလေးမ ပြတယ်၊ သူတို့ကိုကြည့်ပြီး ကျုပ် အားကျလာတယ်၊ ဒါနဲ့ အလုပ် အားချိန်တွေမှာ ကာယဗလ စတင်လေ့ကျင့်တယ်၊ လေ့ကျင့်တယ်ဆိုပေ မယ့် ငွေကြေးမှ မတတ်နိုင်ဘဲ သံပြားဝိုင်းဝိတ်ပြားတွေနဲ့ ဘယ်လေ့ကျင့်နိုင် မလဲ၊ ရှေးမြန်မာအုတ်ချပ်ကြီးတွေရှာပြီး ဝိုင်းအောင် ဓားမနဲ့ခုတ်၊ အလယ် မှာ အပေါက်ဖောက် သံတန်းအဖြစ် ဝါးတံမြက်စည်းရိုးနဲ့ လျှိုပြီး လေ့ကျင့် ခဲ့ရပါတယ်'ဟူ၍ ကိုလှမောင်က သူ့မိတ်ဆွေများအား သူငယ်စဉ်က ကာယဗလ လေ့ကျင့်ပုံများကို ပြန်ပြောပြခဲ့သည်။

## ဒုတိယကမ္ဘာစစ်မီး

ဥရောပမှ အစပျိုးခဲ့သော ဒုတိယကမ္ဘာစစ်မီးသည် ၁၉၄၂ ခုနှစ်တွင် အရှေ့အာရှသို့ ကူးစက်လာသည်။ ဂျပန်တို့သည် ဂျာမနီဘက်က ရပ်တည်

ကာ အင်္ဂလိပ်တို့ကို တိုက်ခိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ရဲဘော်သုံးကျိပ်ဦးဆောင်သည့် မြန်မာ့လွတ်လပ်ရေး တပ်မတော်သားများ ကလည်း မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ဘက်မှ ပါဝင်သည်။

ထိုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တို့ အားအကိုးဆုံး ဖြစ်သော စင်ကာပူခံတပ်ကြီး ဂျပန်လက်သို့ ကျရောက်သွားတော့သည်။ ထိုအရှိန်ကြောင့် မြန်မာပြည်ရှိ အင်္ဂလိပ်တို့သည် မတ်လ ၈ ရက်နေ့မှစ၍ မြန်မာပြည်မှ တရကြမ်း ဆုတ်ခွာပြေးကြသည်။ ထိုအခါ ရန်ကုန်မှ လူ အများသည် သယ်ဆောင်နိုင်သမျှ ပစ္စည်းများဖြင့် မန္တလေးသို့ စစ်ပြေးအဖြစ် ရောက်လာကြသည်။ ရန်ကုန်ရှိ ကုန်တိုက်ကြီးများနှင့် အစိုးရရုံးများပါ မန္တလေးတွင် လာရောက်ပေါင်းဆုံနေကြသည်။ ထိုအချိန်မတိုင်မီက မန္တလေး နန်းတွင်းရှိ စခန်းအချို့ကို ဂျပန်က ဗုံးတစ်ကြိမ်ချခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် လူနေရပ်ကွက်များအပေါ်သို့ကား ဗုံးမချခဲ့ပေ။ ထိုအခါ မန္တလေးမြို့သူ မြို့သားများက လူနေရပ်ကွက်များကိုကား ရန်ပြုမည်မဟုတ်ဟုထင်ကာ ခပ်အေးအေးသာနေကြသည်။ အရောင်းအဝယ်မပျက် စည်စည်ကားကား ရှိကြသည်။

## မန္တလေးနှင့် စစ်ဘေးဒဏ်

ထိုနှစ် ဧပြီလ ၃ ရက်၊ နံနက် ၁၁ နာရီ အချိန်လောက်တွင် ဂျပန် လေယာဉ်အစင်း ၈၀ ခန့်သည် မန္တလေးမြို့သို့ရောက်လာပြီး ရန်ပြုပြန်သည်။ ထိုဒုတိယအကြိမ်တွင် ဘူတာကြီးရပ်ကွက်နှင့် တရုတ်တန်းရပ်ကွက်စသော စစ်နှင့်မပတ်သက်သည့် လူနေရပ်ကွက်များပေါ်သို့ ဗုံးများ တရကြမ်းကြဲချ သည်။ လေယာဉ်များ အနိမ့်ဆင်း၍ စက်သေနတ်များဖြင့်ပါ ပစ်ခတ်ကြ သည်။ လူနေအိမ်ခြေ အဆောက်အအုံများ မီးဟုန်းဟုန်းတောက်လောင် ပျက်စီးကြသည်။ လူပေါင်းမြောက်မြားစွာ သေကြေပျက်စီးကြသည်။ အဆိုက်

မိလိုက်ခြင်း ဖြစ်သည်။ မန္တလေး မြို့သူမြို့သားများမှာ ကမ္ဘာပျက်သည့်အလား ကြုံတွေ့ရသည်။ ခံစားကြရသည်။ ပြေးမိပြေးရာ ပြေးကြရှာသည်။ ဤတွင် ကိုလှမောင်တို့ မိသားစုသည် စစ်ကိုင်းဘက်သို့ ထွက်ပြေးကြပြီး စစ်ကိုင်း ချောင်တွင် ခိုလှုံနေထိုင်ကြရသည်။

## တည်ဆောက်ခြင်းနှင့် ဖျက်ဆီးခြင်း

အင်္ဂလိပ်တပ်များသည် ဆုတ်ခွာရာမှ ဧပြီလ ၃၀ ရက်နေ့တွင် စစ်ကိုင်းတံတားကြီးကို ချိုးဖောက်ဖျက်ဆီးပစ်လိုက်ကြသည်။ ကိုလှမောင် သည် တည်ဆောက်ရာတွင် မိမိပါဝင်ခဲ့သော တံတားကြီးကိုကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့သည်။ တည်ဆောက်ရာ၌ အချိန်များစွာယူ၍ ကြိုးပမ်းခဲ့ ရသည်။ ဖျက်ဆီးရာတွင်ကား တစ်ခဏမျှသာ ကြာသည်။ ထိုအချိန်ကပင် တည်ဆောက်ခြင်း၏ တန်ဖိုးနှင့် ဖျက်ဆီးခြင်း၏ ဆုံးရှုံးမှုကို လက်တွေ့ကြုံခဲ့ရ သည်။ စစ်၏ အန္တရာယ်များကိုလည်း စတင်ခံစားသိရှိရသည်။

ကိုလှမောင်တို့ စစ်ကိုင်းချောင်တွင်နေပြီး တစ်လမကြာမီ ၁၉၄၂ ခု၊ မေလ ၁ ရက်နေ့တွင် ဂျပန်များက မန္တလေးမြို့ကို သိမ်းပိုက်တော့သည်။ ဂျပန်တပ်များသည် မန္တလေးသို့အဝင်တွင် ပြည်သူ့ဆေးရုံကြီးနှစ်ရုံ အပါ အဝင် အဆောက်အအုံများ၊ လူနေရပ်ကွက်များကိုပါ ဖျက်ဆီးချေမှုန်းပြီးမှ ဝင်လာကြသည်။ ဂျပန်ဖျက်၍ မပျက်သော အဆောက်အအုံများကိုလည်း အင်္ဂလိပ်တပ်က မြေလှန်စနစ်ဖြင့် ထွက်ခတ်ခတ်သွားကြသည်။ မန္တလေး မြို့မှာ များစွာ အထိနာခဲ့သည်။ ဂျပန်များ မန္တလေးသို့ရောက်လာသဖြင့် ကိုလှမောင်တို့သည် ဝမ်းရေးအတွက် လုပ်ကိုင်ရန် မန္တလေးသို့ ပြန်လာခဲ့ကြ သည်။ သို့ရာတွင် ကြာကြာမနေလိုက်ရ။ အင်္ဂလိပ်နှင့် အမေရိကန်တို့က မန္တလေးမြို့ကို တစ်ဖန်ပြန်ပြီး ဗုံးကြဲတိုက်ခိုက်ကြပြန်သည်။ ကျန်ရှိနေသေး သော အဆောက်အအုံများမှာ အားလုံးလိုလို ပျက်စီးရပြန်သည်။ အချို့

ရပ်ကွက်ဆိုလျှင် ရပ်ကွက်လိုက်ပင် ပျောက်ကွယ်သွားသလောက် ဖြစ်တော့သည်။ ကိုလှမောင်တို့ မိသားစုလည်း အန္တရာယ်ကြီးလှသော မန္တလေးကို စွန့်ခွာ၍ စစ်ကိုင်းချောင်သို့ ပြန်လည်ပြေးကြရပြန်သည်။

## အနိုင်မခံ အရှုံးမပေး

စစ်ကိုင်း၌ရှိနေစဉ် ကိုလှမောင်သည် ဆေးပေါ့လိပ်အရောင်းအဝယ်လုပ်သည်။ စစ်ကိုင်းမှထွက်သော ဆေးပေါ့လိပ်များကို လားရှိုးဘက်သို့ တက်၍ ရောင်းချသောအလုပ်ကိုလုပ်သည်။ ထိုစဉ် ကိုလှမောင်မှာ ငှက်ဖျားရောဂါ ရရှိလာသည်။

စစ်ကိုင်းသို့ပြန်ရောက်သောအခါ ငှက်ဖျားရောဂါဝေဒနာကို အပြင်းအထန် ခံစားရသည်။ သူငယ်ချင်းဖြစ်သူ ကိုဘသွင်က သူငယ်ချင်းကောင်းပီသစွာဖြင့် ကူညီစောင့်ရှောက်သည်။ ရောဂါကြောင့်လမ်းမလျှောက်နိုင်သော ကိုလှမောင်ကို ကုန်းပိုး၍ ဆေးခန်းသို့ပို့ပေးသည်။ ဆေးဝါးမပြည့်စုံသဖြင့် ရောဂါမပျောက်ကင်း ချည့်နဲ့သော ဒုက္ခိတဘဝသို့ ရောက်သွားရှာသည်။

‘ဒီအခါမှာ ကျုပ်ဟာ ရောဂါကို ပျောက်ကင်းအောင် ဆေးဝါးအမျိုးမျိုးနဲ့ ကုသတယ်၊ တစ်ဖက်ကလဲ ချည့်နဲ့တာပျောက်အောင် အပြင်းအထန် ကြိုးစားလေ့ကျင့်တယ်၊ ရောဝတီမြစ်ထဲဆင်းပြီး ရေလဲကူးတယ်၊ သောင်စပ်မှာ တောင်ဝှေးနှစ်ချောင်းကို အားပြုပြီး လမ်းလျှောက်လေ့ကျင့်ခဲ့တယ်၊ မကြာခဏ လဲကျသွားလိုက်၊ ပြန် အားယူထလိုက်နဲ့ မဖြစ်မနေ ကြိုးစားခဲ့ပါတယ်၊ နောက်ဆုံး ငှက်ဖျားရောဂါလဲပျောက်၊ ချည့်နဲ့တဲ့ဘဝကလဲ လွတ်မြောက်ခဲ့တယ်၊ လောကမှာ ဘဝကို အနိုင်မခံ အရှုံးမပေးဘဲ ကြိုးစားရင် တစ်နေ့မှာ အောင်မြင်နိုင်တာပဲဆိုတာ ကျုပ် အဲဒီကတည်းက လက်တွေ့ခံစားသိရှိခဲ့ရပါတယ်’ဟူ၍ ကိုလှမောင်က နောင်အခါ ပြန်လည်ပြောပြသည်။

ကိုလှမောင်သည် ချည့်နဲ့သောဘဝမှ လွန်မြောက်ပြီးနောက် ဝမ်းရေးအတွက်လည်း အလုပ်လုပ်သည်။ တစ်ဖက်ကလည်း ကာယဗလကို မှန်မှန်ကြိုးစားလေ့ကျင့်သည်။ သူသည် အလေးမရုံမျှမက **parell bar** ခေါ် နှစ်တန်းပြိုင်ဘားကိုလည်း ကစားသည်။

'နှစ်တန်းပြိုင်ဘားကစားတာ သိပ်ထိရောက်တယ်၊ လူလဲသွက်လက်တယ်၊ အသက်ကြီးလာတဲ့အခါလဲ ခါးမကိုင်းဘူး' ဟူ၍ နောင်အသက်ကြီးလာသောအခါ ဦးလှမောင်က ပြန်လည်ပြောပြခဲ့သည်။

## စစ်ကိုင်းမောင်ဘွဲ့

အင်္ဂလိပ်တပ်များ မြန်မာပြည်က ဆုတ်ခွာသွားရသောအခါ ဂျပန်စစ်တပ်နှင့် ဂျပန်စစ်အစိုးရသည် မြန်မာပြည်ကို အုပ်ချုပ်လေသည်။ 'မြန်မာပြည်ကို တိုက်ခိုက်အောင်မြင်ပါက မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးမည်' ဟု ဂျပန်တို့က မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို ကတိပေးခဲ့ကြသည်။ သို့ဖြင့် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်ဘုရင်အစိုးရသည် 'မြန်မာပြည်အား လွတ်လပ်ရေးပေးသည်' ဟုကြေညာရလေသည်။ ဒေါက်တာဘမော် ဦးဆောင်သော မြန်မာအစိုးရအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

ဂျပန်လွတ်လပ်ရေး ပေးသောနေ့တွင် မြန်မာပြည်ရှိမြို့ကြီးများ၌ လွတ်လပ်ရေး အထိမ်းအမှတ်ပွဲများ ကျင်းပကြသည်။ ထိုလွတ်လပ်ရေး အထိမ်းအမှတ်ပွဲအဖြစ် စစ်ကိုင်းမြို့၌ ကာယဗလပြိုင်ပွဲ ကျင်းပသည်။ အလေးမပြိုင်ပွဲအပြင် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်း၍ အချိုးအဆစ် ပြေပြစ်လှသော စစ်ကိုင်းမောင်ခေါ် ဇေယျာမောင် ရွေးပွဲကိုလည်း ကျင်းပသည်။ ထိုပွဲတွင် ကာယဗလကို ကြိုးစားလေ့ကျင့်နေသူ ကိုလှမောင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ထိုက်ထိုက်တန်တန်ပင် စစ်ကိုင်းမောင်ခေါ် ဇေယျာမောင်ဘွဲ့ကို ဆွတ်ခူးရရှိသွားသည်။ ထိုအချိန်၌ အသက် ၂၇ နှစ်အရွယ် ရှိသည်။

## ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး

ဂျပန်တို့သည် မြန်မာတို့ကို မလွဲမရှောင်သာ၍ လွတ်လပ်ရေးပေးရသည်။ မြန်မာနိုင်ငံကို လက်လွှတ်မခံနိုင်။ ထို့ကြောင့် သူတို့သည် တကယ့် လွတ်လပ်ရေးအစစ်ကို မပေး၊ အတုအယောင်လွတ်လပ်ရေးကိုသာ ပေးသည်။ မြန်မာပြည်အုပ်ချုပ်ရေးကို လွှမ်းမိုးထားရုံမက ဖက်ဆစ်ပီပီ မြန်မာပြည်သူတို့ကိုလည်း ဖိနှိပ်ညှဥ်းပန်းသည်။ လွတ်လပ်ရေးရချိန်တွင် ဖွဲ့စည်းထားသော မြန်မာအစိုးရအဖွဲ့ဆိုသည်မှာလည်း ဂျပန်စစ်အုပ်ချုပ်ရေး၏ သြဇာခံ ရုပ်သေးအစိုးရသာ ဖြစ်လေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာ့တပ်မတော်အမှူးပြုသည့် မျိုးချစ်အာဇာနည်တို့ ပူးပေါင်း၍ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး (ဖ တ ပ လ)ကို လျှို့ဝှက်စွာဖွဲ့စည်းကြသည်။ အိန္ဒိယရှိ အင်္ဂလိပ်ဦးဆောင်သော မဟာမိတ်တပ်များနှင့် ဆက်သွယ်ကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို စီစဉ်ကြသည်။

၁၉၄၄ ခုနှစ် နောက်ပိုင်းတွင် ဂျပန်တို့ စစ်ရေးနိမ့်စပြုလာသည်။ အင်္ဂလိပ်ဦးဆောင်သည့် မဟာမိတ်တပ်များသည် မြန်မာပြည်ကို ပြန်လည်တိုက်ခိုက်သိမ်းယူရန် ထိုးစစ်ဆင်သည်။ ၁၉၄၅ ခု၊ မတ်လ ၈ ရက်တွင် မန္တလေးတိုင်းမှူးကြီး ဗိုလ်မှူးကြီးဗထူး ဦးဆောင်သော မြန်မာ့တပ်မတော်သားများသည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် ညှိနှိုင်းတိုင်ပင်ကာ ဂျပန်ဖက်စစ်များကို စတင် တော်လှန်တိုက်ခိုက်ကြသည်။

ထို့နောက် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မြန်မာ့တပ်မတော်နှင့် ပြည်သူတို့က မြန်မာပြည်အနှံ့အပြားတွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ကြသည်။ ဤသို့ မြန်မာပြည်သူတို့ တော်လှန်ခဲ့ကြသဖြင့် အင်္ဂလိပ်တပ်များသည် မြန်မာပြည်ကို အလွယ်တကူ ပြန်လည်သိမ်းပိုက်နိုင်ခြင်း ဖြစ်သည်။

## အင်္ဂလိပ်တပ်များနှင့် အမေရိကန်လေတပ်၏ လက်ချက်

မန္တလေးမြို့တွင် ဂျပန်တပ်များ ချုပ်ငြိမ်း၍ အင်္ဂလိပ်တပ်များ အုပ်စိုးသောအချိန်တွင် ကိုလှမောင်တို့မိသားစုသည် မန္တလေးသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ကြသည်။ သူတို့မိသားစုနေထိုင်သော ကြက်သွန်တန်းရှိ ယောက္ခမဦးဆန်းပိုင်နေအိမ်မှာ အလွန်ကံထူးလှသဖြင့် စစ်ဘေးဒဏ်မှလွတ်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်တပ်များနှင့် အမေရိကန် ဗုံးကြဲလေယာဉ်များ၏ လက်ချက်ကြောင့် မန္တလေးမြို့ရှိ လူနေအိမ်ခြေအများမှာမူ ကြေကွဲဖွယ်ကောင်းလောက်အောင် ပျက်စီးပျောက်ကွယ်သွား ကြသည်။ ယခင်က မန္တလေးတွင် လူနေအိမ်ခြေ ၂၂၀၀၀ ခန့် ရှိခဲ့သည်။ စစ်ဒဏ်ကြောင့် အိမ်ခြေပေါင်း ၂၀၀၀၀ ခန့် ပျက်စီးပျောက်ကွယ်သွားရသည်။ အိမ်ခြေပေါင်း ၂၀၀၀ ခန့်သာ ကျန်ရှိတော့သည်ကို တွေ့ရသည်။

ထိုမျှသာမက သာသနိက အဆောက်အအုံများ၊ ကျောင်း၊ ကန်၊ ဘုရား၊ ပုထိုး၊ စေတီအများလည်း ပျက်စီးပျောက်ကွယ်သွားကြသည်။ အထူးသဖြင့် ရှေးမြန်မာမင်းများနှင့် မှူးကြီးမတ်ကြီးတို့၏ ကောင်းမှုတော်များဖြစ်ကြသော မဟာမုနိဘုရားစောင်းတန်းနှစ်သွယ်၊ မုခ်ဦးပြာသာဒ်ကြီးများ၊ သကျသီဟ ဂန္ဓကုဋီ ပြာသာဒ်တော်ကြီး၊ တောင်ပြင် ငါးစို့ကျောင်းကြီး၊ ရွှေရေးဆောင်တိုက်ကျောင်းကြီး၊ မြတောင် ရွှေကျောင်းကြီး၊ တောင်ခွင်ကျောင်းကြီး၊ အကောက်ဝန်ကျောင်းကြီး၊ သဃ်္ဃာကျောင်းကြီး၊ ယောအတွင်းဝန် အုတ်ကျောင်းကြီး၊ စလင်းကျောင်းကြီး၊ မိုးထိကျောင်းကြီး၊ စံကျောင်းတိုက်ကျောင်းကြီး၊ တိုက်တော်ကျောင်းကြီး၊ တောင်ပြင်မှန်ကျောင်း တိုက်ကျောင်းကြီး၊ ပဌာန်းဇရပ်တော်ကြီး၊ သုဓမ္မာဇရပ်တော်ကြီး စသည်တို့ ပျက်စီးပျောက်ကွယ်သွားကြသည်။ ထိုမှတစ်ပါး မြန်မာတို့ဂုဏ်ယူရာ ရွှေနန်းတော်ကြီးတစ်ခုလုံးလည်း မီးလောင်ပျက်စီးသွားခဲ့ရသည်။

## ယူကျုံးမရ

ထိုထိုအဆောက်အအုံများကို ယခင်က ကိုလှမောင်တွေ့မြင်ပြီး ဇာတိမာန်တက်ခဲ့ရသည်။ သာသနာကိုမြတ်နိုးခဲ့ရသည်။ ရှေးဖြစ်ဟောင်းကို အောက်မေ့ခဲ့ရသည်။ ယခုကား 'မိမိသားသမီးများနှင့် နောင်လာ နောက်သားများ မြင်ခွင့်မရတော့ပါတကား' ဟူ၍ ကိုလှမောင် ယူကျုံးမရ ဖြစ်မိသည်။

## နယ်ချဲ့အင်္ဂလိပ်နှင့် မြန်မာပြည်သူ

ဂျပန်တို့သည် မြန်မာပြည်မှ ဆုတ်ခွာရပြီးနောက် ၁၉၄၅ ခု၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အပြီးလက်နက်ချလိုက်ကြသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည်။ ထို့နောက် စက္ကူဖြူစီမံကိန်းအရ အင်္ဂလိပ်ဘုရင်ခံက အုပ်ချုပ်ပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်မှနုတ်ထွက်၍ ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ပြည်သူလူထုကိုဦးဆောင်၍ မြန်မာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်တို့ကို အရေးဆိုသည်။ မြန်မာပြည်သူပြည်သားတို့သည် လွတ်လပ်ရေးစိတ်ဓာတ်အပြည့်အဝဖြင့် လှုပ်ရှားကြသည်။ စစ်ဘေးစစ်ဒဏ်နှင့် နယ်ချဲ့၏ဖိနှိပ်မှုဒဏ်များကြားမှ ကုန်း၍ထလာခဲ့ကြသည်။

## ရွှေမန်းမောင်ဘွဲ့

၁၉၄၆ ခုနှစ်တွင် လူငယ်များသည် ကာယဗလဖွံ့ဖြိုးရေးကို ရည်စူး၍ မြို့နယ်အများတွင် ကာယဗလပြိုင်ပွဲများ၊ ကိုယ်ကာယအလှ မောင်မယ်ပြိုင်ပွဲများ ကျင်းပကြသည်။ ထိုနှစ်တွင် မန္တလေးမြို့၌လည်းကာယဗလပြိုင်ပွဲများ ကျင်းပသည်။ မောင်မယ်ပြိုင်ပွဲတွင် ကျောက်သွေးဆရာအဖြစ် အသက်မွေး

ဝမ်းကျောင်းပြုနေသော ကိုလှမောင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ရွှေမန်းမောင်ဘွဲ့ကို ထိုက်ထိုက်တန်တန် ရရှိပြန်သည်။

ကိုလှမောင်အဖို့ ဇေယျာမောင်ဘွဲ့နှင့် ရွှေမန်းမောင်ဘွဲ့ နှစ်ဘွဲ့ ရရှိခြင်းသည် ရုပ်ရှင်လောကသို့ မမျှော်လင့်ဘဲရောက်ရှိရန် အကြောင်းတရားဖြစ်ခဲ့သည်။

## လွတ်လပ်ရေးတိုက်ပွဲ နှင့် အနုပညာရှင်များ

ထိုအချိန်၌ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ပြည်သူလူထုကြီးသည် လွတ်လပ်ရေးစိတ်ဓာတ်များ အထူးတက်ကြွလျက် လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို အနုနည်းဖြင့်တိုက်ပွဲဝင်နေရာ သတင်းစာဆရာများ၊ အနုပညာရှင်များကလည်း တစ်တပ်တစ်အား ပါဝင်ကူညီကြသည်။ စာပေ၊ ပန်းချီ၊ ကာတွန်း၊ ဂီတ၊ ရုပ်ရှင်၊ ပြဇာတ်၊ သဘင်စသည့် အနုပညာရှင်များသည် မိမိတို့စွမ်းဆောင်နိုင်ရာ အနုပညာဖြင့် နယ်ချဲ့ကို ဆန့်ကျင်ကြသည်။ နယ်ချဲ့တိုက်ဖျက်ရေး၊ ဖက်စစ်တော်လှန်ရေး ဖြစ်ရပ်များကို ဖော်ကျူးတင်ပြကြသည်။ ပြည်သူလူထုကို လွတ်လပ်ရေးစိတ်ဓာတ်များ ပိုမိုတက်ကြွလာအောင် လှုံ့ဆော်ပေးကြသည်။

## ဒါရိုက်တာ ဦးဘရှင်

ဤသို့ အနုပညာရှင်များက နိုင်ငံအကျိုးဆောင်ရာတွင် အေဝမ်းရုပ်ရှင်က ရိုက်ကူးသော 'ခေတ်သစ်ဖာတစ်လုံး' ဇာတ်ကားသည် အထူးမှတ်တမ်းတင်သင့်သည်။ ယင်းသည် စစ်ပြီးခေတ်တွင် အေဝမ်းမှ ပထမဆုံးပေါ်ထွက်လာသော ဇာတ်ကားဖြစ်သည်။ ရိုက်ကူးသူမှာ စစ်ပြန်ဒါရိုက်တာ ဦးဘရှင်ဖြစ်သည်။

ဦးဘရှင်သည် အချို့ဇာတ်ကားများတွင် သူကိုယ်တိုင် ဇာတ်ပို့ဇာတ်ရံအဖြစ်လည်း ပါဝင်သရုပ်ဆောင်တတ်သည်။ ထို့ပြင် ဒါရိုက်တာလည်းလုပ်သည်။ စစ်မဖြစ်မီက သူ ရိုက်ကူးခဲ့သော 'ဂုဏ်မြင့်သူ' စစ်ဇာတ်ကားသည် အလွန်ကျော်ကြားခဲ့သည်။ ထို့အပြင် သူ၏ 'ဖာတစ်လုံးခေါင်းကျား' ဇာတ်ကားသည်လည်း ကျော်ကြားခဲ့သည်၊ အောင်မြင်ခဲ့သည်။ ယင်းဇာတ်ကားသည် စစ်မဖြစ်မီက ပထမအကြိမ်ရိုက်ကူးခဲ့သည်။ ထိုစဉ်က အသံတိတ်ဖြစ်သည်။ ခင်မောင်၊ ရွှေမန်းထွန်းတင်နှင့် မေညွန့်တို့ ပါဝင်ခဲ့ကြသည်။ (စစ်ပြီးခေတ်တွင် ဒုတိယအကြိမ် ပြန်လည်ရိုက်ကူးခဲ့သည်။ အသံထွက်ဖြစ်သည်။ ခင်မောင်၊ ဇေယျ၊ မေရီမြင့်တို့ ပါဝင်ခဲ့ကြသည်။)

အေဝမ်းရုပ်ရှင်သည် စစ်ပြီးခေတ် အေဝမ်း၏ ပထမဦးဆုံးသော ဇာတ်ကားကိုရိုက်ကူးရန် စီစဉ်သည်။ ထိုဇာတ်ကားသည် လွတ်လပ်ရေးစိတ်ဓာတ်ကို လှုံ့ဆော်သည့်ဇာတ်ကားဖြစ်ရန်လည်း ရည်ရွယ်သည်။ ထိုအတွက် အေဝမ်းရုပ်ရှင်၏လက်စွဲ စစ်ပြန်ဒါရိုက်တာ ဦးဘရှင်ကို တာဝန်ပေးသည်။ ဦးဘရှင်ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။

## ခေတ်သစ်ဖာတစ်လုံး

မိမိ ရိုက်ကူးခဲ့သော၊ ကျော်ကြားခဲ့သော ဖာတစ်လုံးခေါင်းကျားဇာတ်ကားကို လွတ်လပ်ရေးအကျိုးပြုဇာတ်ကားဖြစ်အောင် ဖန်တီးမည်။ ဇာတ်ကားအမည်ကို ခေတ်သစ်ဖာတစ်လုံးဟု အမည်ပေးသည်။

ယခင် ဖာတစ်လုံးခေါင်းကျား ဇာတ်ကားမှာ ဘုရင်တစ်ဦးသည် အရူးဟန်ဆောင်လျက် အမှန်တရားကို ရှာဖွေပုံ၊ မိတ်ဆွေစစ်၊ မိတ်ဆွေတုတို့ကို စူးစမ်းပုံဇာတ်ကား ဖြစ်သည်။

ယခု ခေတ်သစ်ဖာတစ်လုံးကား ထိုသို့မဟုတ်၊ ဒုတိယကမ္ဘာစစ်နှင့် နယ်ချဲ့တိုက်ဖျက်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကို နောက်ကျောခံလျက်

ခေတ်သစ်လူငယ်တစ်ဦးက အရှုးဟန်ဆောင်ကာ နယ်ချဲ့တို့၏ လုပ်ရှားမှုများ၊ ဖက်ဆစ်တို့၏ လှုပ်ရှားမှုများကို ထောက်လှမ်းပုံ၊ ထို့နောက်တိုက်ပွဲဝင်ပုံ ဇာတ်လမ်းဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲတွင် အာဇာနည် အမျိုးသားများသာမက အာဇာနည် အမျိုးသမီးများပါ အသက်စွန့်ကြသည်ကိုလည်း တင်ပြသည်။

ဤဇာတ်ကားကို မန္တလေးသားဖြစ်သော ဦးဘရှင်သည် မန္တလေးမြို့တွင် သွားရောက်ရိုက်ကူးသည်။

ဇာတ်ကားအတွက် သရုပ်ဆောင် မင်းသမီးများအဖြစ် မေမြနှင့် မေထွေးကို စိတ်ကြိုက်ရွေးပြီးပြီ။ သူတို့နှစ်ဦးလုံးပင် မင်းသမီးသစ်များ ဖြစ်ကြသည်။

## မင်းသားမောင်လှမောင်

သရုပ်ဆောင် မင်းသားကိုမူ မရွေးချယ်ရသေး။ ထိုမင်းသားသည် အရေးပါသော အဓိကဇာတ်ဆောင် ဖြစ်သည်။ မည်သူ့ကို ရွေးချယ်ရပါမည်နည်း။ ထိုမင်းသားသည် ရုပ်ရည်လည်းခံ့ညားတင့်တယ်ရမည်။ ကာယဗလလည်း ကောင်းရမည်။ တိုက်ပွဲများတွင် ပြောင်မြောက်အောင်လည်း သရုပ်ဆောင်နိုင်ရမည်။ ထို့ပြင် အရူးအဖြစ်လည်း သဘာဝကျကျ သရုပ်ဆောင်နိုင်ရမည်။

ဦးဘရှင်သည် ထိုသို့စွမ်းဆောင်နိုင်မည့် မင်းသားသစ်ကို ရှာဖွေသည်။ နောက်ဆုံးတွင် ဗေယျာမောင်ဘွဲ့နှင့် ရွှေမန်းမောင်ဘွဲ့ နှစ်ဘွဲ့ရ ကိုလှမောင်ကို တွေ့သွားသည်။ ကိုလှမောင်သည် သူလိုချင်သော အရည်အချင်းများနှင့် ပြည့်စုံပုံရသည်။ ထို့ပြင် ‘မောင်’ နှစ်မောင်ဘွဲ့ရထားသဖြင့် ကျော်ကြားနေသူ ဖြစ်သည်။ နှစ်သက်သွားသဖြင့် မေးမြန်းစုံစမ်းသည်။

'ကိုလှမောင်၊ ခင်ဗျား ရုပ်ရှင်မင်းသားလုပ်မလား'

ထိုအချိန်၌ ကိုလှမောင်သည် ရုပ်ရှင်ကို ဝါသနာမပါ၊ ဂီတကိုလည်း ဝါသနာမပါ။ ကာယဗလကိုသာ ဝါသနာပါသည်။ ဦးဘရှင်နှင့် မတွေ့မီက ရုပ်ရှင်မင်းသားလုပ်ရန် စိတ်ကူးမျှပင် မရှိခဲ့ပေ။ သို့ရာတွင် ယခုကဲ့သို့ ဦးဘရှင်က မေးလာသောအခါတွင် ရုပ်ရှင်ကို စိတ်ဝင်စားသွားသည်။ မီးခဲပြာဖုံးဖြစ်နေသော ရုပ်ရှင်ပါရမီသည်လည်း ပြာများလွင့်စင်၍ လင်းလက်သွားသည်။

'ဆရာ၊ မှန်တဲ့အတိုင်းပြောရရင် ကျွန်တော် ရုပ်ရှင်ကို ဝါသနာမပါခဲ့ဘူး၊ ရုပ်ရှင်သာကြည့်ခဲ့တယ်၊ မင်းသားလုပ်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်ချက် မထားခဲ့ပါဘူး၊ ဒါပေမယ့် ဆရာက အခုလို ကမ်းလှမ်းလာတော့ ကျွန်တော် ရုပ်ရှင်ကို စိတ်ဝင်စားသွားပါတယ်၊ မင်းသားလုပ်ဖို့ စမ်းကြည့်လိုစိတ် ပေါ်လာပါတယ်၊ ဆရာကသာ ကျကျနနသင်ကြားပေးပါ၊ ကျွန်တော် မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ပါ့မယ် ဆရာ'

ဦးဘရှင်သည် ကိုလှမောင်၏ ရုပ်ရည်ကိုလည်း နှစ်သက်သည်။ ရိုးသား၍ ထက်မြက်သော အမူအရာကိုလည်း နှစ်သက်သည်။ ယခုကဲ့သို့ အရိုးခံစကားကို ကြားသိရာ ပို၍ နှစ်သက်သွားသည်။ သို့ဖြင့် ခေါင်းဆောင်မင်းသားအဖြစ် ရွေးချယ်လိုက်သည်။ ဇာတ်ကားကို မန္တလေးမှာပင် ရိုက်ကူးခဲ့သည်။ ထိုအချိန်၌ ကိုလှမောင်သည် အသက် ၂၉ နှစ်အရွယ်ရှိပြီ။

ဇာတ်ကားရိုက်ကူးရာတွင် ဦးဘရှင် မျှော်မှန်းသည်ထက်ပင် ကိုလှမောင်က အထူးကြိုးစားသရုပ်ဆောင်ခဲ့သည်။ ကိုလှမောင်တွင် အတုယူဖွယ် အရည်အချင်းတစ်ရပ် ရှိသည်။ ယင်းကား အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် မည်သည့်အခါမျှ ပေါ့ပေါ့တန်တန်မလုပ်။ ဥပမာ ခြံတွင်း၌ ငှက်ပျောပင်၊ အုန်းပင် စသည့် သီးနှံပင်များ၊ ပန်းပင်များ၊ အပျော်တမ်းစိုက်လျှင်ပင် သေချာကျနစွာ ပင်ပန်းခံ၍ စိုက်တတ်သည်။ ယခု ဇာတ်ကား

ရိုက်ရာတွင်လည်း အချိန်တိကျမှန်ကန်သည်။ အောက်ခြေသိမ်းကအစ ပင်ပန်းခံ၍ အထူးကြိုးစားသည်။ ထို့ကြောင့် ဦးဘရှင်က များစွာ နှစ်သက်သဘောကျခဲ့သည်။

## လူထုစိတ်ဓာတ်ကို မြှုပြင်သော ဇာတ်ကား


ဤဇာတ်ကားကို ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ကန်တော်မင်္ဂလာရုံတွင် စတင်ပြသခဲ့သည်။ မန္တလေး၊ စစ်ကိုင်း၊ ပုသိမ်၊ မော်လမြိုင်စသည့် မြို့ကြီးများတွင်လည်း ပြသခဲ့သည်။ စစ်ပြီးစခေတ်တွင် အေဝမ်းရုပ်ရှင်၏ ပွဲဦးထွက် ဇာတ်ကားဖြစ်သည်။ စစ်ဒဏ်ကြောင့် အသံထွက်ဇာတ်ကား မရိုက်နိုင်သေး။ အသံတိတ်ဇာတ်ကားအဖြစ်သာ ရိုက်ကူးနိုင်သည်။ ဤဇာတ်ကားတွင် မောင်လှမောင်၊ မေထွေး၊ မေမြ၊ သာဂေါင်ကြီး၊ မျိုးမြင့်၊ သန်းနွဲ့ စသူတို့ပါဝင်ကြောင်း ကြော်ငြာတွင် ဖော်ပြထားသည်။

ရုံတင်ပြသောအခါ ဇာတ်ကားမှာ အောင်မြင်သည်။ ဝေဖန်ရေးဆရာတစ်ဦးက 'ဤဇာတ်ကားမှာ ခေတ်သစ်တွင်ရိုက်ကူးသော ဇာတ်ကားသစ်ဖြစ်၏။ ဦးဘရှင်နှင့်သာဂေါင်ကြီးမှလွဲ၍ အားလုံး လူသစ်များဖြစ်ကြသည်။ လူသစ်များ ဤမျှလောက် လက်စွမ်းပြသဖြင့် ချီးကျူးသင့်လှသည်။ ခေတ်သစ်တွင် အစစ အရာရာ ချို့တဲ့စွာ ရိုက်ကူးနေရသော အချိန်မျိုး၌ ဆက်တင် အခမ်းအနားများ ခံ့ခံ့ညားညား ပါဝင်သည့် ဇာတ်ကားမှာ 'ခေတ်သစ်ဖာတစ်လုံး' ပင် ဖြစ်သည်။ စစ်ပြန်ဒါရိုက်တာပီပီ ပြောက်ကျားတိုက်နည်း တစ်မျိုးကို ရုပ်ရှင်သဘောအားဖြင့် အကွက်ပေါ်အောင် ပြထားရာ ကြည့်ကွင်း၊ မြင်ကွင်း ကောင်းလှသည်။ မြန်မာ့ရုပ်ရှင်ဇာတ်ကားသစ်များ မရိုက်ကူးနိုင်သလောက် ဖြစ်နေသော အချိန်မျိုးတွင် ခေတ်သစ်ဖာတစ်လုံးမှာ အပျင်းဖြေရန်အတွက်သာ မဟုတ်သေး၊ လူထုစိတ်ဓာတ်ကို မြှုပြင်သော ဇာတ်ကားတစ်ကားပင်ဖြစ်သည်။ အခြားဇာတ်ကားများနည်းတူ ကျွန်နိုင်ငံတွင် အကြွင်းအကျန် ဖလင်နှင့် ကားဆေး ပစ္စည်းများကိုသာ သုံးနေရသောကြောင့်

ရှေးကလောက် မကြည်လင်။ အနည်းငယ်မှုန်သည်။ ဤဇာတ်ကားတွင် ၁၃၀၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ မြန်မာ့လွတ်လပ်ရေးအခမ်းအနား (ဂျပန်ခေတ်ကို) ကြည့်ရသည်မှာ တကယ့်လွတ်လပ်ရေးအနုတိုက်ပွဲကြီး ဆင်နေချိန်တွင် လူထု၏ စိတ်ကို အေးမသွားရအောင် အရိပ်ပြခြင်းဖြစ်သဖြင့် လက်မလွတ်တမ်း ကြည့်ရှုသင့်ကြပေကြောင်း' ဟူ၍ ဝေဖန်ထားသည်။



ဘာမထီဇာတ်ကားမှ ဇေယျာနှင့် ကြည်ကြည်မေ (၁၉၄၇)



## မင်းသားဇေယျ

ထို့နောက် ကိုလှမောင်သည် အေဝမ်းရုပ်ရှင်ကပင် ဒါရိုက်တာ ဦးတင်မောင် ရိုက်ကူးသော 'ဘာမထိ'ဇာတ်ကားနှင့် 'အောင်ဆုပန်'အသံတိတ် ဇာတ်ကားနှစ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ရိုက်ကူးခဲ့သည်။ ဤဇာတ်ကားများမှ စ၍ မင်းသားအမည်ကို 'ဇေယျ'ဟု ခံယူခဲ့သည်။ ခေတ်သစ် ဖာတစ်လုံးတွင်ကား မောင်လှမောင် အမည်ဖြင့်ပင် ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် ဇာတ်လမ်းအရ ကိုဇေယျအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုအမည်ကို ပရိသတ်တို့က နှစ်သက်သဖြင့် ဇေယျ အမည်ကို ခံယူခဲ့ခြင်း ဖြစ်သည်။

## စစ်ပြီးခေတ် ပထမအသံထွက်ဇာတ်ကားတွင်

ထို့နောက်ဇေယျာသည် ဗြိတိသျှဘားမားရုပ်ရှင် (နောင်အခါ ညွှန့်မြန်မာ ရုပ်ရှင်)က ရိုက်ကူးသော 'လင်နဲ့အပျို' ဇာတ်ကားတွင် ပါဝင်ရိုက်ကူးခဲ့သည်။ မှုဒုံမယ် တင်တင်မူနှင့် တွဲဖက်ပါဝင်သည်။ ဒါရိုက်တာမှာ ဦးချန်ထွန်းဖြစ်သည်။ ဇာတ်ညွှန်းရေးဆရာမှာ ရွှေဒုံးဘီအောင်ဖြစ်သည်။ ဤကားသည် အသံထွက်ဇာတ်ကား ဖြစ်သည်။ စစ်ပြီးခေတ်တွင် ပထမဦးဆုံးသော မြန်မာ အသံထွက်ဇာတ်ကားဖြစ်သည်။



လင်နှင့်အပျို ဇာတ်ကားမှ ဇေယျာနှင့် တင်တင်မူ

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်များ ကျဆုံးပြီးခဲ့ပြီ။ မြန်မာ့လွတ်လပ်ရေးလည်း ရရှိပြီးစ ဖြစ်သည်။ တစ်ဆက်တည်းပင် ပြည်တွင်းရောင်စုံ သောင်းကျန်းမှုများလည်း ဆူပွက်လှုပ်ရှားလျက်ရှိသည်။ မြန်မာရုပ်ရှင်များမှာ ထင်သလောက် မအောင်မြင်သေးပေ။

## ဒါရိုက်တာ ဆရာခန့်

ထို့နောက် ဗြိတိသျှဘားမားက ရိုက်ကူးသော 'မိုးကြယ်မို့လား' အသံထွက် ဇာတ်ကားတွင် ဇေယျ ပါဝင်ရိုက်ကူးခဲ့သည်။ မင်းသမီးမှာ မေမေဝင်း ဖြစ်သည်။ ဒါရိုက်တာမှာ ဆရာခန့်ဖြစ်သည်။

'ဒါရိုက်တာ ဆရာခန့်ဟာ အမျိုးသမီးများကို အမူအရာသင်ပေးတဲ့နေရာမှာ အံ့ချီးလောက်အောင်တော်တယ်ဗျာ၊ အမျိုးသမီးတွေရဲ့သဘာဝကို ပေါ်လွင်အောင် သင်ပြနိုင်တာ သိပ်ချီးကျူးစရာကောင်းတာပဲ'ဟူ၍ နောင်အခါ မင်းသားကြီးဇေယျက သူ့မိတ်ဆွေများအား ဖွင့်ဟ ပြောဆိုခဲ့သည်။

## ဒါရိုက်တာဦးမောင်မောင်ကြီး

ဤဇာတ်ကားနှစ်ကား ရိုက်ကူးပြီးနောက် ဇေယျသည် ဗြိတိသျှဘားမား ရုပ်ရှင်ကပင် ရိုက်ကူးသော 'ဖြူနှင်းမာလာ'အသံထွက်ဇာတ်ကားတွင် ပါဝင်ရိုက်ကူးခဲ့သည်။ မင်းသမီးမှာ မေမေဝင်းပင် ဖြစ်သည်။ ဒါရိုက်တာကား ဦးမောင်ကြီးပင်။ ဦးမောင်ကြီးသည် ဒါရိုက်တာအဖြစ်လည်း ထူးချွန်သည်။ ထို့မျှမက သရုပ်ဆောင်အဖြစ်လည်း ထူးချွန်သည်။ ဗိုလ်အောင်ဒင် ဇာတ်ကားတွင် ရာဇဝတ်ဝန်အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်သည်။

'ဦးမောင်ကြီး သရုပ်ဆောင်ပုံ သိပ်ပီပြင်တယ်ဗျာ၊ မျက်နှာကြီးကလည်း ဝိုင်းဝိုင်း၊ ပေါ်ပေါ်လွင်လွင်နဲ့၊ စကားပြောကလည်းကောင်း၊ အမူအရာကလည်း ကောင်းတယ်၊ သူ့ရဲ့သရုပ်ဆောင်မှုကို ကျုပ်အားကျအတုယူမိပါတယ်'ဟူ၍ မင်းသားကြီးဇေယျက ဖွင့်ဟပြောဆိုသည်။

## ဇေယျာ မအောင်မြင်သေး

ဤဇာတ်ကား ခြောက်ကားမှာ ဇာတ်ကားများအနေဖြင့် အထိုက်အလျောက် အောင်မြင်မှု ရှိခဲ့ကြသည်။ အချိန်မတန်သေး၍လား မသိ။ မင်းသား ဇေယျာအနေဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ပေ။

သူသည်ထိုဇာတ်ကားများကို ရိုက်ကူးစဉ် မိသားစုကို မန္တလေး၌ ထားခဲ့သည်။ တစ်ကိုယ်တည်းပင် ရန်ကုန်ဆင်းလာပြီး ဓာတ်ပုံဆရာ ဦးလှမောင် (လူရွှင်တော် သာဂေါင်ကြီး) အိမ်တွင် ခေတ္တ တည်းခိုနေထိုင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ လူရွှင်တော်သာဂေါင်ကြီးသည် အလွန်စိတ်ထား ကောင်းသူဖြစ်သည်။ ကိုလှမောင်ကို တတ်စွမ်းသမျှ အကူအညီပေးခဲ့သည်။ ကိုလှမောင်သည် သူ့ကျေးဇူးကို ယနေ့တိုင် အောက်မေ့ သတိရလျက် ရှိသည်။

ကိုလှမောင်သည် မင်းသားအဖြစ်ဖြင့် ထင်သလောက် အောင်မြင်မှု မရသဖြင့် ရုပ်ရှင်အလုပ်ကို ရပ်နားလိုက်သည်။ မိသားစုရှိရာ မန္တလေးသို့ ပြန်ခဲ့သည်။ ကျောက်သွေးဆရာအလုပ်ကို ပြန်လည်လုပ်ကိုင်ခဲ့ရပြန်သည်။

တစ်နှစ်ခန့်အကြာ ၁၉၅၁ ခုနှစ်တွင် အေဝမ်းဦးတင်မောင်ထံမှ မမျှော်လင့်ဘဲ အခေါ်ရောက်လာသည်။

## ဒါရိုက်တာ အေဝမ်းဦးတင်မောင်


အေဝမ်းဦးတင်မောင်က ဇေယျာအား 'ကျုပ်ရိုက်ကူးမယ့် 'မြဲတဲ့သစ္စာ' အသံထွက်ဇာတ်ကားမှာ ခေါင်းဆောင် မင်းသားအဖြစ် မင်းသားကြီးကို ထည့်သွင်းရိုက်ကူးချင်တယ်၊ အမြန်လိုက်လာပါ' ဟူ၍အမှာစာပါးလိုက်သည်။

'ကျုပ်ကို အေဝမ်းဦးတင်မောင်က နာမည်မခေါ်ဘူး၊ မင်းသားကြီး လို့ပဲ ခေါ်တယ်၊ သူက မင်းသားကြီးလို့ခေါ်တာနဲ့ အေဝမ်းအဖွဲ့သားများ အားလုံးက မင်းသားကြီး လို့ပဲ ခေါ်ခဲ့ကြတယ်၊ ဗြိတိသျှဘားမားကျတော့

အစ်ကိုကြီးလို့ ခေါ်လေ့ရှိကြတယ်၊ မင်းသမီးတင်တင်မူကစပြီး အစ်ကိုကြီးလို့ ခေါ်လိုက်တာ ဗြိတိသျှဘားမား အဖွဲ့သားအားလုံးကလည်း အစ်ကိုကြီးလို့ပဲ ခေါ်ခဲ့ကြတယ်၊ အားလုံးကလဲ အစ်ကိုကြီးလို့ပဲ ခေါ်ခဲ့ကြတယ်၊ ကျုပ်ထက် အသက်ကြီးတဲ့ ဒါရိုက်တာ ဦးချန်ထွန်းကတောင် ကျုပ်ကို ချစ်ချစ်ခင်ခင် လေးလေးစားစားနဲ့ အစ်ကိုကြီးလို့ပဲ ခေါ်ခဲ့ပါတယ်’ ဟူ၍ နောင်အခါ ဇေယျက ပြန်လည်ပြောပြခဲ့သည်။



ဇေယျပါဝင်သော မြဲတဲ့သစ္စာ ဓာတ်ကားကြော်ငြာ (၁၉၅၂)



**ဇေယျပါဝင်သော မြဲတဲ့သစ္စာ ဇာတ်ကားကြော်ငြာ (၁၉၅၂)**

ဤသို့လျှင် အေဝမ်းဦးတင်မောင်ကခေါ်သဖြင့် ဇေယျသည် ရန်ကုန်သို့ တစ်ဖန် ပြန်ဆင်းလာခဲ့သည်။ မြဲတဲ့သစ္စာ ဇာတ်ကားတွင် မေသစ်၊ မြင့်မြင့်ခင်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားမှာ အေဝမ်း၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော လျှပ်စစ်ရုပ်ရှင်မှ ရိုက်ကူးသော ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာအဖြစ် မြဇော် (ဦးမြမောင်)က အမည်ခံသည်။ တကယ် ဦးဆောင်ရိုက်ကူးသူကား ဦးတင်မောင် ဖြစ်သည်။ ဦးတင်မောင်သည် ဇေယျကို ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်အောင် အထူးသင်ကြား

ပေးသည်။ ဇေယျာကလည်း ကျိုးနွံစွာ အစွမ်းကုန်ခံယူကြိုးစားသည်။ တစ်ကြိမ်တစ်ခါမျှ သီချင်းမဆိုဖူးသောဇေယျာသည် ထိုကားတွင် သီချင်းပင်ဆိုလိုက်သေးသည်။

'ကျုပ်ရဲ့ မင်းသားဘဝမှာ အမူအရာသင်ပေးတဲ့ဒါရိုက်တာတွေထဲမှာ ဦးတင်မောင်ဟာ အတော်ဆုံးပဲလို့ ခံယူမိတယ်၊ ဦးတင်မောင်က အမူအရာ ဘယ်လိုလုပ်ရမယ်ဆိုတာ ကျကျနနပြောပြတယ်၊ ပြောပြတဲ့အတိုင်း သူကိုယ်တိုင်လဲ အစအဆုံး လုပ်ပြတယ်၊ လမ်းသွားတာကအစ ခြေဘယ်နှစ်လှမ်းရောက်ရင် ဘယ်လို လုပ်ရမယ်ဆိုတာ ပြောပြထားတယ်၊ သူ့စကား နားထောင်၊ သူ လုပ်ပြတာကြည့်ပြီး လိုက်လုပ်ရုံပဲရှိတယ်၊ သိပ်လွယ်တယ်ဗျာ၊ သိပ်တော်တဲ့အနုပညာရှင်ကြီးပဲ၊ ဒီလိုပြောင်မြောက်အောင် သင်ပြနိုင်အောင်လဲ သူ့ခမျာ အကြာကြီး တင်ကြို စဉ်းစားထားပုံရတယ်၊ အလုပ်လုပ်တဲ့အခါမှာလဲ ဆူဆူပူပူ မလုပ်ဘူး၊ သူနဲ့လုပ်ရတာ သိပ်စိတ်ချမ်းသာတယ်'ဟူ၍ ဇေယျာက ဖွင့်ဟပြောဆိုခဲ့သည်။

## ဇေယျာ အောင်မြင်ပြီ

မြတဲ့သစ္စာဇာတ်ကားသည် ရုံတင်ပြသောအခါ အထူးအောင်မြင်သွားသည်။ ပရိသတ် အထူးစွဲမက်ခြင်း ခံရသည်။ ဇာတ်ကားသာမက ပါဝင်သူ မင်းသား၊ မင်းသမီးများကိုပါ ပရိသတ်က စွဲမက်သွားကြသည်။

ထိုဇာတ်ကားမှစ၍ ဇေယျာ အမည်သည် တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သွားသည်။ သူ၏ ရိုးသားသော အမူအရာကို ကြည့်ရသူတိုင်း နှစ်သက်မဆုံးရှိကြသည်။ သူ၏ တည်ငြိမ်မှုအသံဖြင့် ပြောဆိုသော စကားပြောဟန်ကို ကြားရသူတိုင်း မြတ်နိုးမဆုံး ရှိကြသည်။ ထိုဇာတ်ကားတွင် သူကိုယ်တိုင် သီဆိုခဲ့သော 'ဘုရားစူး ချစ်ပါ့မယ်' သီချင်းသည် ပရိသတ်နှုတ်ဖျားတွင် စွဲကျန်နေရစ်သည်။ ထိုခေတ်က သကြ်ာန်တွင် ရေကစားသူများသည် ထိုသီချင်း

ကို သီဆို၍ပင် ပျော်ရွှင်ခဲ့ကြသည်။ ထိုသီချင်းတွင် အောက်ပါအတိုင်း မေသစ်နှင့် တွဲဖက်သီဆိုခဲ့သည်။

မေသစ်။ ။ လင်ဖုန်းမို့ ရွှင်ပြုံးချိုသာစွာရယ် ကြင်တုန်းကိုမှ မုန်း မုန်း မုန်းလိုက်ပါနဲ့။

ဇေယျ ။ ။ မေသရစ်ကညာ ဖေချစ်တာရယ်၊ ရွှေမေတ္တာက ကြီး ကြီးလှပါသဗျ။

မေသစ်။ ။ တစ်ရွာသားမို့ နောက်ကျတကယ် ကြောက်လှတယ်တော့။

ဇေယျ ။ ။ ဘယ်တော့ကမ အချစ်ကမပြယ် ပစ်မရတယ်ဗျ။

မေသစ်။ ။ အဟင့် ဟင့် မယုံဘူးတော်ရေ့။

ဇေယျ ။ ။ ခင့် ခင့်၊ ယုံတော့ ခင်ရေ့။

မေသစ်။ ။ အို အို အို လက်သရမ်းတာက။

ဇေယျ ။ ။ ပျို ပျို ပျို အချစ်စမ်းတာဗျ၊ မယားတစ်ဦးရယ် ဘုရား ဘုရား ဘုရားစူး ချစ်ပါ့မယ်။

ဤသီချင်းကို ရေးသူမှာ ရွှေပြည်ဇေ ဖြစ်သည်။ လူကြိုက်များလှသဖြင့် နောင်အခါ ဓာတ်ပြားအဖြစ်အသံသွင်း ထုတ်လုပ်ရောင်းချခဲ့သည်။ ဓာတ်ပြား သွင်းသောအခါ မေသစ်နေရာတွင် မြင့်မြင့်ခင်က အစားထိုး သီဆိုခဲ့သည်။ ဇေယျ နေရာတွင် ဇေယျကိုယ်တိုင်ပဲ သီဆိုခဲ့သည်။

ထိုဇာတ်ကားမှစ၍ ရုပ်ရှင်ကုမ္ပဏီများ၊ ဒါရိုက်တာများက ဇေယျကို ဦးစားပေး ကမ်းလှမ်းလာကြသည်။ ဤတွင် ဇေယျသည် မန္တလေးသို့ မပြန်ဖြစ်တော့။ ကျောက်သွေးဆရာ အလုပ်ကို စွန့်လွှတ်လိုက်ရသည်။ ဇာတ်ကားများ တစ်ကားပြီးတစ်ကား လက်ခံရိုက်ကူးနေရသည်။

## ကျေးဇူးသိသူ

မြဲတဲ့သစ္စာ ရုံတင်ပြီး ခြောက်လအကြာတွင် ဇနီးမသန်းတင်သည် သားသမီးများနှင့်အတူ ရန်ကုန်သို့ ပြောင်းရွှေ့လိုက်လာကြသည်။ လိုက်သာ

လာကြသည် နေစရာအိမ်မရှိသေး။ ကျေးဇူးရှင်မိတ်ဆွေကြီး ဦးသာဂေါင် အိမ်မှာပင် ခေတ္တ နေထိုင်ကြရသည်။

ထို့နောက်မှ အိမ်ရရှိကာ ဇေယျတို့မိသားစု သီးခြားနေနိုင်သွားသည်။ သူတို့မိသားစု ကိုယ့်အိုးကိုယ့်အိမ်နှင့် နေထိုင်နိုင်သည်နှင့် တစ်ပြိုင်နက် ကျေးဇူးရှင် ယောက္ခမနှစ်ဦးဖြစ်သောဦးဆန်းနှင့် ဒေါ်ငြိမ်းတို့ကို ရန်ကုန်အိမ်သို့ ပင့်ဖိတ်ခေါ်ထားသည်။ အိမ်ဦးခန်းမှာထား၍ အစွမ်းကုန်ပြုစု လုပ်ကျွေးသည်။ ရွာရှိ ဖခင်ကြီး ဦးဖောင်ကိုလည်း ပင့်ဖိတ်သည်။ ဖခင်ကား ရုတ်တရက် လိုက်မလာနိုင်သေး။ နောင်အခါတွင်မှ လိုက်လာနိုင်သည်။

## စာရေးဆရာ ဒါရိုက်တာ ဦးသုခ

ဇေယျ၏ဘဝတွင် အေဝမ်းဦးတင်မောင်နှင့် ကြုံတွေ့ကာ အောင်မြင်သော ဘဝသို့ရောက်ခဲ့သည်။ ထိုနည်းအတူ စာရေးဆရာဒါရိုက်တာ ဦးသုခနှင့် ကြုံတွေ့၍လည်း ထပ်ဆင့်အောင်မြင်သော ဘဝသို့ ရောက်ခဲ့သည်ဟု ဆိုရပေမည်။

ဇေယျသည် အေဝမ်း၌ ပထမဦးဆုံးဇာတ်ကားရိုက်စဉ်ကပင် ဆရာ ဦးသုခနှင့် ခင်မင်သိကျွမ်းခဲ့သည်။ ထိုစဉ်က ဦးသုခသည် အေဝမ်းတွင် ဇာတ်ညွှန်းရေးခြင်း၊ သီချင်းဆိုခြင်း စသည်တို့ကို လုပ်ကိုင်လျက်ရှိသည်။

ဇေယျသည် ဇာတ်ကားခြောက်ကားရိုက်ပြီးနောက် မအောင်မြင်သဖြင့် မန္တလေးသို့ ပြန်ရအံ့ဆဲဆဲတွင် အလုံ၌ ကျောက်သွေးအလုပ်ကို ခေတ္တဝင်ရောက် လုပ်ကိုင်သေးသည်။ ထိုစဉ် ဦးသုခက ခင်မင်ရင်းနှီးသော ဇေယျထံ သွားရောက်အားပေးသည်။ တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ခဲ့သည်။ ဇေယျ မန္တလေးသို့ပြန်၍ တစ်ဖန် ရန်ကုန်သို့ပြန်လာကာ မြတ်ငဲ့သစ္စာ ဇာတ်ကား ရိုက်ကူးအပြီးတွင် ဦးသုခက ဇေယျအား ပြဇာတ်မင်းသား အဖြစ် ပထမဆုံး စင်တင်ခဲ့သည်။

ထိုပြဇာတ်မှာ 'တေးချိုချို' ပြဇာတ်ဖြစ်သည်။ ပြဇာတ်ထုတ်လုပ်သူမှာ ဦးညီညီ (သမာဓိ ရှင်လုံး) ဖြစ်သည်။ ဒါရိုက်တာမှာ ဦးသုခဖြစ်သည်။ မင်းသားမှာ ဇေယျာ၊ မင်းသမီးမှာ မေချစ် ဖြစ်သည်။ ထိုပြဇာတ်တွင် ဇေယျာသည် တေးဂီတကို ပစ်ပယ်သူဘဝမှ တေးဂီတ၏ တန်ဖိုးကိုသိရှိကာ တေးဂီတကို မြတ်နိုးသူအဖြစ် သရုပ်ဆောင်ပါဝင်ခဲ့သည်။ ထိုပြဇာတ်ကို မြို့တော်ခန်းမ ဇာတ်ခုံပေါ်တွင် ကပြခဲ့သည်။ အထူး အောင်မြင်ကျော်ကြားခဲ့သည်။



ဇေယျာပါဝင်သော ပြောရခက်တယ် ဇာတ်ကားကြော်ငြာ

ထို့နောက် ၁၉၅၃ ခုနှစ်တွင် ဦးသုခသည် ဗြိတိသျှဘားမားရုပ်ရှင်တွင် 'သည်ဆောင်းဟေမာန်' ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် ဇေယျာသည် ကျော်ဆွေ၊ မေသစ်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားမှာ အထူး အောင်မြင်ကျော်ကြားခဲ့သည်။ ထိုဇာတ်ကားသည် ၁၉၅၃ ခုနှစ်အတွက် ဒုတိယထူးချွန်ဆု (ငွေစင်ဆု) ရရှိခဲ့သည်။ ထိုနှစ်က ပထမထူးချွန်ဆု (ရွှေစင်ဆု) ရရှိသောဇာတ်ကားမှာ 'ရတနာပုံ' ဇာတ်ကားဖြစ်သည်။ အေဝမ်းဦးတင်မောင် ရိုက်ကူးခဲ့သည်။ ထိုစဉ်က ဒါရိုက်တာထူးချွန်ဆု မပေးသေး။ ၁၉၅၄ ခုနှစ်သို့ရောက်မှ ဒါရိုက်တာထူးချွန်ဆုကို စတင်ချီးမြှင့်ခြင်း ဖြစ်သည်။ (၁၉၅၈ ခုနှစ်တွင် အေဝမ်း ဦးတင်မောင် ရိုက်ကူးသော 'အကျော်အမော်' ဇာတ်ကားနှင့် ဒါရိုက်တာဦးသုခ ရိုက်ကူးသော 'သည်ဆောင်းဟေမာန်'ဇာတ်ကားတို့ကို ယခင် ဆိုဗီယက်ရုရှားနိုင်ငံ တပ်ရှကင့်တွင် ကျင်းပသော ရုပ်ရှင်ပွဲတော်တွင် ဝင်ရောက်ပြသခဲ့သည်။)

ဇေယျာက 'ကျုပ်ရဲ့ မင်းသားဘဝမှာ အမူအရာသင်ပြရာမှာ ဆရာအေဝမ်းဦးတင်မောင်ဟာ အတော်ဆုံးဖြစ်တယ်လို့ ခံယူမိသလို၊ စကားအပြောအဆို လေယူလေသိမ်း ထိမိကောင်းမွန်အောင် သင်ပြရာမှာတော့ ဆရာဦးသုခဟာ အတော်ဆုံးလို့ ခံယူမိပါတယ်၊ ကျုပ် မင်းသားအဖြစ်အောင်မြင်ကျော်ကြားခဲ့တာ ဒီဆရာကြီးနှစ်ဦးရဲ့ ကျေးဇူးဟာ အဓိကပါပဲ'ဟူ၍ မကြာခဏ ထုတ်ဖော်ပြောဆိုခဲ့ပေသည်။

## ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်နှင့် ဇေယျာ

ဇေယျာသည် ပြဇာတ်များကို ဒါရိုက်တာဦးသုခနှင့်သာမက ဒါရိုက်တာ ဒဂုန်ဆရာတင်၊ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင် စသူတို့နှင့်လည်း လက်တွဲကပြခဲ့သည်။ ဒါရိုက်တာ ဒဂုန်ဆရာတင် စီစဉ်တင်ဆက်သော'မိမွေ

ဖမွေ'ပြဇာတ်တွင် ဇေယျသည် မေရီမြင့်နှင့် တွဲဖက်ပါဝင်ခဲ့သည်။ ခေတ်မီခေတ်ဆန်သူ မိန်းမပျိုကလေးအဖြစ် မေရီမြင့်က သရုပ်ဆောင်သည်။ လူရိုးလူအေး ယောကျာ်းပျိုကြီးအဖြစ် ဇေယျက သရုပ်ဆောင်သည်။ ဆန့်ကျင်ဘက် စရိုက်နှစ်ခု၏ အခြေအနေများကို ထင်ဟပ်ဖော်ပြရာ ပရိသတ်တို့ နှစ်သက်မဆုံး ရှိခဲ့ကြသည်။ ကျော်ကြားသော ပြဇာတ်တစ်ခုအဖြစ် မှတ်တမ်းတင်ခံရသည်။

ထို့နောက် ဇေယျသည် ပြဇာတ်အနုပညာရှင်များကို ကူညီအားပေးသော အနေဖြင့် ရုပ်ရှင်ဇာတ်ကားများ လက်မလည်အောင် ရိုက်နေသည့်ကြားကပင် ပြဇာတ်အချို့၌ ပါဝင်ကပြပေးခဲ့သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဒါရိုက်တာဗိုလ်ကလေးတင့်အောင်က ဆောင်းပါးတစ်ပုဒ်တွင် ဤသို့ ရေးသားဖော်ပြထားသည်။

'၁၉၅၅ ခုနှစ်၊ ဝင်းဝင်းပြဇာတ်ခေတ် ကုန်ဆုံးသွားသောအခါ မော်လမြိုင်၊ ပုသိမ်၊ မန္တလေးစသော မြို့ကြီးများနှင့် ကျွန်တော်၏ ဇာတိမြို့ဖြစ်သော ဗိုလ်ကလေးသို့ လှည့်လည်ကာ ပြဇာတ်ကပြရန် စီစဉ်ရတော့၏။

ထိုအခါ 'အစ်ကိုကြီးရေ၊ ကျွန်တော်တို့ကို ကူပါဦး'ဟု အစ်ကိုကြီးကိုဇေယျကို နားပူရပြန်သည်။ ထိုအချိန်က အစ်ကိုကြီးကိုဇေယျမှာ နာမည်အကျော်ဆုံး မင်းသားဖြစ်ပြီး လက်မလည်အောင် ရုပ်ရှင်ရိုက်နေရသည်။ ကုမ္ပဏီများက သူ့ကို ဦးစားပေးနေကြရ၏။ ထို့ကြောင့် အစ်ကိုကြီးဇေယျက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များအား၊ 'ကျုပ် နယ်ကို ခဏသွားဦးမယ်၊ ပြန်လာမှ ဆက်ရိုက်ကြတာပေါ့'ဟုဆိုကာ ကျွန်တော်တို့နှင့် လိုက်ပါလာလေသည်။ နယ်ပယ်အသီးသီးသို့ ခရီးထွက်ရသည်မှာ ပျော်စရာကောင်းလှသည်။ တစ်စုတစ်ဝေးကြီး စားလိုက်၊ သောက်လိုက်၊ ရန်ကုန်တွင်ကပြခဲ့၍ အဆင်သင့်ဖြစ်

နေသည့် ပြဇာတ်များကို အနည်းအကျဉ်းပြုပြင်ပြောင်းလဲပြီး ကပြလိုက်၊ ရလာသည့်ငွေကြေးကို ခွဲဝေသုံးလိုက်နှင့် တစ်ဖွဲ့လုံးပျော်နေကြသည်။ စီးပွားရေးမဟုတ်ဘဲ မန်းရာပြည့်ပွဲမျိုး၊ ပခုက္ကူဆရာတော်ကြီးပျံလွန်တော်မူသည့် သာခုကိဋ္ဌနပွဲမျိုး၊ အခြား အခြား အရာရှိကြီးများ ပြောင်းရွှေ့ရာ၌ ဧည့်ခံရသောပွဲများ ပွဲမျိုးပေါင်းများစွာလည်း သွားကြရသည်။

မန်းရာပြည့်ပွဲမှာ မန္တလေးတွင် ကျင်းပသောကြောင့် အစ်ကိုကြီးဇေယျ၏ မြို့ဖြစ်သည်နှင့်အညီ အစ်ကိုကြီးဇေယျဦးဆောင်သော ဆွေမျိုးမိတ်သင်္ဂဟပေါင်း များစွာတို့၏ ဧည့်ခံမှုကြောင့် အနုပညာသည်တို့မှာ လိုလေသေးမရှိပြည့်စုံလှပေသည်။ ဘုရားဖူးအလည်အပတ်ထွက်ရန် မော်တော်ကားအသင့်၊ စားရန် နံနက်စာ၊ ညစာ၊ နေ့လယ်စာအမျိုးမျိုး၊ သောက်ရန် ကော်ဖီ၊ လက်ဖက်ရည်၊ အချိုရည်၊ အခါးရည်မျိုးစုံ အစ်ကိုကြီးကိုဇေယျ၏ စီစဉ်မှုဖြင့် ဖောဖောသီသီ ရှိလှပါ၏'

## ဇေယျ၏စိတ်ဓာတ်

ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်သည် မင်းသားကြီး ဇေယျ၏ ပြဇာတ်အနုပညာရှင်များအပေါ် ထားရှိသော စေတနာကို လေးစားမဆုံးရှိခဲ့သည်။ ထို့ပြင် ဇေယျ၏ သစ္စာရှိမှု၊ မဟုတ်မခံရှိမှုကိုလည်း လေးစားမဆုံးရှိခဲ့သည်။ ထို့ကြောင့် သူ၏ ဆောင်းပါးတွင် ဤသို့ မှတ်တမ်းတင်ဖော်ပြထားသည်ကို တွေ့ရသည်။

'ကျွန်တော်တို့ ပြဇာတ်အနုပညာသည်အားလုံးသည် အစ်ကိုကြီးဇေယျကို ချစ်ကြသည်၊ ရိုသေကြသည်၊ သူ့အနေအထိုင်၊ အပြောအဆို၊ ဆက်ဆံမှုအဝဝကို အတုခိုးကြရသည်၊ ဟိတ်ဟန် မာန်မာန လုံးဝမရှိ၊ တာဝန်ကျရာအလုပ်ကို သူလုပ်တတ်သလို ရိုးသားစင်ကြယ်စွာ လုပ်ဆောင်

သွားသည်များက ချစ်ဖွယ်ကောင်းလှသည်။ မရောက်ဘူးသောမြို့များသို့ ရောက်ကြပြီဆိုလျှင် အထူးသဖြင့် အမျိုးသမီး (မင်းသမီး)များက ဈေးဝယ် ချင်ကြသည်။ နီးစပ်ရာ အသိဖွဲ့လိုသူများလာရောက်ပြသသည့် တိုတိုထွာထွာ ပစ္စည်းလေးများကို ဝယ်ချမ်းတတ်ကြ၏။ ကျွန်တော်တို့ကလည်း ရောရော ယောင်ယောင် ရွေးချယ်ဝယ်ယူကြပါသည်။



ဇေယျာပါဝင်သော အချစ်ဓာတ်ခံ ဓာတ်ကားကြော်ငြာ (၁၉၅၆)

အစ်ကိုကြီးဇေယျက ဆေးတံခဲ၍ ပြုံးပြီးကြည့်နေသည်။ ဘာတစ်ခုမှ မဝယ်။ 'ငါကမှ ဝယ်ချမ်းတဲ့ကိစ္စ နားမလည်တာ၊ ဘာလို့ဝယ်မလဲ၊ အိမ်ပြန်ရောက်တော့ လိုအပ်ရင် မိန်းမက ဝယ်ပေးလိမ့်မပေါ့'ဟု ပြောတတ်၏ဟူ၍ ရေးသားဖော်ပြခဲ့သည်။

ဇေယျသည် ဒါရိုက်တာဦးသုခ စီစဉ်တင်ဆက်သော တေးချိုချိုပြဇာတ်တွင် ပါဝင်ခဲ့ပြီးနောက် ဒါရိုက်တာ ဒဂုန်ဆရာတင် စီစဉ်တင်ဆက်သော မိမွေ ဖမွေ ပြဇာတ်တွင်လည်း ပါဝင်ခဲ့သည်။ မေရီမြင့်နှင့် တွဲဖက်သရုပ်ဆောင်သည်။ မေရီမြင့်က ခေတ်မီခေတ်ဆန်သူ မိန်းမပျိုကလေးအဖြစ်သရုပ်ဆောင်သည်။ ဆန့်ကျင်ဘက် စရိုက်နှစ်ခု၏ အခြေအနေများကို ထင်ဟပ်ဖော်ပြရာ ပရိသတ်တို့ နှစ်သက်မဆုံးရှိခဲ့ကြသည်။ကျော်ကြားသော ပြဇာတ်တစ်ခုအဖြစ် မှတ်တမ်းတင်ခံရသည်။

ဇေယျသည် စိတ်သဘောထား ကောင်းမြတ်သူလည်းဖြစ်သည်။ သူတစ်ပါးကို ကူညီတတ်သူလည်းဖြစ်သည်။ သူသည် ရုပ်ရှင်ဇာတ်ကားများကို လက်မလည်အောင် ရိုက်ကူးနေသည့်ကြားထဲကပင် ပြဇာတ်အနုပညာရှင်များကို ကူညီအားပေးခဲ့သောအနေဖြင့် ပြဇာတ်အချို့၌ ပါဝင်သရုပ်ဆောင်ပေးခဲ့သည်။

ဤအကြောင်းနှင့်ပတ်သက်၍ ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်က

'၁၉၅၅ ခုနှစ်၊ ဝင်းဝင်းပြဇာတ်ခေတ် ကုန်ဆုံးသွားသောအခါ မော်လမြိုင်၊ ပုသိမ်၊ မန္တလေး စသော မြို့ကြီးများနှင့် ကျွန်တော်၏ဇာတိမြို့ဖြစ်သော ဗိုလ်ကလေးသို့လှည့်လည်ကာ ပြဇာတ်ကပြရန်စီစဉ်ရတော့၏။ ထိုအခါ 'အစ်ကိုကြီးရေ၊ ကျွန်တော်တို့ကိုကူပါဦး'ဟု ဇေယျကို နားပူရပြန်သည်။ ထိုအချိန်က အစ်ကိုကြီးကိုဇေယျမှာ နာမည်အကျော်ဆုံး မင်းသားဖြစ်ပြီး လက်မလည်အောင် ရုပ်ရှင်ရိုက်နေရသည်။ ကုမ္ပဏီများက သူ့ကို ဦးစားပေးနေကြရ၏။ ထို့ကြောင့် အစ်ကိုကြီးဇေယျက ရုပ်ရှင်ကုမ္ပဏီ

ပိုင်ရှင်များအား 'ကျုပ် နယ်ကို ခဏသွားဦးမယ်၊ ပြန်လာမှ ဆက်ရိုက်ကြတာပေါ့' ဟုဆိုကာ ကျွန်တော်တို့နှင့် လိုက်ပါလာလေသည်။ နယ်ပယ်အသီးသီးသို့ ခရီးထွက်ရသည်မှာ ပျော်စရာကောင်းလှသည်။ တစ်စုတစ်ဝေးကြီး စားလိုက်၊ သောက်လိုက်၊ ရန်ကုန်တွင်ကပြခဲ့၍ အဆင်သင့်ဖြစ်နေသည့် ပြဇာတ်များကို အနည်းအကျဉ်းပြုပြင်ပြောင်းလဲပြီး ကပြလိုက်၊ ရလာသည့် ငွေကြေးကို ခွဲဝေသုံးလိုက်နှင့် တစ်ဖွဲ့လုံး ပျော်နေကြသည်။ စီးပွားရေး မဟုတ်ဘဲ မန်းရာပြည့်ပွဲမျိုး၊ ပခုက္ကူဆရာတော်ကြီး ပျံလွန်တော်မူသည့် သာခုကိဋ္ဌနပွဲမျိုး၊ အခြား အခြား အရာရှိကြီးများ ပြောင်းရွှေ့ရာ၌ ဧည့်ခံရသောပွဲများ ပွဲမျိုးပေါင်းများစွာလည်း သွားကြရသည်' စသည်ဖြင့် 'ဦးပဥ္စင်းကြီး ဦးဇေယျ' ဆောင်းပါးတွင် မှတ်တမ်းတင် ရေးသားဖော်ပြထားသည်။

ထိုဆောင်းပါး၌ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်သည် မင်းသားကြီး ဇေယျ၏ စိတ်စေတနာကိုလည်း ဖော်ပြထားသည်။ လေးစားဖွယ်သဘောစရိုက်ကိုလည်း ဖော်ပြထားသည်။ မြတ်နိုးဖွယ်စိတ်ထားကိုလည်း ဖော်ပြထားသည်။ မန်းရာပြည့်ပွဲသို့ ဗိုလ်ကလေးတင့်အောင်၊ ဇေယျ အမှူးပြုသော အနုပညာရှင်တို့ ကူညီဖြေဖျော်ရန် သွားခဲ့ကြသည်။ ထိုသို့သွားခဲ့ကြရာ၌ ဦးဇေယျသည် အနုပညာသည်တို့ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ဘုရားဖူးလည်ပတ်ရေး စသည်တို့ကို အံ့သြဖွယ်ကောင်းလောက်အောင်ပင် အကူအညီပေးခဲ့သည်။ ရက်ရောစွာကျွေးမွေးဧည့်ခံသည်။ ဆရာ ဗိုလ်ကလေးတင့်အောင်က 'ကျွန်တော်တို့ ပြဇာတ်အနုပညာသည် အားလုံးသည် အစ်ကိုကြီး ကိုဇေယျကို ချစ်ကြသည်။ ရိုသေကြသည်။ သူ့အနေအထိုင်၊ အပြောအဆို၊ ဆက်ဆံမှုအဝဝကို အတုခိုးကြရသည်။ ဟိတ်ဟန်မာန်မာနလုံးဝမရှိ။ တာဝန်ကျရာအလုပ်ကို သူ လုပ်တတ်သလို ရိုးသားစင်ကြယ်စွာ လုပ်ဆောင်သွားသည်များကား ချစ်ဖွယ်ကောင်းလှသည်' ဟူ၍ ရေးသား ဖော်ပြခဲ့သည်။



## ဇေယျပါဝင်သော ချစ်တော့ခက်တယ် ဓာတ်ကားကြော်ငြာ

ထိုဆောင်းပါးတစ်နေရာ၌ ဇေယျ၏ ဘဝတူများအပေါ် ထားရှိသော စေတနာ၊ မတရားမှုကို လက်မခံသောစိတ်ထားတို့ကို မှတ်တမ်းတင်ဖော်ပြထားသည်မှာလည်း လေးစားဖွယ်ကောင်းလှသည်။

တစ်ခါသော် မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့မှ ထိုခေတ်အရာရှိကြီးတစ်ဦး နယ်ပြောင်းရွှေ့ရမည့်ပွဲတွင် ပြဇာတ်အနုပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။ အနုပညာရှင်များကလည်း ဖိတ်ခေါ်ချက်ကို လက်ခံလိုက်သည်။ ထိုပွဲတွင် သီဆိုကပြဖျော်ဖြေရန် စီစဉ်ထားကြသည်။ သူတို့သည် စင်းလုံးငှားပေးသော နှစ်ထပ်သင်္ဘောကြီးဖြင့် သွားကြသည်။ မင်းသားဦးကျော်ဖေ၊ မင်းသမီးခင်လေးဆွေ၊ ဗိုလ်ကလေးတင့်အောင် စသူတို့ပါသည်။ ဇေယျလည်း

ကားရိုက်ရင်းတန်းလန်းဖြင့် တစ်ညအိပ်ပါသွားသည်။ ညနေမိုးချုပ်ချိန်တွင် ထိုမြို့သို့ သင်္ဘောဆိုက်သည်။ သက်ဆိုင်ရာအရာရှိများ ဆင်းကြိုကြသည်။ ဤတွင် ပြဿနာတစ်ခုပေါ်လေတော့သည်။ အနုပညာထဲတွင်ပါလာသော ကလေးမတစ်ဦးနှင့် ထိုပြောင်းရွှေ့မည့် အရာရှိကြီးမှာ မရှင်းမလင်းဖြစ်ခဲ့ဖူးသည်။ အရာရှိကြီး၏ဇနီးက သိရှိသဖြင့် ထိုကလေးမကို ကုန်းပေါ်သို့ အတက်မခံ။ အရာရှိကြီးမှာလည်း ဇနီး၏ ဆုံးဖြတ်ချက်ကို မဖယ်ရှားဝံ့။ သူ့တပည့်အရာရှိများက 'ထိုကလေးမကို သင်္ဘောပေါ်ထားခဲ့ပြီး ကျန်တဲ့သူတွေသာ သင်္ဘောပေါ်က ဆင်းကြပါ' ဟု ဆိုလာသည်။ ဤတွင် ဦးဇေယျက လုံးဝလက်မခံ။ မြို့က အရာရှိများကို ကောင်းစွာပင်ရင်ဆိုင်လေတော့သည်။

ထိုအကြောင်းကို ဗိုလ်ကလေးတင့်အောင်က ဤသို့ထိမိစွာ ရေးသားတင်ပြထားသည်မှာ သရုပ်ပေါ်လှပေသည်။

အစ်ကိုကြီးဇေယျကား ဒေါပွလေပြီ။

'တို့နဲ့ အတူတူပါလာကြတဲ့ လူတွေဟာ ဒီဧည့်ခံပွဲကြီးကို စည်ကားသိုက်မြိုက်အောင် အနုပညာနဲ့ ကူညီကြဖို့လာကြတာ၊ ဒီကလေးမလေးတစ်ယောက်ကိုချန်ခဲ့ရမယ်၊ ကျန်တဲ့လူသာ ဖြေဖျော်ရမယ်ဆိုတာ နည်းလမ်းမကျဘူး၊ ဒီလိုကိစ္စရှိနေတယ်ဆိုရင် ဘာလို့အစက ခေါ်ခဲ့ရသလဲကွ၊ သူ့ကိုတော့ ချန်မထားနိုင်ဘူး၊ မဖြေဖျော်ရဘူးဆိုရင် တို့အားလုံးပြန်မယ်' ဟု ဆိုကာ လုံးဝသင်္ဘောပေါ်က မဆင်းတော့။ အားလုံးကလည်း အစ်ကိုကြီး ဇေယျနှင့်အတူ သင်္ဘောပေါ်တွင် ထိုင်နေကြသည်။ ဆင်းကြိုကြသော အရာရှိများ ကုန်းပေါ်တက်ကြ၊ ဆင်းကြနှင့် အလုပ်ရှုပ်သွားကြသည်။ အတန်ကြာသောအခါ စားသောက်ဖွယ်ရာများ သင်္ဘောပေါ်သို့ ပို့ပေးပြီး ပြန်ဆင်းသွားကြ၏။ သင်္ဘောကြီးမှာ ရန်ကုန်သို့ ပြန်လှည့်လာခဲ့သည်။

အစ်ကိုကြီး၏ ဒေါသကား မပြေနိုင်။ သောက်လည်း မသောက်၊ စားလည်း မစား ဆေးတံကြီးခဲ၍ မည်သူနှင့်မျှလည်း စကားမပြောဘဲ ငုတ်တုတ်ထိုင်ကာ ငိုင်နေတော့သည်။

အစ်ကိုကြီး၏ စိတ်မှာ နူးညံ့ပျော့ပျောင်းလှပါသည်။ သည်းခံစိတ်ရှည်စွာ သူငါအများနှင့် ဆက်ဆံတတ်ပါသည်။ သို့သော်လည်း တရားမျှတမှု မရှိသော ကိစ္စများနှင့် ကြုံဆုံရပါက လုံးဝလက်မခံ။ နှုတ်လှန်ပြောဆိုတတ်သည်။ ဆိုးဝါးလှသော ထိုအဖြစ်မျိုးကိုလည်း တစ်သက်တာလုံး မမေ့မပျောက်ဘဲ မှတ်မှတ်ရရ ပြောဆိုတတ်ပါ၏။

ရဟန်းဘဝရောက်ချိန်အထိ ကျွန်တော်တို့ သွားရောက်ဖူးမြော်ကြသည့်အခါ စကားစပ်သော် ထိုထိုသောကိစ္စများကို ပြန်လည်ပြောတတ်ပါသည်။

## ဇာတ်ကားပေါင်းများစွာ

ဇေယျသည် အခြားဒါရိုက်တာများနှင့်လည်း ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် သည်ဆောင်းဟေမာန် ဇာတ်ကား ရိုက်ကူးပြီးနောက် ရန်သူ့ရင်သွေး၊ အသွင်မတူ၊ ချစ်ငွေ့ဝေဝေ၊ နှင်းဝေဝေ၊ စွန့်ဝံ့သူဇာတ်ကားများကို အခြားဒါရိုက်တာများနှင့် ရိုက်ကူးခဲ့သည်။ စွန့်ဝံ့သူဇာတ်ကားတွင် သီသီနှင့် တွဲဖက်သရုပ်ဆောင်ပါဝင်သည်။ သီသီ၏ ပွဲဦးထွက်ဇာတ်ကားဖြစ်သည်။ ၁၉၅၄၊ ၁၉၅၅၊ ၁၉၅၆ ခုနှစ်များတွင် ဇေယျအများဆုံး ဇာတ်ကားများရိုက်ကူးရသော ခုနှစ်များဖြစ်သည်။ တစ်နည်းအားဖြင့် ဇေယျ၏ အအောင်မြင်ဆုံး နှစ်များဖြစ်သည်ဟုဆိုနိုင်သည်။ ထိုအချိန်၌ ဇေယျသည် အသက် ၃၈ နှစ်၊ ၃၉ နှစ်၊ ၄၀ အရွယ် ရှိနေပြီ။

၁၉၅၄ ခုနှစ်တွင် ဇေယျရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားမှာ ၁၁ ကား ဖြစ်သည်။ ယင်းတို့မှာ မုန်တိုင်းနှင့်မာလာ (မေရီမြင့်နှင့်တွဲဖက်)၊ ချစ်ပန်းသဇင် (မြင့်မြင့်ခင်နှင့်တွဲဖက်)၊ ချစ်မီးတဏှာ (မေရီမြင့်နှင့်တွဲဖက်)၊ ချစ်ရိပ်သာ (မေရီမြင့်နှင့်တွဲဖက်)၊ လင် (တင်တင်မူနှင့်တွဲဖက်)၊ ဖာတစ်လုံးခေါင်းကျား (မေရီမြင့်၊ မေဆန်းတို့နှင့်တွဲဖက်)၊ ရဲရင့်အောင်မြင် (မေရီမြင့်နှင့်တွဲဖက်)၊ သြော် မိန်းမ (မြင့်မြင့်ခင်နှင့်တွဲဖက်) စသည်တို့ ဖြစ်သည်။

ယင်းတို့အနက် ချစ်ပန်းသဇင် ဇာတ်ကားသည် ဗြိတိသျှဘားမားက ဒါရိုက်တာဦးချစ်ခင် ရိုက်ကူးသော ဇာတ်ကားဖြစ်သည်။ မြင့်မြင့်ခင်နှင့် တွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားသည် အထူးအောင်မြင် ခဲ့သည်။ ယင်းကို ယခင်ဆိုဗီယက်ရုရှနိုင်ငံသို့ စတာလင်ပေါင် ၂၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့သည်။

ထို့ပြင်ထိုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်က ထုတ်လုပ်၍ ဒါရိုက်တာ ဦးသုခရိုက်ကူးသော 'သြော် မိန်းမ' ဇာတ်ကားသည် အထူးအောင်မြင်ခဲ့သည်။ ထိုဇာတ်ကားတွင် ဇေယျာသည် မြင့်မြင့်ခင်၊ ဖိုးပါကြီးတို့နှင့် တွဲဖက်ပါဝင် သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားအတွက် ဦးသုခသည် ဒါရိုက်တာ အကယ်ဒမီဆု ရခဲ့သည်။ ထိုဇာတ်ကားသည် ဇာတ်ကားဒုတိယထူးချွန်ဆု (ငွေစင်ဆု) ရရှိခဲ့သည်။

ထို့နောက် ၁၉၅၅ ခုနှစ်တွင် ဇေယျာသည် ရုပ်ရှင် ၁၀ ကား ရိုက်ကူး ခဲ့သည်။ ယင်းတို့မှာ ချစ်သွေးသောက် (မြင့်မြင့်ဌေး၊ သီသီတို့နှင့်တွဲဖက်)၊ မိုးအောက်မြေပြင် (ခင်မာလာနှင့်တွဲဖက်)၊ လုလေခက်လေ (မေမြင့်၊ မြင့် မြင့်ဌေးတို့နှင့်တွဲဖက်)၊ ပင်မြင့်မာလာ (မေရီမြင့်နှင့်တွဲဖက်)၊ ပန်းသာမစာဥ (မေသစ်နှင့်တွဲဖက်)၊ ချစ်သက်နှစ်လီ (မေရီမြင့်နှင့်တွဲဖက်)၊ ဖိုးပြုံးချို (တင်တင်မူနှင့်တွဲဖက်) စသည်တို့ ဖြစ်သည်။

ပင်မြင့်မာလာဇာတ်ကားမှာ မေရီမြင့် သရုပ်ဆောင်ပါဝင်သည် သာမက မေရီမြင့်ကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးသော ဇာတ်ကားဖြစ်သည်။

ပရိသတ်အသည်းစွဲဖြစ်နေသော ဇေယျာသည် ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ကား ၁၂ ကားအထိ စံချိန်တင် ရိုက်ကူးနိုင်ခဲ့သည်။ ယင်းတို့မှာ ဥမ္မာဒန္တီ (မေရီမြင့်နှင့်တွဲဖက်)၊ မိမွေဖမွေ (မေရီမြင့်၊ မြင့်မြင့်ဌေးတို့နှင့် တွဲဖက်)၊ ချစ်ခွင့်မပိုင် (ကြည်ကြည်ဌေးနှင့်တွဲဖက်)၊ ခင်မမမူ (တင်တင်မူနှင့်



**ဇေယျာပါဝင်သော ချစ်ခွင့်မပိုင် ဇာတ်ကားကြော်ငြာ (၁၉၅၆)**

တွဲဖက်)၊ ချစ်ပန်းနှစ်ခိုင် (မေရီမြင့်နှင့်တွဲဖက်)၊ မေချစ်တဲ့မောင် (မေရီမြင့်၊ မြင့်မြင့်ဌေး၊ သီသီ တို့နှင့်တွဲဖက်)၊ ပြောရခက်တယ် (မေမြ၊ မြင့်မြင့်ဌေး တို့နှင့်တွဲဖက်)၊ အချစ်ဇာတ်ခုံ (ကြည်ကြည်ဌေး၊ မေရီမြင့် တို့နှင့်တွဲဖက်)၊

ချစ်မိုးဆွေ (မေမြနှင့်တွဲဖက်)၊ ဘဝသံသရာ (မေသစ်နှင့်တွဲဖက်) စသည့် ဇာတ်ကားများ ဖြစ်သည်။

## ဘဝသံသရာ

ယင်းတို့တွင် ဘဝသံသရာ ဇာတ်ကားသည် အထူးခြားဆုံးဖြစ်သည်။ ဒါရိုက်တာ ဆရာဦးသုခ ဖြစ်သည်။ မန္တလေးရုပ်ရှင်က ရိုက်ကူးသည်။ ၁၉၅၆ ခုနှစ်တွင် ထိုဇာတ်ကားကို မိမိတို့ကုမ္ပဏီ၏ ပွဲဦးထွက်ဇာတ်ကား အဖြစ် မန္တလေးရုပ်ရှင်က အထူး ငွေကုန်ကြေးကျခံကာ ရိုက်ကူးခဲ့သည်။ ဇေယျာ၊ အေးကြူ၊ မေသစ်တို့ ဦးဆောင်ပါဝင်ကြသည်။ ဒါရိုက်တာလုပ်သူ ဆရာ ဦးသုခ ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။ အေးကြူက ဗိုလ်မျိုးတင့်အဖြစ် သရုပ်ဆောင်သည်။ ဇေယျာက ဒေါက်တာထင်ပေါ်အဖြစ် သရုပ်ဆောင်သည်။ ဒေါက်တာထင်ပေါ်သည် ဗိုလ်မျိုးတင့်နှင့်ရရှိလာသော ကိုယ်ဝန်ဆောင် မေသစ်ကို ကယ်တင်စောင့်ရှောက်ထားရာမှ နောက်ဆုံး သူတို့နှစ်ဦး မေတ္တာမျှ၍ ပေါင်းဖက်မိသော ဇာတ်ကားဖြစ်သည်။


ထိုဇာတ်ကားရိုက်ကူးစဉ် ဦးသုခက ဇေယျာအား 'ကိုဇေယျာရေ၊ အလုပ်တစ်ခုအောင်မြင်ဖို့ရာမှာ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးပြည့်စုံဖို့လိုတယ်၊ အခု ဇာတ်ကားရိုက်ရာမှာ ကျုပ် အစွမ်းကုန်ကြိုးစားသင်ပေးမယ်၊ ခင်ဗျား ကလည်း အစွမ်းကုန် ကြိုးစားသရုပ်ဆောင်ပေတော့၊ ဉာဏ်နဲ့ ဝီရိယကို ကျုပ်တို့ အစွမ်းကုန်အသုံးချကြမယ်၊ ကံကောင်းအောင်၊ ကုသိုလ်အား ကောင်းအောင်တော့ ဓမ္မစကြာသုတ်တော်နဲ့ ကျိုးသဲလေးထပ် ဆရာတော် ဘုရားကြီးရဲ့ 'ပကိဏ္ဏက နမက္ကာရ အစိန္တေယျကြီး' ဘုရားရှိခိုးကို ကိုဇေယျာ အလွတ်ရအောင်ကျက်ဗျာ၊ နေ့စဉ်ရွတ်ဖတ်ပူဇော်ဗျာ၊ မုချ ခင်ဗျား အကယ်ဒမီ ဆု ရစေရမယ်'ဟု ပြောဆိုတိုက်တွန်းသည်။

'ကောင်းပါပြီ ဆရာ၊ ကျွန်တော် ရအောင်ကျက်မှတ်ပူဇော်ပါမယ်' ဟူ၍ ဇေယျာကလည်း ဝန်ခံကတိပေးသည်။ ပေးသည့်အတိုင်းလည်း ထို

သုတ်တော်နှင့် ထိုဘုရားရှိခိုးကြီးတို့ကို ကားရိုက်ရင်း နားချိန်တို့တွင် ကျက်မှတ်သည်။ နေ့စဉ် ရွတ်ဖတ်ပူဇော်သည်။

## ဇေယျ အကယ်ဒမီဆုရပြီ

ဤသို့ဖြင့် ဘဝသံသရာဇာတ်ကား ရိုက်ကူးပြီးဆုံးသွားသည်။ ရိုက်ကူးပြီးစီး၍ ရုံတင်ပြသသောအခါ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သွားသည်။ ပရိသတ်များ အသည်းစွဲဖြစ်စေခဲ့သည်။ ဘဝသံသရာ ဇာတ်ကားအနေဖြင့်လည်း အကယ်ဒမီဆုရသည်။ ဒါရိုက်တာဦးသုခအနေဖြင့်လည်း အကယ်ဒမီဆု ရသည်။ မင်းသား ဇေယျအနေဖြင့်လည်း အကယ်ဒမီဆု ရသည်။



ဇေယျ အကယ်ဒမီဆုရသော ဘဝသံသရာ ဇာတ်ကားကြော်ငြာ (၁၉၅၆)

မြန်မာရုပ်ရှင်လောကတွင် ဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကား ဖြစ်ခဲ့သည်။

ဘဝသံသရာ ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၉၅၇ ခုနှစ်တွင် စတာလင်ပေါင် ၃၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့သည်။ ဤဇာတ်ကား သည် မန္တလေးမြို့၌ မီးအကြီးအကျယ်လောင်ရာတွင် ပါသွားခဲ့သည်။ ယခုအခါ မူရင်းဇာတ်ကား မရှိတော့ပေ။ ယင်းဇာတ်ကား ကော်ပီသာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရှိသေးကြောင်း သို့သော် မူလအတိုင်းမဟုတ် တော့၊ တရုတ်နိုင်ငံအကြိုက် ဖြတ်တောက်၍ တရုတ်စကားသံသွင်းထား ကြောင်း ကြားသိရပေသည်။

## ပြည်သူချစ်သော အနုပညာရှင်

မင်းသားကြီး ဇေယျသည် အကယ်ဒမီဆုရသောအခါ အသက် ၄၀ အရွယ်ရှိသည်။ ထိုအချိန်သည် သူ့အဖို့ အအောင်မြင်ဆုံးသော အချိန် ဖြစ်သည်။ ရုပ်ရှင်ကုမ္ပဏီများ၊ ဒါရိုက်တာများ၊ ရုပ်ရှင်ကန်ထရိုက်တာ များသည် ဇေယျကို အထူးဦးစားပေးကြသည်။ ပရိသတ်ကလည်း အလွန် နှစ်သက်ကြသည်။ ချစ်ခင်ကြသည်။ ပြည်သူချစ်သော အနုပညာရှင်ဘဝသို့ ရောက်လာခဲ့သည်။

ဒဂုဏ်ပဦးဘတင်က 'ကျွန်ုပ်နှင့် မြန်မာရုပ်ရှင်လောက' စာအုပ် (၁၉၆၆)၌ 'စစ်ပြီးခေတ် မြန်မာရုပ်ရှင်တွင် အသံတိတ်ခေတ်ကုန်၍ အသံ ထွက် ကားတွေချည်း ရိုက်ကူးလာကြသောအခါ သရုပ်ပြ ဟန်အမူအရာ သဘာဝကျကျနှင့် စကားအပြောအဆိုကောင်းသူ မင်းသားသစ်များပေါ်ထွက် လာကြသည်။ အသံထွက်ခေတ်ဦးပိုင်းတွင် ပရိသတ်အကြိုက်ဆုံး မင်းသားမှာ ဇေယျကြီးပင် ဖြစ်လေသည်။ တစ်ချိန်က မြန်မာ့ရုပ်ရှင်လောကတွင် ဇေယျ ကြီး မပါလျှင် ကားရိုက်မဖြစ်နိုင်တော့သလောက် ရေပန်းစားခဲ့လေသည်' ဟူ၍ ဖော်ပြထားသည်။

တက္ကသိုလ်နေဝင်းကလည်း 'သူတော်စင်ဘဝ၌ ပျော်မွေ့နေသူ ရုပ်ရှင်အနုပညာရှင်' ဆောင်းပါး (၁၄၊ ၁၊ ၉၆၊ ကြေးမုံသတင်းစာ)တွင် 'တစ်ချိန်က ရန်ကုန် ရုပ်ရှင်ကုမ္ပဏီများ၊ ထုတ်လုပ်သူများလောကတွင် မင်းသားဇေယျ မပါလျှင် ယင်းဇာတ်ကားကို နယ်ကန်ထရိုက်များက မငှားသဖြင့် သူနှင့် လိုက်သည်ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ မင်းသား ဇေယျကို ဇွတ်အတင်း မပါပါအောင် ထည့်ရိုက်ခဲ့ရပုံကိုပါ ပြန်ပြောင်းသတိရမိပါသည်။

ဥပမာ ဖိုးပါကြီး အကယ်ဒမီရခဲ့သော 'ဖိုးပြုံးချို' ဇာတ်ကားဆိုလျှင် အဓိကအားဖြင့် ဖိုးပါကြီး၊ တင်တင်မူနှင့် ကလေးဇာတ်လိုက် ဝင်းမာတို့၏ ဇာတ်သာဖြစ်ရာ ဇေယျကြီး ပါစရာမလိုချေ။ သူ့နေရာတွင် အခြားသရုပ်ဆောင် တစ်ဦးဦးကို ထည့်ရိုက်လျှင်လည်း ဖြစ်သည်။ သို့သော် နယ်မှ ကားငှားကန်ထရိုက်များ၏ တိုက်တွန်းချက်အရ ဇေယျကြီးကို ဖိုးပြုံးချို တွင် ဇွတ်ပင်ထည့်ရိုက်ခဲ့ရပါသည်'ဟူ၍ ရေးသားဖော်ပြခဲ့သည်။

ဇေယျသည် ထိုခေတ် နာမည်ကြီး မင်းသမီးမျိုးစုံနှင့် တွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုမင်းသမီးများအနက် မေရီမြင့်သည် ဇေယျနှင့် အများဆုံး တွဲဖက်သရုပ်ဆောင်ခဲ့ရသော မင်းသမီးဖြစ်သည်။ မေရီမြင့် (၁၉၂၉–၁၉၅၇)သည် အသံတိတ်၊ အသံထွက် ရုပ်ရှင်ဇာတ်ကားပေါင်း ၆၅ ကား ရိုက်ကူးသည်။ ၁၉၅၇ ခုနှစ်တွင် ဆူးနဲ့မာလာ ဇာတ်ကားကို ဇေယျနှင့် တွဲဖက်ရိုက်ကူးနေစဉ် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရှာသည်။ မေရီမြင့်၏ ခင်ပွန်းမှာ ဗိုလ်ကြီး မင်းဦး ဖြစ်သည်။ ထိုဇာတ်ကားရိုက်ကူးနေစဉ် မေရီမြင့်သည် အူတွင်သန္ဓေတည်ရောဂါရရှိပြီး ခွဲစိတ်ကုသခံခဲ့ရာမှ ၁၉၅၇ ခုနှစ်၊ မေလ ၆ ရက်နေ့ (အသက် ၂၈ နှစ်)တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရရှာသည်။ ဇေယျသည် မေရီမြင့်ကို နှမငယ်သဖွယ် ဆက်ဆံစောင့်ရှောက်ခဲ့သူ ဖြစ်သည်။ မေရီမြင့် ကွယ်လွန်သောအခါ အထူးဝမ်းနည်း၍ များစွာ စိတ်ထိခိုက်ခြင်း ဖြစ်ခဲ့သည်။

## ရိုးရိုးကြီးဇေယျ

သည်မျှအောင်မြင်၍ စူပါစတားမင်းသားကြီးဘဝသို့ ရောက်ရှိသော်လည်း ဇေယျသည် ဘဝင်မမြင့်၊ အောက်ခြေမလွတ်၊ မူလ ကျောက်သွေးဆရာဘဝတုန်းကလိုပင် ဆေးတံကြီးခဲလျက်၊ လုံချည်ကို တိုတိုဝတ်လျက် ရိုးသားနှိမ့်ချစွာပင် နေထိုင်သည်။ များသောအားဖြင့် ဇာတ်ကားများထဲတွင်လည်း အပြင်မှာဝတ်ဆင်သလိုပင် လုံချည်တိုတိုဝတ်သည်။ ဆေးတံခဲသည်။

သူသည် အနောက်ရွှေဂုံတိုင်ဘက်တွင် မြေတစ်ကွက်ဝယ်လျက် တော်သင့်ရုံ သစ်သားတစ်ထပ်အိမ်တစ်လုံးဆောက်ကာ မိသားစုနှင့် ချမ်းမြေ့စွာ နေထိုင်သည်။ တိုက်ကြီးဖြင့်နေနိုင်သော်လည်း မနေခဲ့။ ဇိမ်ခံကားကြီးစီးနိုင်သော်လည်း မစီးခဲ့။ ကားရိုက်သွားရာတွင် မလွဲမရှောင်သာ လိုအပ်သဖြင့် ဖောက်စ်ဝက်ဂွန်ကားကလေးကိုသာ ဝယ်စီးသည်။

ထို့ပြင် အရာရှိများ၊ လုပ်ငန်းရှင်များ ကိုင်လေ့ကိုင်ထရှိသော အတက်ချိကြေ့စ်ကိုလည်း မကိုင်ခဲ့။ ရန်ကုန်တွင် ကားရိုက်ထွက်လျှင် သူ၏ ပုဆိုးတစ်ထည်ကိုဖြန့်ခင်းကာ လိုအပ်သော အဝတ်အစားနှင့် အသုံးအဆောင်များထည့်၍ ထိုပုဆိုးထုပ်ကို ပိုက်လျက်သွားသည်။ မန်နေဂျာလည်း မခန့်၊ လက်ထောက်လည်းမထား၊ အဖော်လည်းမခေါ် တစ်ကိုယ်တည်း ကားရိုက်သွားလေ့ရှိသည်။

နယ်သို့ကားရိုက်ထွက်လျှင် သားရေအိတ်တစ်လုံး၊ အိပ်ရာလိပ်တစ်ခုနှင့်သာသွားသည်။ ထို့ပြင် ယင်းတို့ကိုလည်း မည်သူ့အားမျှ မသယ်ခိုင်း။ သူကိုယ်တိုင် လက်တစ်ဖက်တစ်ချက်တွင် ဆွဲကိုင်လျက် ဘူတာသို့သွားသည်။ သင်္ဘောဆိပ်သို့သွားသည်။ လေဆိပ်သို့သွားသည်။

'အဲသည်တုန်းက အိပ်ရာလိပ်တစ်ဖက်၊ သားရေအိတ်တစ်ဖက် ကိုင်ပြီး ကျူပ် သွားတာကို ဘေးက လူငယ်တွေမြင်တော့ 'ဇေယျကြီး

သိပ်တောင့်တယ်ဟေ့’လို့ ပြောကြတယ်။ ကျုပ်ကြားတော့ သဘောကျပြီး ရင်ကိုပိုပြီး မတ်ပြခဲ့တယ်၊ ဟိုတုန်းကပေါ့၊ ဒါပေမယ့် အခု ဒီလိုရင်မတ်နိုင် သေးသလား၊ ဘယ်မတ်နိုင်တော့မလဲ၊ ဇရာကြောင့် ကုန်းနေပြီလေ’ဟူ၍ အသက် ၇၉ နှစ်အရွယ် ရောက်နေပြီဖြစ်သော ဦးပဉ္စင်းကြီး ဦးဇေယျက သံဝေဂယူ၍ ဖွင့်ဟပြောဆိုခဲ့သည်။

ထို့ပြင်ဇေယျသည် အရက်မသောက်၊ ဖဲမရိုက်၊ အပျော်အပါးမလိုက်၊ မဟုတ်တာမလုပ်၊ အလွန်ရိုးသားသည်၊ ဖြောင့်မတ်သည်၊ တည်ကြည်သည်၊ သူများအကျိုးကို ဆောင်လေ့ရှိသည်။ စင်စစ် ဇာတ်ကားများထဲတွင် ပါဝင် ရသော သူ၏ မွန်မြတ်သည့်စရိုက်များနှင့် အပြင်လောကရှိ သူ၏ စရိုက်တို့မှာ များသောအားဖြင့် တူညီသည်။ အလွန်လေးစား ချစ်ခင်မြတ်နိုးဖွယ်ကောင်း သော အနုပညာရှင်ပင် ဖြစ်သည်။

## ကိုရဲဆွေ

နယ်သို့ကားရိုက်ထွက်ရာတွင် အချို့မြို့များမှာ ရေတွင်းမှ ရေကိုင်၍ ချိုးရသည်။ ဇေယျသည် သူကိုယ်တိုင်လည်း ရေငင်ချိုးသည်။ အားနွဲ့သူ အမျိုးသမီးများ၊ မင်းသမီးများအတွက်လည်း ရေငင်ပေးလေ့ရှိသည်။ ထို့ကြောင့် သူ့ကို အဖော်များက ‘ကိုရဲဆွေ၊ ကိုရဲဆွေ’ဟူ၍ ချစ်စနိုးခေါ်ကြ သည်။ သူကလည်း ဤသို့ ရေဆွဲပေး၍ ကူညီရသည်ကို ဂုဏ်ယူသည်။

သူသည် သူနှင့်ဆက်ဆံသူများနှင့် မိတ်ဆွေများကို ကူညီလေ့ရှိသည်။ အခက်အခဲရှိသူများက ငွေတောင်းလျှင် ပေးသည်။ ငွေချေးလျှင် ချေးသည်။ ချေးငှားသူတို့က ပြန်ဆပ်လျှင်ယူသည်။ မဆပ်လျှင် မတောင်းပေ။ ဇာတ် ကားများရိုက်ရာတွင် စာချုပ်ထားသည့်အတိုင်း အချို့ကုမ္ပဏီများက အပြေ အလည် ငွေမပေးနိုင်လျှင်လည်း မတောင်းပေ။

ထို့ပြင်သူ့အိမ်သို့ မန္တလေး စစ်ကိုင်းစသည်တို့မှ နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေများ လာရောက်တည်းခိုလျှင် ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။

ကျွေးမွေးပြုစုသည်။ သူ၏ ပါရမီကို ဖြည့်သောအနေဖြင့် ဇနီးဒေါ်သန်းတင်ကလည်း မငြိုငြင်၊ ကောင်းစွာ ကျွေးမွေးပြုစုစောင့်ရှောက်သည်။ ဒါနဟူ၍ပင် ဇနီးမောင်နှံ နှစ်ဦးစလုံးက ခံယူထားခဲ့ကြသည်။



တောသားကြီးအသွင် သရုပ်ဆောင်ခဲ့သော ဇေယျ

## အသက်ကြီးသော်လည်း အောင်မြင်

ရုပ်ရှင်လောကတွင် သရုပ်ဆောင်မင်းသား မင်းသမီးများသည် အသက်ကြီးလာသောအခါ များသောအားဖြင့် အောင်မြင်မှုလျော့ပါးလာ တတ်ကြသည်။ အရွယ်၏နုပျိုခြင်းက အောင်မြင်မှုကို တွန်းအားပေးသည်။ အရွယ်၏ ရင့်ရော်ခြင်းက အောင်မြင်မှုကို အဟန့်အတားပြုသည်။ ထိုသဘာဝ သည် လောက၏ ဓမ္မတာပင်။

ဇေယျအဖို့မူ အလွန်ထူးခြားသည်။ အသက်ကြီးလေ ပို၍အောင်မြင် လာလေ ဖြစ်သည်။ သူသည် ၁၉၅၇ ခုနှစ်၊ အသက် ၄၁ နှစ်အရွယ်တွင် ချစ်ညီမ၊ ချစ်တော့ခက်တယ်၊ ထားသစ္စာ စသည်ဖြင့် ဇာတ်ကားပေါင်း ၁၅ ကားတွင် ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ရသည်။

ထို့နောက် ၁၉၅၈ ခု၊ အသက် ၄၂ နှစ်အရွယ်တွင် ဆူးနဲ့မာလာ၊ ဖြေလျော့ခွေ၊ ချစ်အဏ္ဏမြူ စသည်ဖြင့် ဇာတ်ကားပေါင်း ၁၄ ကားတွင် ပါဝင် သရုပ်ဆောင်ရိုက်ကူးခဲ့ရသည်။

ထို့နောက် ၁၉၅၉ ခု၊ အသက် ၄၃ နှစ်အရွယ်တွင် ရွှေမန်းမေ၊ စစ်ပြန်ကြီးဘသက်၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် စသည်ဖြင့် ဇာတ်ကားပေါင်း ၁၄ ကားတွင် ပါဝင်သရုပ်ဆောင် ရိုက်ကူးခဲ့ရသည်။

ထို့နောက် ၁၉၆၀ ပြည့်နှစ်၊ အသက် ၄၄ နှစ်အရွယ်တွင် ယမင်း ရွှေစင်၊ ပန်းတိုင်းပွင့်ပါစေ၊ လှည်းကျိုးနဲ့နွားသိုး၊ ချစ်ကြစမ်းပါ စသည်ဖြင့် ဇာတ်ကားပေါင်း ၁၂ ကားတွင် ပါဝင်သရုပ်ဆောင် ရိုက်ကူးခဲ့ရသည်။

၎င်းဇာတ်ကားများကို ရိုက်ကူးရာတွင် ကုမ္ပဏီအမျိုးမျိုး၊ ဒါရိုက်တာ အမျိုးမျိုးတို့နှင့် ရိုက်ကူးခဲ့သည်။ မင်းသမီးမျိုးစုံနှင့် တွဲဖက်သရုပ်ဆောင် ခဲ့သည်။

## ချစ်ကြစမ်းပါ ဇာတ်ကား

၎င်းဇာတ်ကားများတွင် 'ချစ်ကြစမ်းပါ' ဇာတ်ကားသည် မှတ်တမ်း တင်သင့်သော ဇာတ်ကားတစ်ကား ဖြစ်သည်။ စစ်ပြီးခေတ် မြန်မာရုပ်ရှင်

လောကတွင် မြန်မာဒါရိုက်တာများနှင့် နိုင်ငံခြားဒါရိုက်တာတို့ ပူးတွဲရိုက်ကူးသော မြန်မာရုပ်ရှင်ဇာတ်ကား သုံးကား ပေါ်ထွက်ခဲ့ဖူးသည်။

ပထမဇာတ်ကားမှာ ဦးနု၏ 'လူထုအောင်သံ' ပြဇာတ်ကို ရိုက်ကူးသော 'လူထုအောင်သံ' ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာဦးချန်ထွန်း မေဂျာသန်းဝင်းတို့နှင့် အတူတွဲဖက်၍ ဟောလီးဝုဒ်မှ အမေရိကန် ဒါရိုက်တာ ဂျော့ဘီ ဆုဇ်တို့ ပူးတွဲ ရိုက်ကူးခဲ့ကြသည်။ ထိုဇာတ်ကားတွင် ဗိုလ်ဗကို၊ မောင်မောင်တာ၊ ဦးဘဇင်၊ ဦးသုခ၊ ဦးဘချစ်၊ လှမောင်လေး၊ ကျော်သောင်းကြီး၊ ချစ်တင်ကြီး၊ သိန်းဟန်ကြီး၊ မောင်ဖုန်း၊ ဦးစိုးမြင့်၊ မထားထား၊ မကျင်လှ၊ ဒေါ်ဖွားနှစ် စသူတို့ ပါဝင်ခဲ့ကြသည်။ ၁၂၊ ၂၊ ၅၄ နေ့တွင် ရုံတင်ပြသခဲ့သည်။

ဒုတိယဇာတ်ကားမှာ 'ရွှေရုပ်လွှာ' ဇာတ်ကားဖြစ်သည်။ ဘင်္ဂါလီစာရေးဆရာကြီး ဆာရတ်ချန္ဒရာချတ္တာချိစ်၏ 'ချိုဘီ' ဝတ္ထုကို ရိုက်ကူးခြင်းဖြစ်သည်။ ဒါရိုက်တာ တက္ကသိုလ်နေဝင်းနှင့် အိန္ဒိယဒါရိုက်တာ အင်န်လာဟီရီတို့ ပူးတွဲရိုက်ကူးကြသည်။ အိန္ဒိယမင်းသား အရှစ်ကူးမား၊ အိန္ဒိယမင်းသမီး မာလာဆင်ဟာ၊ မြန်မာရုပ်ရှင်မင်းသမီး ဆွေဆွေလှဲ့၊ မေဇင်၊ မယ်ဒဂုန်မြင့်၊ ညွှန့်တင်၊ ခင်သောင်းတို့ပါဝင်ကြသည်။ ၆၊ ၉၊ ၅၇ နေ့တွင် ရုံတင်ပြသခဲ့သည်။

တတိယဇာတ်ကားမှာ ချစ်ကြစမ်းပါ ဖြစ်သည်။ ဟောင်ကောင်ရုပ်ရှင်လောကတွင် နာမည်ကြီးသော 'နံ့ရုံတစ်ချပ်' အမည်ရှိ ရုပ်ရှင်ကားကို မြန်မာလို ဆီလျော်အောင် ပြန်လည်ရိုက်ကူးခြင်းဖြစ်သည်။ ဒါရိုက်တာမင်းသား မျိုးချစ်နှင့် ဟောင်ကောင်ဒါရိုက်တာ မစ္စတာ လူးဝစ်ဖေးတို့ ပူးတွဲရိုက်ကူးကြသည်။ ဇေယျာ၊ ခင်ယုမေ၊ မျိုးချစ်၊ သန်းနွဲ့၊ ချစ်မောင်၊ ဦးသိန်းမောင်၊ ဒေါ်ခင်ညွှန့်၊ ဒေါ်စောရင် စသည်တို့ ပါဝင်သည်။ ၂၀၊ ၁၁၊ ၆၀ နေ့တွင် ရုံတင်ပြသခဲ့သည်။

## စံပြပုဂ္ဂိုလ်

မင်းသားကြီးဇေယျာသည် ဤသို့လျှင် မြန်မာရုပ်ရှင်သမိုင်းတွင် အရေးပါသော မင်းသားကြီးတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် သူသည် မည်မျှအောင်မြင်၍ မည်မျှအရေးပါသော မင်းသားကြီးအဆင့်သို့ ရောက်စေကာမူ ဟိတ်ဟန်မရှိ။ လုံးဝအခွင့်အရေးမယူ။ သက်ဆိုင်ရာ ရုပ်ရှင် ထုတ်လုပ်သူများနှင့် ဒါရိုက်တာများ စိတ်ချမ်းသာမှုရအောင် အစွမ်းကုန် ဆောင်ရွက်ပေးခဲ့သည်။ ဇာတ်ကားများရိုက်ရာတွင် ချိန်းဆိုသောနေ့၊ ချိန်းဆိုသော အချိန်တို့တွင် မိမိဘက်က ပျက်ကွက်မှု လုံးဝမရှိစေရ။ အချိန်မှန်သည်။ အလွန် ကတိတည်သည်။

ထို့ပြင် လုပ်ဖော်ကိုင်ဘက် ရုပ်ရှင် ပညာရှင်များအပေါ်လည်း နားလည် ငဲ့ညှာသည်။ ချစ်ခင်သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံသည်။ လိုအပ်သော အကူအညီများကို ပေးလေ့ရှိသည်။

ထို့ကြောင့် သူ့ကို ရုပ်ရှင်လောကသား အားလုံးကပင် ချစ်ခင်ကြသည်။ လေးစားကြသည်။

ရုပ်ရှင်မင်းသမီးအချို့ဆိုလျှင် ချစ်ခင်လေးစားမှုမှ လွန်၍ပင် သူ့အပေါ် သံယောဇဉ်ဖြစ်မိသည်အထိ ရှိခဲ့ကြသည်။ သို့ရာတွင် သူသည် အံ့ချီးဖွယ်ကောင်းလောက်အောင်ပင် မိမိစိတ်ကို ထိန်းနိုင်ခဲ့သည်။ ၅၂၈ သွယ် မေတ္တာဖြင့်သာ မောင်နှမပမာ သဘောထားနိုင်ခဲ့သည်။

ထို့ပြင် ဇေယျာသည် မိမိကိုချစ်သော ပြည်သူကိုလည်း အလွန်လေးစားသည်။

## ပြည်သူလူထုသည် ကျေးဇူးရှင်

'တစ်လုတ်စားဖူး သူ့ကျေးဇူး၊ အထူးမမေ့နှင့် ဆိုတဲ့ စကားကို ကျုပ်နှလုံးသားထဲမှာ အမြဲထားတယ်၊ ကျုပ်ကို ကျေးဇူးပြုတဲ့ မိဘ၊ ဆရာ

သမား၊ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအပြင် ကျုပ်ကိုအားပေးချီးမြှင့်ကြတဲ့ ပြည်သူလူထုကိုလဲ ကျုပ်ရဲ့ ကျေးဇူးရှင်တွေလို့ အမြဲခံယူထားတယ်၊ အားလုံးကို ကျုပ် အမြဲ မေတ္တာပို့လေ့ရှိတယ်' ဟူ၍ ဦးပဥ္စင်းကြီး ဦးဇေယျက မကြာခဏ ပြောလေ့ရှိသည်။

ထို့ပြင် သူက 'ကျုပ်ဟာ သရုပ်ဆောင်ရာမှာ ကျုပ်ရဲ့ ပင်ကိုဟန်၊ အမူအရာနဲ့ ရိုးရိုးကြီးပဲ သရုပ်ဆောင်ခဲ့ပါတယ်၊ ငါတော်တယ်၊ ငါတတ်တယ်လို့ လုံးဝ မာန်မာန မထားခဲ့ပါဘူး၊ ဒါကြောင့်လဲ ကျုပ်ကို ရိုးရိုးကြီးဇေယျလို့ အမည်ပေးပြီး လူထုက မြှောက်စားခဲ့တာပါပဲ၊ ဒီလို မြှောက်စားတဲ့ ကျေးဇူးတွေကို အမြဲသတိရပြီး ကိုယ်ကျင့်တရားကို ထိန်းသိမ်းခဲ့ပါတယ်၊ အသောက်အစား၊ အပျော်အပါး၊ လောင်းကစားတွေနဲ့ ကင်းအောင်နေခဲ့ပါတယ်၊ လူထုအကြည်ညိုပျက်မယ့် အလုပ်မျိုးကို ရှောင်ကြဉ်ခဲ့ပါတယ်၊ ကိုယ့်အလုပ်ကိုသာ အထူးကြိုးစားလုပ်ကိုင်ခဲ့ပါတယ်'ဟူ၍ ဖွင့်ဟပြောဆိုခဲ့သည်။

## စီးပွားရေးမဆန်

၁၉၅၈ ခုနှစ်ဝန်းကျင်တွင် ဝါရင့်ရုပ်ရှင် အနုပညာရှင်ကြီးများကို သက်ဆိုင်ရာမှ ကိုယ်ပိုင် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်ခွင့် မှတ်ပုံတင်များ ထုတ်ပေးခဲ့သည်။ ဤတွင် မင်းသားကြီးဇေယျသည် မိမိတို့မိသားစုပိုင် 'ဇေယျာရွှေပြည်' ရုပ်ရှင်ထုတ်လုပ်ရေးကို ထူထောင်ကာ ဇာတ်ကားအချို့ ရိုက်ကူးခဲ့သည်။

ဇေယျာရွှေပြည် ရုပ်ရှင်မှ ထုတ်လုပ်သော ဇာတ်ကားများတွင် 'လှည်းကျိုးနဲ့ နွားသိုး' ဇာတ်ကားသည် အထူးအောင်မြင်ခဲ့သည်။ ဆရာဦးသုခကိုယ်တိုင် ဇာတ်လမ်းနှင့်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ရိုက်ကူးပေးခဲ့သည်။ ဇေယျနှင့် ကြည်ကြည်ဌေးတို့ ပါဝင်သရုပ်ဆောင်ကြသည်။ လူတကာကို ကူညီလေ့ရှိသော ဇေယျ၏ စေတနာကို တုံ့ပြန်သောအားဖြင့်

ဆရာ ဦးသုခကလည်း ဒါရိုက်တာအဖြစ် စေတနာ့ဝန်ထမ်း ရိုက်ကူးပေးခဲ့သည်။ မင်းသမီး ကြည်ကြည်ဌေးကလည်း သရုပ်ဆောင်ခ မယူ။ စေတနာ့ဝန်ထမ်း ပါဝင်သရုပ်ဆောင်ပေးခဲ့သည်။ ဤအထိ လုပ်ဖော်ကိုင်ဖက်များ၊ ဆရာသမားများက ဇေယျာကို ချစ်ခင်ကြသည်။

ဇေယျာကလည်း အချို့မိတ်ဆွေ ရုပ်ရှင်အနုပညာရှင်များ ရုပ်ရှင်ရိုက်ကူးရာတွင် သရုပ်ဆောင်ခ မယူ ကူညီခဲ့သည်။ အချို့ ရုပ်ရှင်ကုမ္ပဏီများက သရုပ်ဆောင်ခ အပြေအလည်မပေးနိုင်သော်လည်း မကျေမနပ်မဖြစ်။ လုံးဝ တောင်းခံခြင်း မပြုခဲ့ပေ။

ထို့ကြောင့် ဇေယျာသည် သူ့ခေတ် သူ့အခါက အအောင်မြင်ဆုံးမင်းသားကြီးဖြစ်ခဲ့သော်လည်း ဝင်ငွေမြောက်မြားစွာ မရရှိရှာပေ။ သူကလည်း ရုပ်ရှင်မင်းသားအဖြစ်ဖြင့် သူဌေးဖြစ်အောင် မမျှော်မှန်းခဲ့ပေ။ မူလက ရုပ်ရှင်မင်းသားအဖြစ် ဝါသနာမပါခဲ့သော်လည်း တစ်ကားပြီး တစ်ကား ရိုက်ရင်း ဝါသနာပါလာခဲ့သည်။ ပြည်သူက သူ့ကိုချစ်သည်ကို ဝမ်းသာကြည်နူးမဆုံး ဖြစ်ခဲ့သည်။ ငွေကြေးချမ်းသာသော သူဌေးဘဝထက် ပြည်သူချစ်သော အနုပညာရှင်ဘဝကိုသာ အထူးတန်ဖိုးထားခဲ့သည်။ ဇေယျာရွှေပြည်ရုပ်ရှင်ထုတ်လုပ်ရေးကို တည်ထောင်လုပ်ကိုင်ရသော်လည်း အားနာတတ်လွန်းခြင်း၊ ညှာတာခြင်း၊ စီးပွားရေးမဆန်ခြင်းတို့ကြောင့် ထုတ်လုပ်သူဘဝကို မပျော်မွေ့ချေ။

ဇေယျာသည် ရှာဖွေရရှိသော ငွေများကို မိသားစုအတွက်လည်း မငြိုငြင်ရအောင် ထောက်ပံ့သည်။ အခက်အခဲတွေ့သူများ၊ အကူအညီလိုသူများကိုလည်း တတ်စွမ်းသမျှ ပေးကမ်းလှူဒါန်းသည်။

## ရက်ရောလှသော ရှင်ပြုအလှူကြီး

၁၉၅၈ ခုနှစ်တွင် မင်းသားကြီးဇေယျာနှင့် ဇနီးဒေါ်သန်းတင်တို့သည် စိတ်တူ စေတနာတူဖြင့် သားနှစ်ယောက်ကို ရှင်ပြုပေးခဲ့သည်။ သားကြီး

မောင်ခင်ဆွေ (ယာမိုး)နှင့် သားလတ် မောင်အောင်ဝင်း (ဇော်မိုး)တို့အား ရှင်ပြုပေးခြင်းဖြစ်သည်။ ရှင်ပြုရာ၌ ထိုခေတ် ကာလတန်ဖိုး ၃၀၀၀၀ ကျော်အကုန်ခံ၍ ရက်ရက်ရောရော လှူဒါန်းခဲ့သည်။ ရန်ကုန်မြို့ အလယ်တောရ ကျောင်းတိုက်ကြီးထဲတွင် မဏ္ဍပ်ကြီးထိုးကာ လာသမျှ ပရိသတ်အားလုံးကို စတုဒိသာသဘောမျိုး အားပါးတရ ကျွေးမွေးပြုစုလှူဒါန်းခဲ့သည်။



**သားခင်မောင်ဆွေ (ယာမိုး) နှင့် မောင်အောင်ဝင်း (ဇော်မိုး) တို့အား ရှင်ပြုစဉ် အမှတ်တရ (ဝဲအစွန် ဒေါ်သန်းတင်၊ ယာအစွန် ဒေါ်ငြိမ်း – ၁၉၅၈)**

ကျွေးမွေးရာတွင် မန္တလေးမှ နာမည်ကြီး ဒံပေါက်ထမင်း ချက်သူများကို ခေါ်ယူ၍ အကောင်းဆုံးချက်စေကာ အစွမ်းကုန်ကျွေးမွေးခဲ့သည်။

'အဲသည်တုန်းက ကိုဇေယျကြီး လှူဒါန်းတာ ရက်ရက်ရောရော ရှိလိုက်တာ၊ စံပြပါပဲ' ဟူ၍ ဆရာဦးသုခက ဖွင့်ဟပြောဆိုခဲ့သည်။ ထိုအချိန်က ရွှေဈေး ၂၀၀ ကျော်သာရှိရာ ငွေ ၃၀၀၀၀ ကျော် လှူသည်မှာ ရွှေတစ်ပိဿာခွဲနှင့် ညီမျှပေသည်။

## အတုသေခြင်း

မင်းသားကြီးဇေယျသည် ၁၉၆၁ ခု၊ အသက် ၄၅ နှစ်မှ ၁၉၆၃ ခု အသက် ၄၇ နှစ်အထိမှ ဇာတ်ကားပေါင်း ၁၅ ကားသာ ရိုက်နိုင်တော့သည်။ အသက်အရွယ် ထောက်လာသဖြင့် ဇာတ်ကားရိုက်ရသည်မှာ ပင်ပန်းလာ၍ ဖြစ်သည်။

သူသည် ဇာတ်နဲများသာမက အထိုးအကြိတ် အသတ်အပုတ်ပါသော ဇာတ်ကြမ်းများပါ ရိုက်ကူးရရာ သဘာဝကျအောင်သရုပ်ဆောင်သဖြင့် ထိမိခိုက်မိသော ဒဏ်တို့ကို ပျို့ရွယ်စဉ်ကလောက် ခံနိုင်ရည် မရှိတော့ပေ။ အထူးသဖြင့် အချို့ဇာတ်ကားများတွင် သေဆုံးခန်းများ၌ သူကိုယ်တိုင် သေသူအဖြစ် သရုပ်ဆောင်ရိုက်ကူးခဲ့ရသည်။ ထိုအခါမျိုးတွင် ဒါရိုက်တာနှင့် ကင်မရာဆရာတို့က သူ့အား အသက်ကို အတတ်နိုင်ဆုံးအောင့်ထားခိုင်း သည်။ အသက်ကိုကြာရှည်စွာ အောင့်ထားရသဖြင့် ဇောချွေးများပြန်လာ သည်။ ရင်တွင်းမှာလည်း ပူလောင်ပြင်းပြသည့် ဝေဒနာကို ခံစားရသည်။ ဇောချွေးများနှင့် အဆီပြန်နေသော မျက်နှာကို ကင်မရာဆရာက အနီးကပ် ရိုက်ယူသည်။

'ကျုပ် သေဆုံးခန်းပါတဲ့ ရုပ်ရှင်ခန်း ရိုက်ကူးပြီးတဲ့နောက် သုံး ရက်လောက်ကြာအောင် မောပန်းနေတယ်ဗျာ၊ ဘာအလုပ်မှ မလုပ်နိုင်ဘူး၊ စိတ်အေးလက်အေးထားပြီး အနားယူရပါတယ်၊ တစ်နေ့မှာ အနားယူရာက

ရုပ်ရှင်ထဲမှာ အတုသေခန်း သရုပ်ဆောင်ရတာတောင် အလွန်ပင်ပန်းလှတယ်၊ တကယ်များ အစစ်သေရမယ်ဆိုရင် ဘယ်လောက်များ ခံစားရမလဲဆိုတဲ့ အတွေး ဝင်လာပါတယ်၊ ဘဝမှာ သက်သက်သာသာသေနိုင်အောင် အရေးကြီးပါတယ်၊ ဒီလိုသေနိုင်အောင်လဲ ဝိပဿနာတရားသာလျှင် အားထားရာရှိတယ်ဆိုတာကို စဉ်းစားမိသွားပါတယ်'ဟူ၍ ဦးပဥ္ဇင်းကြီး ဦးဇေယျက သူ ဝိပဿနာတရား စတင်လိုက်စားဖြစ်ပုံကို ပြောပြသည်။

## တရား စတင်အားထုတ်ပြီ

ဤအကြောင်းကို အိမ်နီးချင်းဖြစ်သူ အဆွေခင်ပွန်းကောင်း ပန်းချီဆရာကြီး ဦးမြတ်ကျော်ကို ပြောပြမိသည်။ ဦးမြတ်ကျော်သည် ထိုအချိန်က ဆရာကြီး ဦးခင်မောင်လတ်၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့နှင့် ဆက်သွယ်ကာ စွန်းလွန်းဝိပဿနာတရားကို အားထုတ်လျက်ရှိသည်။ သို့ဖြင့် ဦးမြတ်ကျော်၏ တိုက်တွန်းမှု၊ ဦးခင် (အငြိမ်းစားအရာရှိ)၏ အားပေးမှုဖြင့် စွန်းလွန်းဝိပဿနာတရားကို ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်တို့၏ ခြံဝင်းထဲရှိ ယာယီဓမ္မာရုံ၌ စတင် အားထုတ်လေတော့သည်။

## အသက် ၄၇ နှစ်မှ ၅၅ နှစ်အထိ

မင်းသားကြီးဇေယျသည် ၁၉၆၃ ခုနှစ်၊ အသက် ၄၇ နှစ်အရွယ်မှ ၁၉၇၁ ခုနှစ် အသက် ၅၅ နှစ် အရွယ်အထိ ဇာတ်ကားပေါင်း ၁၆ ကား အထိသာ ရိုက်ကူးခဲ့သည်။ ယင်းတို့တွင် ၁၉၆၄ ခုနှစ်၌ ၁၂၆ ဇာတ်ကား၊ ၁၉၆၅ ခုနှစ်၌ 'အောင်စစ်သည်၊ တွေ့မရှောင်၊ မျိုးချစ်သူ'၊ ၁၉၆၆ ခုနှစ်၌ 'လွမ်းဖြေရာ၊ မြတ်လေး'၊ ၁၉၆၇ ခုနှစ်၌ 'ဆန္ဒ'၊ ၁၉၆၈ ခုနှစ်၌ 'မွေးရင်ပန်'၊ ၁၉၇၀ ပြည့်နှစ်၌ 'သီတာသောင်ခြေဦး၊ ရေကြည်တစ်ပေါက်၊ နွေဦးကာလ မြူထသောအခါ'၊ ၁၉၇၁ ခုနှစ်၌ 'အကွေ့တစ်ထောင်၊ ကျွတ်ဆတ်ဆတ် မာကျောကျော၊ ချစ်ဝေ့လည်လည်၊ ထိုက်ထိုက်တန်တန်၊ ကြင်ဖော်တွဲချင်ရာလိမ့်မယ်၊ မချစ်လဲပြီး ချစ်လဲပြီး' ဇာတ်ကားတို့ဖြစ်သည်။

ဤဇာတ်ကားတို့တွင် အချို့ကားတို့၌ အဓိကဇာတ်ဆောင်မင်းသား နေရာ၌ ပါဝင်ရိုက်ကူးခဲ့သည်။ အချို့ဇာတ်ကားတို့၌ အဖေခန်း ဦးလေးခန်း စသည့် နေရာများမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။



ဇေယျာရွှေပြည်

## ယာမိုးနှင့် ဇော်မိုး

ထူးခြားသည်မှာ သူ၏ မိသားစုပိုင် ဇေယျာရွှေပြည် ရုပ်ရှင်ထုတ်လုပ်ရေး မှ ဇာတ်ကားအချို့ကို ရိုက်ကူးရာတွင် သူ၏သား မောင်ခင်ဆွေ (ယာမိုး)နှင့် မောင်အောင်ဝင်း (ဇော်မိုး)တို့ ရုပ်ရှင်နယ်သို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

မင်းသားကြီးဖေယျနှင့် ဇနီး ဒေါ်သန်းတင်တို့တွင် သားသမီးကိုး ယောက် ထွန်းကားသည်။ သူတို့မှာ မမြမြရီ၊ မမြမြဝင်း၊ မမြမြအေး၊ မောင်ခင်ဆွေ (ယာမိုး)၊ မရဲမေ၊ မောင်အောင်ဝင်း (ဇော်မိုး)၊ မဆန်းယဉ်လှ၊ မောင်ဝင်းမင်း၊ မောင်ပြည့်စုံတို့ ဖြစ်ကြသည်။

သူတို့ကိုးဦးတွင် ယာမိုးနှင့် ဇော်မိုးတို့နှစ်ဦးတို့က ဖခင်၏ခြေရာကို နင်းကာ ရုပ်ရှင်မင်းသား ဝင်လုပ်ကြသည်။ 'ထိုက်ထိုက်တန်တန်' ဇာတ်ကားတွင် ယာမိုးနှင့် ဇော်မိုးတို့သည် ဖခင်ဖေယျနှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။ ယင်းကားကို ၁၉၇၀ ပြည့်နှစ်တွင် ဖေယျာရွှေပြည်ရုပ်ရှင်မှ ရိုက်ကူးတင်ဆက်ခဲ့သည်။



**မင်းသား ယာမိုး၊ မင်းသားကြီးဖေယျ၊ မင်းသား ဇော်မိုး သားအဖသုံးဦး**

## စံပြဇနီးမောင်နှံ

မင်းသားကြီးဖေယျသည် အထက်ပါ ဇာတ်ကားများတွင် ပါဝင် သရုပ်ဆောင်၍ တစ်ဖက်ကလည်း ဝိပဿနာတရား အားထုတ်သည်။

စွန်းလွန်း ဝိပဿနာနည်းဖြင့်သာမက မိုးကုတ် ဝိပဿနာနည်းဖြင့်လည်း တရားအားထုတ်သည်။

ဇနီး ဒေါ်သန်းတင်သည် ယခင်က အားလပ်ချိန်ရတိုင်း ဘုရားရှိခိုးနေတတ်သည်။ နောက်ပိုင်းတွင်မူ မိုးကုတ်ဝိပဿနာနည်းဖြင့် တရားအားထုတ်လာသည်။ သူတို့ မောင်နှံနှစ်ဦးသည် အလွန်သင့်မြတ်ကြသည်။ နှစ်ပေါင်းများစွာကြာ ပေါင်းသင်း အတူနေထိုင်လာခဲ့ကြသော်လည်း လင်မယားရန်ဖြစ်သည်ဟူ၍ မရှိခဲ့ကြ။ 'နင်' 'ငါ'ဟူ၍ပင် ရင့်သီးသော စကားအသုံးအနှုန်းကို မသုံးခဲ့ကြ။ 'ခင်ဗျား'၊ 'ကျုပ်'ဟူ၍ ဇေယျက ပြောဆိုသုံးစွဲသည်။ ဒေါ်သန်းတင်က 'ရှင်'၊ 'ကျွန်မ'ဟူ၍သာ ပြောဆိုသုံးစွဲသည်။ ခိုက်ရန်ဒေါသ မဖြစ်ရုံမက ဆန့်ကျင်ဘက်စကားများပင် မပြောဆိုကြ။

ယခုကဲ့သို့ ခင်ပွန်းက ဝိပဿနာတရား အားထုတ်သောအခါ ဇနီးကလည်း ဝိပဿနာတရားကိုလိုက်၍အားထုတ်သည်။ တွဲဖက်ညီညီ စိတ်တူသဘောတူရှိကြသော ရှာမှ ရှားသည့် မောင်နှံနှစ်ဦးဖြစ်သည်။

## စွန့်လွှတ်ခြင်း

မင်းသားကြီးဇေယျသည် တစ်နေ့ထက်တစ်နေ့ လောကီကိစ္စများကို စိတ်ဝင်စားမှု နည်းပါးလာသည်။ အထူးသဖြင့် ဇေယျာရွှေပြည်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ဘဝကို ပို၍ စိတ်မဝင်စား ဖြစ်လာသည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင်ဘဝကို မပျော်မွေ့နိုင် ဖြစ်လာသည်။ သို့ဖြင့် သူသည် မချစ်လဲပြိုးချစ်လဲပြိုး ဓာတ်ကားကို သူပိုင် ဇေယျာရွှေပြည် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးပြီးနောက် လုပ်ငန်းအဝဝကို ရပ်နားလိုက်သည်။ ရုပ်ရှင်မင်းသားဘဝကိုလည်း အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ ထိုဓာတ်ကားမှာ (၂၈၊ ၆၊ ၈၁) နေ့တွင် ရုံတင်ပြသခဲ့သည်။ ထိုအချိန်၌ သူသည် အသက် ၆၉ နှစ်အရွယ် ရှိပေပြီ။ ရုပ်ရှင်ဓာတ်ကားပေါင်း ၁၃၄ ကား ပါဝင်သရုပ်ဆောင်ခဲ့ပြီးပြီ။

## စမ်းသပ်ကာလ

သူသည် ထိုဇာတ်ကားရုံတင်ပြီးနောက် သူ့ဇနီးနှင့် မိသားစုကို ခွင့်ပန်၍ ခြံထဲတွင် အိမ်ငယ်ကလေးတစ်လုံးဆောက်၍ တစ်ဦးတည်း ပြောင်းရွှေ့နေထိုင်သည်။ တရားဘာဝနာများ အထူးလိုက်စားသည်။ တစ်နေ့ သောအခါ လူ့ဘောင်ကိုစွန့်လွှတ်၍ ရဟန်းဘဝဖြင့် အရိုးထုတ်နေထိုင်သွားမည်ဟု ရည်မှန်းချက်ထားလိုက်သည်။ ထိုအတွင်း မိမိကိုယ်ကို စမ်းသပ်သော အနေဖြင့် ခေါင်းတုံးတုံးကာ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို မြဲမြံတည်ကြည်အောင် စောင့်ထိန်းသည်။ စိတ်ဆိုးစိတ်ညှံ့မဝင်အောင်၊ အတိမ်းအစောင်းမရှိအောင် မိမိကိုယ်ကို ကြိုးစားပြုပြင်သည်။ အလုပ်ကိစ္စအဝဝကို စွန့်ပယ်ရုံမက အခြား လူမှုရေးကိစ္စအဝဝကိုပါ စွန့်ပယ်လိုက်သည်။

ဤသို့ဖြင့် သုံးနှစ်ခန့်မျှ နေထိုင်လာခဲ့သည်။ ထိုစဉ်တစ်နေ့တွင် သူ၏အိမ်သို့ သုခုမရုပ်ရှင်ပိုင်ရှင် ဒေါ်နန်းရောက်လာသည်။ ဒေါ်နန်းက ဦးဖေယျအား စကားစမြည်ပြောရာမှ 'ဒီမယ် ကိုဖေယျ၊ ရဟန်းဝတ်မယ်ဆိုရင် ကျွန်မ ရဟန်းအမလုပ်ပါရစေ' ဟူ၍ ပြောဆိုသွားသည်။

## ရဟန်းဘဝသို့

သူ့စကားသည် ဦးဖေယျအတွက် ရဟန်းပြုရန် အချိန်တန်ပြီဟု သတိပေးလိုက်သလို ခံစားမိသည်။ မကြာမီပင် ဦးဖေယျသည် ဇနီးနှင့် မိသားစုများအားခေါ်ယူကာ မိမိရဟန်းဘဝသို့ အပြီးအပိုင်ကူးပြောင်းတော့မည် ဖြစ်ကြောင်း၊ ဒေါ်နန်းကလည်း ရဟန်းအမအဖြစ် ခံယူမည်ဟူ၍ ပြောကြောင်း ဖွင့်ဟပြောဆိုသည်။

ထိုအခါ ဒေါ်သန်းတင်က 'ကိုလှမောင် ရဟန်းဝတ်သွားမှာကို ကျွန်မ မတားလိုပါဘူး၊ ခွင့်ပြုပါတယ်၊ ဒါပေမယ့် ရဟန်းအမအဖြစ်တော့ ကျွန်မပဲ ခံယူပါရစေ' ဟူ၍ ပြောကြားသည်။ ဦးဖေယျကလည်း ဝမ်းမြောက်

ဝမ်းသာ လက်ခံလိုက်သည်။ သားသမီးများကလည်း မိခင်ကြီးနည်းတူပင် အနူးအညွတ်ခွင့်ပြုကြသည်။ တားမြစ်ခြင်းမပြုကြ။ ဖခင်၏ ဆန္ဒကို လိုလို လားလားပင် လိုက်လျောလိုက်ကြသည်။

ဤသို့ဖြင့် ၁၃၄၃ ခု၊ ဝါဆိုလဆန်း ၁၁ ရက်၊ (၂၇၊ ၇၊ ၁၉၈၁) တွင် ဦးဖေယျသည် ပြည်သူချစ်သော အနုပညာရှင်ဘဝကို အပြီးအပိုင် စွန့်လွှတ်လိုက်သည်။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာ ဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၊ ရွှေကျင်ကျောင်းတိုက်၊ သာသနဘိသေက သိမ်တော်မြတ်တွင် မြင့်မြတ်သော ရဟန်းဘဝကို ခံယူလိုက်သည်။ ပခုက္ကူ ဆရာတော်ဘုရားက ဥပဇ္ဈာယ်ပြုသည်။ မဟာဝိသုဒ္ဓါရုံဆရာတော် ဦးကောဏ္ဍ ညက အနုသာသနာပြုသည်။ ထိုနေ့မှစ၍ ရိုးရိုးကြီးဖေယျဘဝမှ အရှင် ဝဇီရာနန္ဒဘဝသို့ ရောက်ရှိသွားလေသည်။

## စွန့်လွှတ်ခြင်း

ရိုးရိုးကြီးဖေယျသည် အရှင်ဝဇီရာနန္ဒဘဝသို့ အသက် ၆၅ နှစ်အရွယ် တွင် ရောက်ရှိခဲ့သည်။ ထိုအချိန်၌ သူ၏ ဖခင်ဦးဖောင်လည်း ကွယ်လွန်ခဲ့ပြီ။ သူ၏ ယောက္ခမနှစ်ပါးဖြစ်သော ဦးဆန်းနှင့် ဒေါ်ငြိမ်းတို့လည်း ကွယ်လွန်ခဲ့ပြီ။ သူ၏ သားသမီးများလည်း အရွယ်ရောက်ကြပြီ။ အချို့ အိမ်ထောင်ရက်သား ကျ၍ သားသမီးများပင်ထွန်းကားနေကြပြီ။

သူသည် ဇနီး၊ သားသမီး၊ မြေးသံယောဇဉ်တို့ကို ဖြတ်တောက်ခဲ့ သည်။ ထိုမျှမက ဖေယျာရွှေပြည် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရရှိသော ဝင်ငွေ တို့ကိုလည်း စွန့်လွှတ်လိုက်သည်။ ထိုရုပ်ရှင်ထုတ်လုပ်ရေး မှတ်ပုံတင်ပိုင်ဆိုင် ခွင့်သည် သူ ရဟန်းဘဝသို့ အပြီးအပိုင် ရောက်ရှိသွားသဖြင့် ရပိုင်ခွင့် မရှိတော့ပေ။ သူ့ကိုယ်စား ဇနီးနှင့်သားသမီးများသည်လည်း ဆက်ခံခွင့် မရှိပေ။ ထိုအချိန်က မိမိကိုယ်တိုင် ဇာတ်ကားမထုတ်လုပ်ဘဲ အခြားသူ

တစ်ဦးဦးကို မှတ်ပုံတင်ခွင့် ငွားရမ်းလျှင်ပင် ဇာတ်ကားတစ်ကားလျှင် ကျပ် ၃၀၀၀၀ အောက်မနည်း ရရှိနိုင်သည်။ ထိုဝင်ငွေ ထိုအခွင့်အရေးကို သူသည် တည်ငြိမ်စွာဖြင့် စွန့်လွှတ်ခဲ့ပေသည်။

## ဆိတ်ငြိမ်အေးငြိမ်းရာသို့

သူသည် ရဟန်းဘဝသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဆိတ်ငြိမ်အေးငြိမ်းရာ အရပ်ကို မှီခိုသီတင်းသုံးရန် စီစဉ်သည်။ မကြာမီပင် စစ်ကိုင်းတောင်ရိုး၊ ညောင်တုန်းချောင်၊ ညောင်တုန်းကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသည်။

ရှေးယခင်က ညောင်တုန်းချောင်မှာ ရဟန်းတော်များ သီတင်းသုံးသော ချောင်မဟုတ်။ သီလရှင်ဆရာကြီးတစ်ပါး ဦးစီးတည်ထောင် သီတင်းသုံးသော ချောင်ဖြစ်သည်။ သို့ရာတွင် ထိုသီလရှင်ကြီး ကွယ်လွန်အနိစ္စရောက်သောအခါ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ သီလရှင်ဆရာကြီးသည် မကွယ်လွန်မီ မြေးဖြစ်သူ ရဟန်းတော် အရှင်တေဇောဘာသအား ထိုချောင်ကို လှူဒါန်းလွှဲအပ်ခဲ့သည်။ သီလရှင်ချောင်အဖြစ်မှ သံဃာတော်များ သီတင်းသုံးရာချောင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

သို့ဖြင့် အရှင်ဝဇီရာနန္ဒသည် ညောင်တုန်းကျောင်းထိုင်ဆရာတော် အရှင်တေဇောဘာသထံ ချဉ်းကပ်သည်။ 'အရှင်ဘုရား၊ ဘဝသံသရာ ဇာတ်ကားကို ကြည့်ဖူးသူတိုင်း တပည့်တော်ကို မေ့လို့မရပါဘူး ဘုရား၊ ဘဝသံသရာဇာတ်ကားမှာ တပည့်တော် အကယ်ဒမီဆု ရခဲ့ပါတယ်၊ ဘဝသံသရာဇာတ်ကား ပြသပြီးတဲ့နောက် တပည့်တော်ရဲ့ နာမည်ဟာ ယခင်ကထက် ပိုမိုထင်ရှားလာခဲ့ပါတယ်၊ ရေပန်းစားလာခဲ့ပါတယ်၊ အားပေးသူ လူထုပရိသတ်ဟာ အတိုင်းမသိအောင် များပြားလာခဲ့ပါတယ်၊ လူထုပရိသတ်ရဲ့ အားပေးချီးမြှင့်မှု ကျေးဇူးများကြောင့် တပည့်တော်တို့ မိသားစုရဲ့ စားဝတ်နေရေးလဲ ချောင်လည်ပြည့်စုံမှု ရခဲ့ပါတယ်၊ ဘဝသံသရာဇာတ်ကား

ရိုက်ကူးပြီးချိန်ကစပြီး တပည့်တော်ဟာ လောကီဘဝရဲ့ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ပါတယ်၊ ဘဝမှာ လောကီအရေး အောင်မြင်မှုရရုံနဲ့ မပြည့်စုံသေးပါဘူး ဘုရား၊ လောကုတ္တရာအရေး အောင်မြင်မှုရအောင် ကြိုးစားရပါဦးမယ်၊ ဘဝသံသရာဇာတ်ကားက တပည့်တော်ဘဝကို ရှေ့ပြေးနိမိတ်ပြသလို ဖြစ်ခဲ့ပါတယ်၊ လောကုတ္တရာအရေးမှာ အောင်မြင်မှုရအောင် ဘဝသံသရာကိုပြတ်အောင် ကြိုးစားရပါဦးမယ်၊ ဘယ်လို ကြိုးစားရပါ့မလဲ၊ ဘဝသံသရာပြတ်အောင် ဝိပဿနာတရားကို ကျကျနန ကြိုးစားအားထုတ်ရပါမယ်၊ ဒါကြောင့် တပည့်တော် ရဟန်းဘဝကိုကူးပြောင်းပြီး ဝိပဿနာတရားကို ကျကျနန အချိန်ပြည့်အားထုတ်နိုင်အောင် ကြိုးစားချင်ပါတယ်၊ ညောင်တုန်းကျောင်းတိုက်ဟာ ဘဝသံသရာကိုပြတ်အောင် ကြိုးစားရာအောင်မြေလို့ တပည့်တော် ခံယူထားပါတယ်၊ ဒါကြောင့် တပည့်တော်ကို ညောင်တုန်း ကျောင်းတိုက်မှာ နေထိုင်ခွင့်ပြုပါ၊ ဝိပဿနာတရားအားထုတ်နိုင်အောင် ပါရမီဖြည့်ပေးတော် မူပါ’ဟူ၍ ခွင့်ပန်သည်။

အရှင်တေဇောဘာသကလည်း ဝမ်းမြောက်ဝမ်းသာပင် လက်ခံတော်မူသည်။

## တရားအားထုတ်ရာ ဂူကြီး

အရှင်ဝဇီရာနန္ဒသည် ညောင်တုန်းချောင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုချောင်၏ ကျောက်နံရံရှိ မူလကရှိပြီးဖြစ်သော တရားအားထုတ်ရာ ဂူကြီးကို သေချာကျနစွာ စိတ်တိုင်းကျပြုပြင်သည်။ ထို့ပြင် ဂူအထက်တွင်လည်း စင်္ကြံလျှောက်ရာ ကျောင်းကြီးတစ်ဆောင်ကို သူ၏ စိတ်ကူးဖြင့် တီထွင်ဆောက်လုပ်သည်။

ထို့နောက် အရှင်ဝဇီရာနန္ဒသည် ဂူကြီးထဲတွင် ထိုင်သော ဣရိယာပုတ်ဖြင့်လည်းကောင်း၊ လျောင်းသော ဣရိယာပုတ်ဖြင့်လည်းကောင်း၊

တရားအားထုတ်သည်။ ပြီးလျှင် စင်္ကြံကျောင်းကြီးပေါ်သို့တက်၍ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုတ်ဖြင့် တရားအားထုတ်လေသည်။

## မိုးကုတ်တရား

သူသည် တရားအားထုတ်ရာတွင် သူနှင့်သင့်လျော်သော မိုးကုတ်နည်းဖြင့် တရားအားထုတ်သည်။

'ကျုပ်အဖို့ သဘောပေါက်နားလည်စေတဲ့ တရားကတော့ မိုးကုတ်ဆရာတော်ကြီးရဲ့ တရားပဲ ဖြစ်ပါတယ်၊ အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းက မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလရဲ့ 'ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း' ကြည့်ရှုစရာ စက်ဝိုင်းဒေသနာကို ခေါင်းထဲမှာ စွဲသွားအောင် လေ့ကျင့် မှတ်သားပါတယ်၊ လေ့ကျင့်မှတ်သားလို့ ကျေကျေညက်ညက်ရှိပြီဆိုတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့ ဝိပဿနာကျင့်စဉ် နိဿယအတိုင်း တရားအားထုတ်ပါတယ်'ဟူ၍ အရှင်ဝဇီရာနန္ဒက ဒကာများအား ဖွင့်ဟမိန့်တော်မူခဲ့သည်။


## သိမ်တော်အတွက်

ညောင်တုန်းချောင်တွင် ရဟန်းများသီတင်းသုံးရာ ကျောင်းများလည်း ရှိသည်။ တရားထိုင်ရာ ဂူကြီးလည်း ရှိသည်။ စင်္ကြံကျောင်းကြီးလည်း ရှိလာပြီ။ သို့သော် သိမ်တော်ဟူ၍ ကျကျနနမရှိသေး။ သည်တွင် အရှင်ဝဇီရာနန္ဒသည် သိမ်တော်ဖြစ်မြောက်ရန် ဆွေမျိုးများ၊ သားသမီးများ၊ မိတ်ဆွေသင်္ဂဟများကို နှိုးဆော်၍ ဒါနပြုစေသည်။ သူကိုယ်တိုင် စိတ်ကြိုက်ပုံစံထုတ်သည်။ ဆရာတော် အရှင်တေဇောဘာသနှင့် လက်တွဲဦးဆောင်ပြု၍ သိမ်တော်ကို တည်ဆောက်ကြသည်။

ရှေးဦးစွာ အရှင်နှစ်ပါးသည် သိမ်မြေသမုတ်ခြင်း စသည်တို့ပြုရန် အလုပ်သမားများကို ချောင်အဝင်ဝအနီးတွင် မြေနေရာ ရှင်းစေသည်။ မြေရှင်း ပြီးသောအခါ သိမ်ဆောက်ရန် ပန်းရန်များက စတင်လုပ်ဆောင်ကြသည်။

## ထူးဆန်းသောဂူ

တစ်နေ့တွင် ပန်းရန်တစ်ဦး ရုတ်တရက် မြေကျွံပြီး ကျောက်မြေတွင်း ထဲသို့ လိမ့်ကျသွားသည်။ တစ်ချောင်လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ လိမ့်ကျသူကို လျင်မြန်စွာ ဆွဲတင်ပြုစုကြသည်။ ထိုသူမှာ တစ်စုံတစ်ရာ



ကျောင်းထိုင်ဆရာတော် အရှင်တေဇောဘာသက သိမ်၏ အောက်ခြေမှ ထူးဆန်းစွာပေါ်လာသည့် လိုဏ်ဂူဝကို ပြသနေစဉ်

မထိခိုက်။ ပွန်းပဲ့ရုံမျှပင် ဒဏ်ရာမရ။ ထိုသူလိမ့်ကျရာနေရာမှာမူ ဂူကြီးတစ်ခု ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရှိရသည်။ ထိုဂူထဲတွင် မီးသွေးများ၊ ပြာများ၊ လုံ အကွဲ အပဲ့ များ ကို လည်း တွေ့ ရှိ ရ သည် ။ ထို ဂူ ကို ပိတ် မ ပစ်။ လက်ရာခြေရာမပျက်ထားရှိကာ ထိုဂူကိုငုံလျက် သိမ်တော်ဆောက်လုပ်ခဲ့ကြ သည်။

## ထူးဆန်းသော ရုပ်ပွားတော်မြတ်

ထိုထူးဆန်းသော ဂူကြီးကိုတွေ့ရှိပြီး မကြာမီပင် ဆရာတော် အရှင် တေဇောဘာသထံသို့ လူတစ်ယောက် ရောက်ရှိလာသည်။ သူနှင့်အတူ ရှေးဟောင်းဘုရား ရုပ်ပွားတော်တစ်ဆူလည်း ပါလာသည်။ ထိုရုပ်ပွားတော် ၏ လက်တော်တစ်ဖက်မှာ လက်ညှိုးတော် ခြောက်ချောင်း ထူးဆန်းစွာ ပါရှိသည်။ ထိုသူက ဆရာတော်အား ထိုဘုရားရုပ်ပွားတော်ကို အလှူခံပါရန် လျှောက်ထားသည်။

'တပည့်တော်ကို မိတ်ဆွေတစ်ဦးက အခုယူလာတဲ့ဘုရားကို ပူဇော်ဖို့ ပေးအပ်ပါတယ် ဘုရား၊ တပည့်တော်ကလဲ ဝမ်းမြောက်ဝမ်းသာလက်ခံပူဇော် ထားပါတယ်၊ မကြာပါဘူး ဘုရား၊ တပည့်တော် အချုပ်ခံရပါတယ်၊ အချုပ် ခန်းထဲရောက်တော့ အတွေ့အကြုံရှိသူ အချုပ်သားတစ်ဦးက 'ခင်ဗျား ဒီကနေ့ည ဘုရားဝတ်ပြုရင် အဲဒီ ရှေးဟောင်းဘုရားကို ဘုန်းတော်ကြီး ကျောင်းမှာ လှူပါမယ်လို့ ကတိသစ္စာပြုပြီး ရှိခိုးအိပ်ပါ၊ အကျိုးထူးပါလိမ့်မယ်' လို့ ပြောဆိုပါတယ်၊ တပည့်တော်လဲ သူပြောတဲ့အတိုင်း ပြုလိုက်ပါတယ်၊ အံ့ဖွယ်ကောင်းလောက်အောင်ပဲ နောက်တစ်နေ့မှာ အချုပ်က လုံးဝလွတ်ကင်း ခဲ့ပါတယ်၊ ဒါကြောင့် ဒီဘုရားကို ကတိသစ္စာပြုတဲ့အတိုင်း ဆရာတော့်ကျောင်း ကို လာရောက်လှူပါတယ် ဘုရား' ဟု ထိုသူက ရှင်းလင်းလျှောက်ထားသည်။

ဆရာတော်လည်း ထိုရုပ်ပွားတော်ကို ဝမ်းမြောက်ဝမ်းသာပင် လက်ခံ လိုက်သည်။ သိမ်တော်တွင် ပူဇော်ထားရှိသည်။



**လက်ညှိုးတော် ၆ ချောင်းရှိသော ထူးခြားသည့် ရုပ်ပွားတော်**

ထိုလက်ညှိုးတော် ခြောက်ချောင်းပါရှိသော ရုပ်ပွားတော်မြတ်နှင့် ပတ်သက်၍ ဆရာတော်တို့ အလွန်သိချင်သောဆန္ဒ ဖြစ်ပေါ်ခဲ့သည်။

သို့ဖြင့် စာဟောင်းပေဟောင်းများတွင် ရှာဖွေလေ့လာကြည့်ကြသည်။ ကံအားလျော်စွာပင် ရှေးစာအုပ်ဟောင်းတစ်အုပ်၌ ‘ဟံသာဝတီဆင်ဖြူရှင်

မင်းတရားကြီးဘွဲ့တော်ခံ ဘုရင့်နောင်ကျော်ထင် မင်းတရားကြီးလက်ထက် ကောဇာသက္ကရာဇ် ၉၃၈ ခုနှစ်တွင် နှစ်ပေါင်း ၃၇၂ နှစ်ကြာမျှ ယိုယွင်းပျက်စီးနေသော စေတီတော်ကို ပြုပြင်တော်မူသည်။ ဘုရားကိုရည်စူး၍ နောင်သောအခါ သာသနာပြုထိုက်သူ ရောက်သော် အလွယ်တကူ ရယူ၍ ဘုရားကို ပူဇော်စေနိုင်ရန် မိဋ္ဌာန်တော်မူသည်။ ရတနာတို့ကိုသိုပြီး အထက်မှာ ဘုရားစေတီတစ်ဆူတည်သည်။ ထိုနောက် လက်ညှိုးတော် ခြောက်ချောင်းရှိတော်မူသော ရုပ်ပွားတော်တစ်ဆူကို ထိုစေတီ လိုဏ်ဝတွင် ထည့်သွင်းတည်ထားတော်မူသည်’ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

ဆရာတော်တို့က ထိုစေတီမှာ ယခု တောထွက်ဘုရားဟုတွင်၍ မွေတော်ဘုရားကြီး၏ အနောက်ဘက် တစ်ရပ်တစ်ခေါ်မျှဝေးသော နေရာတွင်ရှိသည့် ဘုရားဖြစ်မည်။ ယခု အလှူခံရရှိသည့် လက်ညှိုးတော် ခြောက်ချောင်းပါ ရုပ်ပွားတော်မှာ ထိုဘုရားစေတီမှ ဖြစ်လိမ့်မည်ဟုယူဆကြပေသည်။

## သားကြီးကွယ်လွန်

အရှင်ဝဇီရာနန္ဒ (ဦးဇေယျ)သည် စစ်ကိုင်းချောင်၊ ညောင်တုန်းကျောင်းတိုက်၌ သီတင်းသုံးလျက် တရားအားထုတ်နေသည်မှာ တစ်နှစ်ပင် မပြည့်သေး။ ထိုစဉ် သားကြီးကိုခင်ဆွေ (ယာမိုး)သည် နှလုံးအမြှေးရောင်ရောဂါဖြင့် ကွယ်လွန်သွားရှာသည်။

ထိုအချိန်၌ ယာမိုးသည် အသက် ၃၇ နှစ် အရွယ်သာ ရှိသေးသည်။ အိမ်ထောင်ပင်မပြုရသေး။ ၁၉၈၂ ခုနှစ်၊ ဧပြီလတွင် ကွယ်လွန်ခြင်းဖြစ်သည်။ ရုပ်ရှင်လောကတွင် တက်သစ်စမင်းသားအဖြစ် နာမည်ရစပြုနေပြီ။

‘မောင်ခင်ဆွေဟာ သားတွေထဲမှာ အကြီးဆုံးဖြစ်တယ်၊ ကျုပ်ရုပ်ရှင်က အနားယူချိန်မှာ မန္တလေးကနာမည်ကြီး ‘ငွေတောင်’ဆေးလိပ်ကို ရန်ကုန်အတွက် ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ပြီး အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တယ်၊ ဒီလိုဆောင်ရွက်ရင်း မင်းသားဝင်လုပ်တာ အောင်မြင်မှုလဲ

ရစပြုနေပြီ၊ ကျုပ်ကိုယ်စား အိမ်ထောင့်တာဝန်ကိုယူပြီး အထောက်အပံ့ပြုနေတဲ့ အားကိုးရတဲ့သားကြီး ဖြစ်တယ်၊ သူကွယ်လွန်တော့ ကျုပ် စိတ်မကောင်းခြင်းလဲ ဖြစ်မိတယ်၊ နှမြောခြင်းလဲ ဖြစ်မိတယ်၊ ဒါပေမယ့် သတ္တဝါတွေဟာ သူ့ကံနဲ့သူ ဖြစ်လာကြတာပဲ၊ ဘယ်သူမှ ပြုပြင်စီရင်လို့ မရနိုင်ဘူးလို့ သံဝေဂယူခဲ့တယ်၊ ပရိဒေဝမီး မတောက်လောင်အောင် ထိန်းခဲ့ပါတယ်၊ အလားတူပဲ ဒေါ်သန်းတင်နဲ့ သားသမီးများကိုလဲ ပရိဒေဝမီးကို ထိန်းနိုင်အောင် တရားချခဲ့ရတယ်’ ဟူ၍ အရှင်ဝဇီရာနန္ဒက ဖွင့်ဟမိန့်ကြားခဲ့သည်။

ချီးကျူးဖွယ်၊ အတုယူဖွယ် ကောင်းလှသည်။ သူသည် သားသေသည်ကို မည်သူ့ကိုမျှ ဒုက္ခမပေး၊ စိတ်အနှောင့်အယှက်မပေး၊ သတင်းစာထဲပင် မထည့်။ သား၏ ရုပ်ကလာပ်ကို သုံးရက်၊ ငါးရက် စသည်ဖြင့်မထား။ နေ့ချင်းပင် သင်္ဂြိုဟ်လိုက်သည်။

သူ၏ အဆုံးအမကြောင့် မိသားစုများသည်လည်း အော်ဟစ်မငိုကြွေးကြ။ ပရိဒေဝမီးကို အစွမ်းကုန် ထိန်းခဲ့ကြသည်။ အချို့မိတ်ဆွေများက ထိုအချိန်တွင် သူတို့အိမ်မှာ အသုဘအိမ်နှင့်ပင် မတူ၊ အံ့ချီးဖွယ် တည်ငြိမ်လှကြောင်း ပြောစမှတ်ပြုခဲ့ကြသည်။

## မြတ်စွာဘုရား၏ အဆုံးအမ

အရှင်ဝဇီရာနန္ဒသည် ငါးရာ့ငါးဆယ်ဇာတ်တော်ဝင်၊ ဥရဂဇာတ်တော်လာ ဘုရားလောင်း ပုဏ္ဏားကြီးကဲ့သို့ လက်တွေ့ကျင့်ကြံနိုင်သူ ဖြစ်သည်။

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူချိန်က ဖြစ်သည်။ တစ်နေ့သ၌ သာဝတ္ထိမြို့မှ သူကြွယ်တစ်ယောက်သည် သားသေလွန်သဖြင့် ပူဆွေးသောကရောက်နေသည်။ ဆောက်တည်ရာမရ ဖြစ်နေသည်။ ထိုအကြောင်းကို မြတ်စွာဘုရားကြားသိတော်မူသောအခါ နောက်ပါ ရဟန်းတစ်ပါးနှင့်အတူ ထိုသူကြွယ်အိမ်သို့ ကြွတော်မူသည်။

'သူကြွယ်အား 'ဒါယကာ၊ ပြိုကွဲတတ်သောသဘောရှိသည့် ဝတ္ထု သည် ပြိုကွဲတတ်သည်သာတည်း၊ ပျက်စီးတတ်သောသဘောရှိသော ဝတ္ထု သည် ပျက်စီးတတ်သည်သာတည်း၊ ထိုသို့ပြိုကွဲပျက်စီးတတ်ခြင်းသည် တစ်အိမ်တည်း၌သာမဟုတ် စကြဝဠာအနန္တ၌ရှိသော ၃၁ ဘုံလုံး၌ ပြိုကွဲ ပျက်စီးကြကုန်သည်၊ ရှေးပညာရှိတို့သည် သားသေသော်လည်း သေတတ် သည့် သဘောရှိသော ဝတ္ထုသည် သေမြဲဖြစ်၏၊ ပျက်စီးတတ်သည့်သဘော ရှိသော ဝတ္ထုသည် ပျက်စီးမြဲဖြစ်၏ဟု နှလုံးသွင်း၍ မစိုးရိမ်ကြကုန်'ဟူ၍ သတိပေး ဆုံးမတော်မူသည်။ ထို့နောက် အောက်ပါအတိတ်ဇာတ်ဖြစ်သော ဥရဂဇာတ်ကို ဟောတော်မူသည်။

## ဥရဂဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီမြို့တံခါးအနီးရှိ ရွာ၌ ပုဏ္ဏား မျိုးနွယ် လယ်သမားဇနီးမောင်နှံနေကြသည်။ သူတို့မောင်နှံအိမ်တွင် သား၊ ချွေးမ၊ သမီးနှင့် အိမ်ဖော်မိန်းမတို့ နေထိုင်ကြသည်။ အားလုံးပင် လယ်ယာ လုပ်ငန်းကို စုပေါင်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။

ဤမိသားစု၏ အကြီးအမှူးဖြစ်သောပုဏ္ဏားကြီးသည် အလွန် တရား ပြည့်ဝသည်။ ကောင်းမှုကို အလွန်မြတ်နိုးသည်။ ထို့ကြောင့် အိမ်သူအိမ်သား တို့အား 'အလှူပေးကြကုန်၊ သီလစောင့်ကြကုန်၊ သေခြင်းတရားကို အောက် မေ့ ဆင်ခြင်ကြကုန်၊ ခပ်သိမ်းသောအရာတို့သည် မမြဲ၊ အားလုံးသောသတ္တဝါ တို့သည် မမြဲ၊ ပျက်စီးကြရသည်၊ သေကြရသည်၊ မမေ့မလျော့ကြနှင့်၊ သတိရှိကြကုန်'ဟူ၍ အစဉ်ဆုံးမလေ့ရှိသည်။ အိမ်သူ အိမ်သားတို့လည်း ပုဏ္ဏားကြီး ဆုံးမသည့်အတိုင်းပင် လိုက်နာကြသည်။

တစ်နေ့သ၌ ပုဏ္ဏားကြီးသည် သားနှင့်အတူ လယ်တောသို့ဆင်း၍ လယ်ထွန်သည်။ ထိုစဉ် သားသည် မြွေကိုက်ခံရပြီး လဲကျသေဆုံးသွား ရှာသည်။

အဖပုဏ္ဏားကြီးသည် သားထံပြေးလာသည်။ အသက်မမီတော့ပေ။ ဤတွင်သားအလောင်းကို ညင်သာစွာပွေ့ချီကာ သစ်ပင်ရိပ်တစ်ခု၌ ချထားသည်။ ပူဆွေးငိုကြွေးခြင်းမပြု။ လယ်ကိုသာ ဆက်လက်ထွန်မြဲထွန်နေသည်။

မကြာမီ အိမ်နီးချင်းယောက်ျားတစ်ယောက် ဖြတ်သန်းသွားသည်ကို မြင်လိုက်သည်။ ထိုအခါ ပုဏ္ဏားကြီးက 'အမောင်၊ ငါတို့အိမ်သို့ ဝင်သွားပေးပါ၊ ပုဏ္ဏေးမအားပြောပါ၊ အခါတိုင်းကဲ့သို့ နှစ်ယောက်စာထမင်းကို အိမ်ဖော်မအား မပို့ခိုင်းပါနှင့်၊ တစ်ယောက်စာ ထမင်းကိုသာ ပို့ခိုင်းပါ၊ ထို့ပြင် အိမ်ဖော်မတစ်ယောက်တည်းသာမဟုတ် တစ်အိမ်သားလုံး လာခဲ့ကြ ပါ၊ ပန်းနံ့သာများလဲ ယူဆောင်လာခဲ့ကြပါ'ဟူ၍ မှာကြားလိုက်သည်။

အိမ်နီးချင်းယောက်ျားလည်း ပုဏ္ဏားအိမ်သို့သွားကာ မှာကြားသည့်အတိုင်း ပြောကြားသည်။ ပုဏ္ဏေးမသည် ထိုစကားကိုကြားလျှင်ပင် သားသေဆုံးသည်ကို ရိပ်မိလိုက်သည်။ သို့ရာတွင် ပူဆွေး ငိုကြွေးခြင်းမပြု။ အိမ်သားအားလုံးကို ခေါ်ကာ လယ်တောသို့လာခဲ့ကြသည်။

ရောက်လျှင် ထင်သည့်အတိုင်းပင် သားသေဆုံးနေသည်ကို တွေ့မြင်ကြရသည်။ သို့ရာတွင် အားလုံးပင် တရားကိုနှလုံးသွင်းထားကြပြီး ဖြစ်သဖြင့် ပူဆွေးခြင်း မရှိကြ။ ငိုကြွေးခြင်း မပြုကြ။

ပုဏ္ဏားကြီးသည် သားအလောင်းထားသော သစ်ပင်ရိပ်မှာပင် ထမင်းစားသည်။ ပြီးလျှင် အိမ်သားအားလုံးသည် ထင်းများကိုရှာဖွေစုပုံသည်။ ထင်းပုံထက်သို့ အလောင်းကိုတင်လျက် ပန်းနံ့သာတို့ဖြင့် ဆွတ်ဖျန်း၍ ကောင်းစွာ မီးသင်္ဂြိုဟ်ကြသည်။ တစ်ဦးတစ်ယောက်မျှ မျက်ရည်မကျ။ သေခြင်းတရားကိုသာ ဆင်ခြင်ပွားများ၍ နေကြသည်။

သူတို့၏ တရားတန်ခိုးကြောင့် သိကြားမင်းသည်မနေသာ။ ထိုနေရာသို့ကြွလာပြီးလျှင် မေးမြန်းစုံစမ်းသည်။

'ပုဏ္ဏားကြီး၊ သင်သည် သားကို မချစ်ပြီလော'

'အရှင်၊ ကျွန်ုပ်တို့၏သားကို ကျွန်ုပ်တို့ အလွန်ချစ်လှပါသည်'

'အလွန်ချစ်သောသား ဖြစ်ပါလျက် သေဆုံးသည်ကို အဘယ့်ကြောင့် မငိုကြွေးပါသနည်း'

'အရှင်၊ မြွေသည် အရေဟောင်းကို စွန့်ခွာသွားသကဲ့သို့ ကျွန်ုပ်၏ သားသည်လည်း ခန္ဓာကိုယ်ကို စွန့်၍ သွားလေပြီ၊ ကျွန်ုပ်တို့ ပူဆွေးငိုကြွေးခြင်းကို သားသည် သိနိုင်မည် မဟုတ်တော့ပါ၊ ထို့ကြောင့် ကျွန်ုပ်တို့ ပူဆွေးငိုကြွေးခြင်း မပြုပါ'

ထို့နောက် သိကြားမင်းသည် ပုဏ္ဏေးမကြီးကို မေးမြန်းစုံစမ်းပြန်သည်။

'မိခင်၊ အဖသည် ယောကျ်ားဖြစ်၍ စိတ်နှလုံးခိုင်သောကြောင့် မငိုကြွေးသည်ကား ရှိစေတော့၊ အမိမည်သည် စိတ်နှလုံး နူးညံ့ပါလျက်နှင့် သားသေသည်ကို အဘယ့်ကြောင့် မငိုကြွေးပါသနည်း'

'အရှင်၊ ကျွန်ုပ်၏ သားသည် မခေါ်ယူရဘဲ ဘဝတစ်ပါးမှ ကျွန်ုပ်တို့ထံ ရောက်လာပါသည်၊ ယခုလည်း ကျွန်ုပ်တို့ ခွင့်မပြုဘဲ ဘဝတစ်ပါးသို့ ပြောင်းသွားပြန်ပါသည်၊ အလိုအလျောက်လာ၍ အလိုအလျောက်ပြန်သွားရာ ငိုကြွေးခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း၊ ငိုကြွေးလျှင်လည်း သားသည် သိမည်မဟုတ်'

သိကြားမင်းသည် လုလင်၏ နှမကို မေးပြန်သည်။

'နှမ၊ နှမတို့မည်သည် မောင်ကို ချစ်တတ်၏၊ ယခု အဘယ်ကြောင့် မငိုကြွေးပါသနည်း'

'အရှင်၊ သေဆုံးသဖြင့် မီးသဂြိုဟ်ခြင်းခံနေရသော မောင်သည် ဆွေမျိုးတို့ ငိုကြွေးသည်ကို အဘယ်မှာလျှင် သိနိုင်ပါမည်နည်း၊ မိမိသွားရာ လားရာဂတိသို့သာ သွားပေပြီ၊ ကျွန်ုပ် ငိုကြွေး၍ အကျိုးထူးပါမည်လော'

ထို့နောက် သိကြားမင်းသည် သားလုလင်၏ ဇနီးကို မေးမြန်းပြန်သည်။

'နမ၊ မိန်းမတို့မှာ လင်ယောကျ်ား သေလတ်သော် ကိုးကွယ်ရာ မရှိကုန်၊ မုဆိုးမဖြစ်ကုန်၏၊ အဘယ့်ကြောင့် သင် မငိုကြွေးပါသနည်း'

'အရှင်၊ သေသူကိုစိုးရိမ်တမ်းတငိုကြွေးနေသောသူသည် ကောင်းကင်ရှိ လမင်းကို 'ပေးပါ၊ ပေးပါ'ဟု တောင်းရမ်းငိုကြွေးနေသော သူငယ်နှင့်မတူပါလော၊ ထို့ကြောင့် ကျွန်ုပ် ငိုကြွေးခြင်းမပြုပါ'

သိကြားမင်းသည် အိမ်ဖော်မိန်းမကို မေးမြန်းပြန်သည်။

'နမ၊ သေသူသည် သင့်အား ရိုက်နှက်ပုတ်ခတ်သူ ဖြစ်လိမ့်မည်၊ ထို့ကြောင့် သင် မငိုကြွေးခြင်း ဖြစ်ရာသည်'

'အရှင်၊ သည်စကားမျိုးမဆိုသင့်ပါ၊ သေသူ အကျွန်ုပ်၏ အရှင်သည် ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသူဖြစ်ပါသည်၊ ကျွန်ုပ်များစွာ လေးစားမြတ်နိုးလှပါသည်၊ သို့ရာတွင် ယခု သေလွန်သည့်အတွက် ငိုကြွေးခြင်းဖြင့် အကြောင်းမထူးပါ၊ ကွဲသွားသော အိုးသည် တစ်ဖန်ပြန်၍ မဆက်စပ်နိုင်တော့ပါ၊ ထို့အတူ သေသူအတွက် ငိုကြွေးသော်လည်း ပြန်၍ မရှင်လာနိုင်တော့ပါ'

သိကြားမင်းသည် ဤငါးဦး၏ တရားပြည့်ဝသော စကားကို ကြားရသောအခါ လွန်စွာ လေးစားကြည်ညိုသွားသည်။ 'သင်တို့သည် သေခြင်းတရားကို ဆက်လက်ရှုပွားကြလော့၊ ယနေ့မှစ၍ ပင်ပန်းစွာ အလုပ်မလုပ်ကြနှင့်တော့၊ သင်တို့အိမ်၌ ရတနာခုနစ်ပါးတို့ဖြင့် အစဉ်ပြည့်နှက်နေအောင် ငါ မစမည်၊ အေးငြိမ်းစွာနေကြလော့၊ အလှူပေး၍ ဥပုသ်သီတင်း စောင့်ကြကုန်လော့' ဟုဆိုကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

မြတ်စွာဘုရား၏ ဤဇာတ်တော်ကို ကြားနာရသောအခါ သူကြွယ်သည် ပရိဒေဝမီးငြိမ်း၍ သောတာပတ္တိဖိုလ်၌ တည်လေသည်။

မြတ်စွာဘုရားက 'ဇာတ်ပေါင်းသော် အိမ်ဖော်မသည် ခုဇ္ဇုတ္တရာ၊ သမီးသည် ဥပ္ပလဝဏ်၊ သားသည် ရာဟုလာ၊ အမိသည် ခေမာ၊ ပုဏ္ဏားသည် ငါဘုရားဖြစ်လာပြီ'ဟူ၍ မိန့်တော်မူသည်။

## အတုယူဖွယ် ပုဂ္ဂိုလ်ထူး

ဤဇာတ်တော်လာ ဘုရားလောင်း ပုဏ္ဏားကြီးအတိုင်းပင် အရှင်ဝဇီရာနန္ဒသည် ပရိဒေဝမီးကို ထိန်းနိုင်ခဲ့သည်။ မိသားစုကိုလည်း သူ့နည်းတူ ထိန်းနိုင်အောင် ဆုံးမနိုင်ခဲ့ပေသည်။ အတုယူဖွယ် ပုဂ္ဂိုလ်ထူးပင်။

## သက်ဆိုးမရှည်သော သားများ

အရှင်ဝဇီရာနန္ဒ (ဦးဇေယျ)၏ သားများသည် သက်ဆိုးမရှည်ရှာကြပေ။ ပထမသား မင်းသားယာမိုး ကွယ်လွန်ပြီးနောက် နှစ်နှစ်ခန့်အကြာတွင် မင်းသား ဇော်မိုး (ကိုအောင်ဝင်း) ကွယ်လွန်ရှာသည်။ ၁၉၈၄ ခု၊ ဇူလိုင်လတွင် ရေနစ်၍ ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ အသက် ၃၄ နှစ်အရွယ်သာ ရှိသေးသည်။ သူသည် အိမ်ထောင်ရှင်ဖြစ်သည်။ ဇနီး မရီလေး၊ သမီး မထက်ထက်အောင်နှင့် သမီး မခက်ခက်အောင်တို့ ကျန်ရစ်သည်။

ထို့နောက် တတိယသား ကိုပြည့်စုံ ကွယ်လွန်ပြန်သည်။ ၁၉၈၈ ခု၊ မတ်လတွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ အသက် ၃၃ နှစ်အရွယ်သာ ရှိသေးသည်။ သူသည်လည်း အိမ်ထောင်ရှင်ဖြစ်သည်။ ဇနီး မမိမိခိုင်နှင့် သမီး မအိအိပြည့်စုံတို့ ကျန်ရစ်သည်။

ကိုပြည့်စုံ ကွယ်လွန်ပြီး တစ်နှစ်ကျော်အကြာတွင် ဒုတိယသား ကိုဝင်းမင်း ကွယ်လွန်ပြန်သည်။ ၁၉၈၉ ခု၊ စက်တင်ဘာလတွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ အသက် ၃၅ နှစ်အရွယ်သာရှိသေးသည်။ အိမ်ထောင်ရှင် ဖြစ်ရာ ဇနီး မနွယ်နီအောင်၊ သား မောင်အောင်ရဲဝင့်၊ သမီး မဖြူ နှင်းပွင့်၊ သား မောင်အောင်ရဲရင့်၊ သမီး မဝတ်မှုန်တို့ ကျန်ရစ်သည်။

အရှင်ဝဇီရာနန္ဒသည် မကြုံစဖူး ထူးထူးကဲကဲ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သားများအားလုံး ကွယ်လွန်ကုန်ကြသည်ကို သံဝေဂယူမိသည်။ ရှင်ခြင်း၊ သေခြင်း ဆိုသည်မှာလည်း သူ့ဘဝကံ၊ သူ့အကျိုးပေးအတိုင်း ဖြစ်ကြရသည်ကို အထူးဆင်ခြင်မိသည်။ နှလုံးသွင်းမိသည်။

ပထမသား ကိုယာမိုး ကွယ်လွန်ခဲ့စဉ်ကအတိုင်းပင် သားများ၏ အသုဘကို အကျယ်မချဲ့၊ နေ့ချင်းသင်္ဂြိုဟ်စေခဲ့သည်။ ပရိဒေဝမီးကိုမိမိလည်း ထိန်းနိုင်ခဲ့သည်။ ဒေါ်သန်းတင်နှင့် မိသားစုများကိုလည်း ထိန်းစေခဲ့သည်။

## မင်းကွန်းဆရာတော်ကြီး၏ အဆုံးအမနှင့်အညီ

အရှင်ဝဇီရာနန္ဒသည် ရဟန်းဘဝဖြင့် နေထိုင်ရာတွင် တိပိဋကရေ မင်းကွန်းဆရာတော်ကြီး၏ အဆုံးအမကို အစွမ်းကုန်လိုက်နာခဲ့သည်။ ဆရာတော်ဘုရားကြီးသည် တစ်ခါကတရားဟောရာတွင် ‘တောထွက်ရဟန်းကြီးများ သက်န်းရုံရာတွင် မသပ်ရပ်၊ ဖရိုဖရဲနိုင်လှသည်၊ ထိုသို့မဖြစ်သင့်’ဟု ထည့်သွင်းဆုံးမ ဟောကြားခဲ့ဖူးသည်။

ထိုတရားကို တိပ်ခွေဖြင့် သွင်းထားရာ အရှင်ဝဇီရာနန္ဒ နာယူမိသည်။ သူသည် ထိုတရားကို အမြဲကြားယောင်နေသည်။ သို့ဖြင့် သက်န်းကို သပ်ရပ်စွာ ဝတ်ရုံသည်။ ရဟန်းသိက္ခာပုဒ်ကို တိကျစွာလိုက်နာသည်။ ကျောင်းဝင်းအပြင်ထွက်လျှင် အမြဲသက်န်းရုံပြီးမှ ထွက်သည်။ ထို့ပြင်မက မြင်းလှည်း၊ နွားလှည်းများကိုလည်း လုံးဝမစီးပေ။ ခရီးဝေးကြွရန်ရှိ၍ မော်တော်ကားမရလျှင် မြင်းလှည်းမစီး။ ခြေကျင်ပင်ကြွတော်မူသည်။

## ကျန်းမာရေးချို့တဲ့လာ

အရှင်ဝဇီရာနန္ဒသည် ရဟန်းပြုရာ၌ ပဋိပတ္တိကျင့်စဉ်ကို အလေးထား ဦးစားပေးသည်။ တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ တရားအားထုတ်သည်။ ယင်းသို့ အားထုတ်သည်နှင့်အမျှ တရားအရသာကိုလည်းတွေ့သည်။ စိတ်ချမ်းမြေ့ခြင်း အထူးဖြစ်မိသည်။

သို့ရာတွင် ဂူထဲတွင် တရားထိုင်ချိန်များလွန်းသဖြင့် ခန္ဓာကိုယ်မှာ အနည်းငယ် ချွတ်ယွင်းလာသည်။ ခြေများရောင်လာသည်။ ထိုအကြောင်းကို

ကျောင်းထိုင်ဆရာတော် အရှင်တေဇောဘာသ သိရှိသောအခါ အချိန်အတိုင်း အတာဖြင့် တရားအားထုတ်ရန် သတိပေးသည်။ အရိယာပုတ်လေးပါး မျှတအောင် ကျင့်ကြံအားထုတ်ရန်လည်း အကြံပေးသည်။ အရှင်ဝဇီရာနန္ဒ ကလည်း သတိပေး အကြံပေးသည်ကို ဝမ်းမြောက်ဝမ်းသာပင် နာယူသည်။



ဂူတွင်း၌ တရားမှတ်နေသော အရှင်ဝဇီရာနန္ဒ

## ဒေါ်သန်းတင်၏ မေတ္တာ

ရန်ကုန်တွင်ကျန်ရစ်သော ဇနီးဒေါ်သန်းတင်သည် အရှင်ဝဇီရာနန္ဒ တရား၌ပျော်မွေ့၍ စိတ်ချမ်းမြေ့နေကြောင်း ကြားသိရသောအခါ များစွာ ဝမ်းသာသွားမိသည်။ သူသည် ခင်ပွန်းဖြစ်သူ ဦးလှမောင် စိတ်ချမ်းသာရေး ကိုသာ အဓိကထားသူ ဖြစ်သည်။

ဦးလှမောင် မင်းသားဖေယျ ဘဝဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားနေချိန်က ဖြစ်သည်။ ရုပ်ရှင်မင်းသမီးတစ်ဦးသည် ကိုဖေယျကို ချစ်မြတ်နိုးလှသဖြင့် ဒုတိယဇနီးအဖြစ် လက်ထပ်ယူရန်ပင် ကြိုးစားခဲ့သည်။ ထိုအကြောင်းကို ဒေါ်သန်းတင်အား မင်းသမီးက တီးခေါက်ကြည့်သည်။

'အစ်မကြီး၊ အစ်ကိုကြီး နောက်အိမ်ထောင်ပြုမယ်ဆိုရင် ဘယ်လိုသဘောထားပါသလဲ၊ ခွင့်ပြုနိုင်ပါ့မလား'

'ခွင့်ပြုရမှာပေါ့ကွယ်၊ ကိုလှမောင် စိတ်ချမ်းသာမယ်ဆိုရင် အစ်မကြီးက ဘာမဆို ခွင့်ပြုမှာပဲ၊ သူ့ခမျာ အစ်မကြီးတို့ကို နေ့မအား ညမအား အပင်ပန်းခံပြီး လုပ်ကျွေးပြုစုခဲ့တဲ့ ကျေးဇူးက ဆပ်လို့မကုန်အောင် တင်ရှိနေတာပဲ၊ သူ စိတ်ချမ်းသာမယ်ဆိုရင် အစ်မကြီးက သဘောတူပါတယ်ကွယ်'


ဤသို့လျှင် ဒေါ်သန်းတင်သည် ဇနီးများစွာတို့ ပြုနိုင်ခဲသော၊ ခွင့်မလွှတ်နိုင်ခဲသော အမှုကိုပြုနိုင်သူ၊ ခွင့်လွှတ်နိုင်သူ မိန်းမထူးဖြစ်သည်။ ထိုမိန်းမထူး၊ ဇနီးထူးကိုလည်း ကိုဖေယျ အလေးအမြတ်ထားခဲ့သည်။ အဆိုပါမင်းသမီးက သူ့အားမေတ္တာထား၍ ပေါင်းသင်းနေထိုင်ရန် အမျိုးမျိုးကြိုးစားခဲ့သော်လည်း သူသည် ထိန်းနိုင်ခဲ့သည်။ ရှန်းကန်ရှောင်ရှားနိုင်ခဲ့သည်။

## အိမ်ကိုရောင်း၍

ဒေါ်သန်းတင်သည် အရှင်ဝဇီရာနန္ဒ တရားဘာဝနာ အားထုတ်၍ စိတ်ချမ်းမြေ့နေကြောင်း ကြားသိရာမှ ကျန်းမာရေးအနည်းငယ် ချွတ်ယွင်းလာကြောင်း ထပ်ဆင့်ကြားသိရသည်။ ထိုအခါ အရှင်ဝဇီရာနန္ဒ၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မိသည်။

သို့ဖြင့် ဒေါ်သန်းတင်သည် မိမိနေထိုင်ရာ အနောက်ရွှေဂုံတိုင် ၂ လမ်းရှိ ခြံနှင့် အိမ်တို့ကို ရောင်းချလိုက်သည်။ ရငွေအချို့ကို သားသမီးများအား အချို့ခွဲဝေပေးသည်။ ကျန်ငွေများဖြင့် စစ်ကိုင်းရှိ ညောင်တုန်းချောင်၌ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။ ထိုဇရပ်၌ ဒေါ်သန်းတင်

တစ်ကိုယ်တည်း ပြောင်းရွှေ့နေထိုင်သည်။ တစ်ဖက်က တရားအားထုတ်သည်။ တစ်ဖက်က အရှင်ဝဇီရာနန္ဒနှင့် သင့်လျော်မည့်အစားအာဟာရတို့ကို ချက်ပြုတ်ကပ်လှူသည်။ ပါရမီဖြည့်သောအားဖြင့် လိုအပ်သည်တို့ကိုပြု၍ စောင့်ရှောက်နေထိုင်လေသည်။



**ဒေါ်သန်းတင်နှင့် အရှင်ဝဇီရာနန္ဒ**

## သမီးငါးယောက်

ဦးဇေယျနှင့် ဒေါ်သန်းတင်တို့အဖို့ သားလေးယောက် ကွယ်လွန်သွားရှာသော်လည်း သမီး ငါးယောက်ကား မားမားမတ်မတ် ကျန်ရှိသည်။ သူတို့ငါးဦးမှာလည်း သူ့အိုးသူ့အိမ်နှင့် တင့်တင့်တယ်တယ်ရှိကြသည်။

သမီးငါးယောက်တွင် ပထမ သမီးမှာ ဒေါ်မြမြရီ ဖြစ်သည်။ ခင်ပွန်းမှာ ဦးတင်လှိုင်ဖြစ်သည်။ ပဲလှော်ဖိုလုပ်ငန်း၊ ဆီကုန်သည်လုပ်ငန်းကို လုပ်ကိုင်သည်။ မန္တလေးမြို့တွင်နေထိုင်သည်။ သူတို့တွင် သမီး မစုစုလှိုင်နှင့် မယုယုလှိုင်တို့ ထွန်းကားသည်။

ဒုတိယသမီးမှာ ဒေါ်မြမြဝင်း ဖြစ်သည်။ အိမ်ထောင်မရှိ။ ရန်ကုန်ဆေးရုံကြီး၊ သူနာပြုဆောင်၌ အဆောင်မှူးတာဝန်ကို ထမ်းဆောင်သည်။

တတိယသမီးမှာ ဒေါ်မြမြအေး ဖြစ်သည်။ ခင်ပွန်းမှာ မြန်မာသမားတော်ကြီး ဦးမောင်မောင် ဖြစ်သည်။ မန္တလေးမြို့တွင်နေထိုင်သည်။ သားမောင်တင်မိုးဦး၊ မောင်အောင်ဆောင်းဦးနှင့် သမီး မခင်နွေဦးတို့ ဖြစ်ကြသည်။

စတုတ္ထသမီးမှာ ဒေါ်ရဲမေ ဖြစ်သည်။ ခင်ပွန်းမှာ ဦးဖြိုးသိန်းဝေဖြစ်သည်။ ကျောက်ကုန်သည် လုပ်ငန်းကို လုပ်ကိုင်သည်။ မန္တလေးမြို့တွင်နေထိုင်သည်။ သားနှစ်ဦး ထွန်းကားသည်။ မောင်ကျော်လင်းရဲနှင့် မောင်ဝေဟင်ကျော်တို့ ဖြစ်ကြသည်။

သားမက် ဦးမောင်မောင်သည် တိုင်းရင်းဆေးပညာတွင် အလွန်ထူးချွန်သည်။ အလွန်နာမည်ကြီးသည်။ ‘ကိုမောင်မောင်က ဆေးကုရာမှာ အံ့သြဖွယ်ကောင်းလောက်အောင် ထူးချွန်သည်၊ လူနာရဲ့လက်ကို ကိုင်ကြည့်ရုံနဲ့ အထက် သွေးပေါင်ချိန် ဘယ်လောက်၊ အောက် သွေးပေါင်ချိန် ဘယ်လောက် ရှိတယ်ဆိုတာ အတိအကျပြောနိုင်တယ်၊ သွေးပေါင်ချိန်တိုင်း ကိရိယာအသုံးပြုဖို့မလိုဘူး၊ နောက်ပြီးရောဂါဖြစ်နေတဲ့ လူနာလာပြတဲ့အခါ လက်ကိုကိုင်ပြီး သွေးစမ်းကြည့်ရုံနဲ့ ဘာရောဂါဖြစ်နေတယ်၊ မကြာခင်က ကောက်ညှင်းစားထားတယ်၊ မျှစ်စားထားတယ်၊ ငါးသလောက်စားထားတယ်၊ ငါးပိစားထားတယ်၊ အုန်းနို့ခေါက်ဆွဲစားထားတယ်၊ ဒံပေါက်ထမင်းစားထားတယ်၊ မုန့်ဟင်းခါးစားထားတယ်ဆိုတာကို အတိအကျပြောပြနိုင်တယ်၊ လူနာတွေအံ့သြကြရတယ်၊ ဒီလိုပြောပြီးလဲ ပျောက်အောင်ကုသနိုင်တယ်၊ အောက်ပိုင်းသေတဲ့လူတွေ ဖြစ်စမှာလာပြရင် တော်တော်များများဟာ

ရောဂါပျောက်သွားအောင် ကုသနိုင်တယ်’ဟူ၍ အရှင်ဝဇီရာနန္ဒ (ဦးဖေယျ)က ပြောပြသည်။

မောင်ဝေဟင်ကျော်သည် အရပ် ခြောက်ပေ တစ်လက်မ ရှိသည်။ ကာယဗလလိုက်စားသည်။ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းသည်။ ‘ကျုပ်ရဲ့ ကာယဗလ ဝါသနာပါတဲ့မျိုးစေ့ကို မြေးဖြစ်တဲ့ မောင်ဝေဟင်ကျော်က ဆက်ခံနိုင်တယ်’ဟူ၍ ဦးဖေယျက ဖွင့်ဟပြောဆိုသည်။

ပဉ္စမသမီးမှာ ဒေါ်ဆန်းယဉ်လှ ဖြစ်သည်။ စားသောက်ဆိုင်လုပ်ငန်းကို လုပ်ကိုင်သည်။ ခင်ပွန်းမှာ ဦးသိမ်းမြင့်ထွန်း ၅၁ နှစ် ဖြစ်သည်။ အကယ်ဒမီဆုရ ဇာတ်ညွှန်းရေးဆရာ၊ စာရေးဆရာဖြစ်သည်။ ကိုကိုလေး အမည်ဖြင့် စာများ ဇာတ်ညွှန်းများ ရေးသားသည်။

ဦးသိမ်းမြင့်ထွန်း (ကိုကိုလေး)သည် ၁၉၉၄ ခုနှစ်တွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲ၌ ‘ချိုချစ်လို့ပါ’ ဝတ္ထုရှည်ဖြင့် ဝတ္ထုရှည် စတုတ္ထဆု ရခဲ့သည်။ ထို့နောက် ၁၉၉၆ ခုနှစ်တွင် ‘ခွင့်လွှတ်ပါ တင်နော်ဟောကာ’ ဝတ္ထုရှည်ဖြင့် စာပေဗိမာန်စာမူပြိုင်ပွဲ၌ ဝတ္ထုရှည် ပထမဆု ရရှိခဲ့သည်။ ထိုဝတ္ထုမှာ ၁၉၄၅ ခုနှစ်၌ ဂျပန်များတပ်ပျက်၍ ကစဉ့်ကလျား ထွက်ပြေးရစဉ် မြန်မာ တောသူ တောင်သားများက ကလဲ့စားမချေကြ။ ဒုက္ခသည် ဂျပန်စစ်သားများကို ကူညီပြုစုကြပုံ၊ ဆေးကုပေးကြပုံ၊ ဇာတ်လမ်းဆင်ထားသည်။ မြန်မာလူမျိုးတို့စောင့်ထိန်းသော ဗြဟ္မစိုရ်တရား လေးပါးကို ဖော်ကျူးထားသည်။

ကိုကိုလေးသည် ဇာတ်ညွှန်းအကယ်ဒမီဆု ရခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ‘အနှိုင်းမဲ့ရင်ခွင်’ ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ညွှန်းရေးသားရာ၌ ထူးချွန်သဖြင့် ဇာတ်ညွှန်းအကယ်ဒမီဆု ရခြင်းဖြစ်သည်။ ထိုဇာတ်ကား ထုတ်လုပ်သူမှာ ဒေါ်ရီရီခင် ဖြစ်သည်။ ဒါရိုက်တာ မလိခစိုးထိုက်အောင် ဖြစ်သည်။ ဝတ္ထုမှာ ချမ်းသာ (ရွှေမန်းသဘင်) ဖြစ်သည်။ ရွှေမန်းဇာတ်သဘင်၏ စင်တင်ပြဇာတ်ဖြစ်သည်။ ညွှန့်ဝင်း၊ ဒွေး၊ နန္ဒာလှိုင်၊ ခင်သန်းနုတို့

ပါဝင်သရုပ်ဆောင်ကြသည်။ ထိုဇာတ်ကားသည် ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆု အကယ်ဒမီသုံးဆု ရခဲ့သည်။

ဦးသိမ်းမြင့်ထွန်းနှင့် ဒေါ်ဆန်းယဉ်လှတို့တွင် သမီးတစ်ဦးရှိသည်။ မသက်ထားမွန် ဖြစ်သည်။ သူတို့ မိသားစုသည် ရန်ကုန်မြို့တွင် နေထိုင်ကြသည်။

ဦးဇေယျနှင့် ဒေါ်သန်းတင်တို့ မောင်နှံသည် အလွန်ရိုးသား၍ စိတ်ထား ကောင်းမြတ်ကြသဖြင့် သမီးများသာမက သမက်များ၊ မြေးများကပါ ချစ်မြတ်နိုးကြသည်။ ချွေးမများကလည်း ချစ်မြတ်နိုးကြသည်။

## မွန်မြတ်သူများ

သမက် ဦးသိမ်းမြင့်ထွန်း(ဇာတ်ညွှန်းကိုကိုလေး)က 'သူတစ်ပါးအပေါ် ညှာတာစိတ်၊ သဒ္ဒါစိတ်၊ မေတ္တာစိတ်ထားရာမှာတော့ စံပြ ဇနီးမောင်နှံပါပဲ ခင်ဗျာ၊ သူတို့မောင်နှံနဲ့အတူ ရွှေဂုံတိုင်အိမ်မှာ ကျွန်တော်နေခဲ့ဖူးတယ်၊ တစ်နေ့မှာ မင်းသားကြီး ဦးရွှေဘက သူ့အိမ်မှာ ပျဉ်နှစ်ချပ်ကွာနေလို့ အဖေ့ (ဦးဇေယျ)ဆီမှာ သံလေးငါးချောင်း အရေးပေါ်လိုလို့ဆိုပြီး လာတောင်းတယ်၊ အဲဒါ အဖေက ဖလင်ဘူးဝိုင်းကြီးနဲ့ ထည့်ထားတဲ့ သံတွေအရွယ်မျိုးစုံကို ဘူးလိုက် ပေးလိုက်တယ်၊ ပေးရာက 'ကျန်တာတွေ ပြန်မပေးနဲ့တော့၊ နောင် လိုအပ်တဲ့အခါ သုံးပါ'ဆိုပြီး အကုန်ပေးလိုက်တယ်။

'နောက်ပြီး အမေ (ဒေါ်သန်းတင်)ဆိုရင်လဲ ဒီအတိုင်းပဲ၊ စေတနာအလွန်ကောင်းတယ်၊ တစ်နေ့မှာ ကျွန်တော်တို့ ရွှေဂုံတိုင်ဘက် ရေပိုက်ပျက်ပြီး တစ်ရပ်ကွက်လုံး ရေမလာဘူး၊ ကျွန်တော်တို့ အိမ်ရှေ့မှာရှိတဲ့ အုန်းပင်အောက်က ရေကန်ထဲမှာ ရေအပြည့်ရှိတော့ ဒီရေကိုပဲတစ်အိမ်လုံး အသုံးပြုကြရတယ်၊ အာဇာနည်ကုန်းတစ်ဝိုက်က တဲနဲ့နေတဲ့လူတွေအားလုံးဟာလဲ ရေပြတ်တော့ အဲဒီရေကန်မှာ ရေလာခပ်ကြတယ်၊ အဲဒီတုန်းက အမေက

ဝမ်းသာအားရနဲ့ 'လာကြ၊ ယူကြ၊ ခပ်ကြ'နဲ့ ရက်ရက်ရောရော ရေပေးလှူတယ်၊ ခပ်သူတွေများလွန်းတော့ ကျွန်တော်တို့ လူငယ်တွေက 'အမေရာ အားလုံးကိုပေးနေလို့ဖြစ်ပါ့မလား၊ ရေကုန်သွားရင် ကျွန်တော်တို့ ဘယ်လို ရေချိုးကြမလဲ'လို့ ပြောမိတယ်၊ ဒီတော့ အမေက 'အမေတို့မှာ ထမင်းဟင်း ချက်ဖို့ရေနဲ့ သောက်ရေအိုးမှာ ရေတွေရှိနေတာပဲ၊ ရေချိုးစရာမရှိလို့ ဘာမှ ဒုက္ခမရောက်ပါဘူးကွယ်၊ ရေအကျိုးဆယ်ပါးဆိုတာ အလွန်အကျိုးထူးတယ်၊ လှူခွင့်ရတုန်းလှူရတာ ကံထူးတယ် မှတ်ပါကွယ်'လို့ ပြောတယ်၊ ဒါက ဥပမာအဖြစ် နှစ်ချက်လောက်ပဲ ပြောပြတာပါ၊ အဖေနဲ့ အမေတို့ စေတနာ ကောင်းပုံတွေကတော့ ပြောမကုန်အောင် တစ်ပုံကြီးပါပဲ၊ သူတို့ရဲ့အပြုအမူ သူတို့ရဲ့ စိတ်စေတနာတွေဟာ ကျွန်တော်တို့ရဲ့ စိတ်ထားကိုတောင် ပြောင်းလဲ စေခဲ့ပါတယ်၊ အလွန်မွန်မြတ်သူနှစ်ဦးပါ၊ ဒါကြောင့် မိဘများနဲ့ တန်းတူ ထားပြီး ကျွန်တော်တို့ ချစ်ခင်မြတ်နိုးရပါတယ်' ဟူ၍ ဖွင့်ဟပြောဆိုခဲ့သည်။

## ညောင်တုန်းချောင်မှ မခွာ

ဤသို့ ချစ်ခင်မြတ်နိုးကြသဖြင့်လည်း သမီးများ၊ သမက်များ၊ ချွေးမများ၊ မြေးများက ဒေါ်သန်းတင်အား 'သူတို့နှင့်အတူ လိုက်နေပါ၊ သူတို့ ပြုစုပါရစေ' ဟူ၍ ပန်ကြားခဲ့သည်။

သို့ရာတွင် ဒေါ်သန်းတင်ကား ညောင်တုန်းချောင်မှ မခွာ။ 'မင်းတို့ အဖေ ကျေးဇူးက ကြီးလှပါတယ်၊ အသက်က ကြီးနေပြီ၊ ပြုစုစောင့်ရှောက်ဖို့ လိုတယ်၊ နောက်ပြီး အမေလဲ စိတ်အေးလက်အေးနဲ့ တရားအားထုတ် ချင်တယ်ကွယ်'ဟု ပြောဆိုသည်။ ဇရပ်တွင် တစ်ဦးတည်းနေထိုင်လျက် အရှင်ဝဇီရာနန္ဒအတွက် နေ့စဉ်ကိုယ်တိုင် ဆွမ်းချက်၍ ကပ်လှူသည်။ လိုအပ်ချက်ရှိသည်တို့ကို ကုသိုလ်ယူ၍ ပြုမူပေးသည်။ တစ်ဖက်ကလည်း တရားမှန်မှန်ထိုင်သည်။ အရှင်ဝဇီရာနန္ဒကလည်း ဒေါ်သန်းတင်ကို ကျေးဇူး တင်မဆုံး ရှိသည်။



ညောင်တုန်းချောင်၌ တရားနှင့် မွေ့လျော်နေသော ဒေါ်သန်းတင်

## ဒေါ်သန်းတင် ကွယ်လွန်ရှာ

အရှင်ဝဇီရာနန္ဒ၏ဘဝ ချမ်းမြေ့သလို ဒေါ်သန်းတင်ဘဝကလည်း ချမ်းမြေ့နေသည်။ နေ့စဉ် ကုသိုလ်ကောင်းမှုတွေ ရနေသည်။ ထိုစဉ်မမျှော်လင့်ဘဲ ဒေါ်သန်းတင်မှာ ကျန်းမာရေး ချွတ်ယွင်းလာသည်။

မန္တလေးရှိ သမီးဒေါ်မြမြအေးထံ ခေတ္တပြန်၍ ဆေးဝါးကုသသည်။ ရောဂါမသက်သာ။ အဆုတ်ကင်ဆာရောဂါဖြစ်နေပြီ။ မကြာမီပင် မန္တလေးရှိ သမီး၏နေအိမ်၌ပင် ဒေါ်သန်းတင် ကွယ်လွန်သွားရှာသည်။

၁၆၊ ၅၊ ၉၃ နေ့၊ အသက် ၇၆ နှစ်အရွယ်တွင် ကွယ်လွန်ခြင်းဖြစ်သည်။ အရှင်ဝဇီရာနန္ဒသည် တရားကို ပို၍ ရှုမှတ်သည်။ မိမိပြုခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အစုစုကို အောက်မေ့ကာ ဒေါ်သန်းတင်အတွက် ကျနစွာ အမျှအတန်းဝေသည်။ သားများ ကွယ်လွန်စဉ်က အတိုင်းပင် ဈာပနကို နေ့ချင်းချလိုက်သည်။



**အရှင်ဝဇီရာနန္ဒ (မင်းသားကြီးဖေယျာ)**

သားသမီးမြေးများ ပရိဒေဝမီးကို ထိန်းစေသည်။ မည်သူ့ကိုမျှ အကြောင်းမကြား။ သတင်းစာထဲတွင် မထည့်။ ဈာပနကိစ္စကို တိတ်ဆိတ်ငြိမ်သက်စွာပြု၍ ညောင်တုန်းချောင်သို့ တိတ်ဆိတ်ငြိမ်သက်စွာပင် ပြန်ကြွလာခဲ့ပေသည်။

## ရှေးဖြစ်ဟောင်း

အရှင်ဝဇီရာနန္ဒသည် ညောင်တုန်းချောင်သို့ပြန်ရောက်၍ ဒေါ်သန်းတင် နေထိုင်ရာ ဇရပ်ကို မြင်တွေ့ရသောအခါ ဒေါ်သန်းတင်ကို အထူးသတိရမိသည်။ ဇရပ်မှာ လူသူကင်းမဲ့လျက် ငြိမ်ဆိတ်နေသည်။

ယခင်ကဆိုလျှင် ဒေါ်သန်းတင်အား မိမိ၏ ဆွမ်းကိစ္စအတွက် ချက်ပြုတ်လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ညောင်တုန်းချောင်ရှိ ဘုရားများအတွက် ပန်းကပ်ရန်စီစဉ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် ဘုရားရှိခိုးလျက်သော်လည်းကောင်း၊ ပုတီးစိပ်လျက်သော်လည်းကောင်း၊ တရားထိုင်လျက်သော်လည်းကောင်း တွေ့ရသည်။

ယခုမူ ဒေါ်သန်းတင်ကို မတွေ့ရတော့ပြီ။

ဒေါ်သန်းတင်နှင့် မိမိတို့၏ အိမ်ထောင်ရေးဘဝမှာ ချမ်းမြေ့သာယာခဲ့သည်။ တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးခဲ့ကြသည်။ အကြင်နာပွားခဲ့ကြသည်။ စေတနာထားခဲ့ကြသည်။ ရိုင်းပင်းခဲ့ကြသည်။ သည်းခံခဲ့ကြသည်။ ခွင့်လွှတ်ခဲ့ကြသည်။ ရန်ခိုက်ဒေါသ လုံးဝမဖြစ်ခဲ့ကြ။ ခွန်းကြီးခွန်းငယ်ပင် စကားမများခဲ့ကြ။ တစ်ဦးစိတ်ချမ်းသာမှုကို တစ်ဦးက အစွမ်းကုန်ဆောင်ရွက်ခဲ့ကြသည်။ သစ္စာရှိခဲ့ကြသည်။ မိမိသည် စံပြခင်ပွန်းကောင်းဖြစ်အောင် ကြိုးစားစောင့်ထိန်း နေထိုင်ခဲ့သည်။ အလားတူပင် ဒေါ်သန်းတင်ကလည်း စံပြ ဇနီးကောင်းဖြစ်အောင် ကြိုးစားစောင့်ထိန်းနေထိုင်ခဲ့သည်။

ဒေါ်သန်းတင်တို့မိသားစုကို စွန့်ခွာလျက် ရဟန်းဘဝသို့ မိမိရောက်ရှိသည့်တိုင် ဒေါ်သန်းတင်က မစွန့်ခွာနိုင်။ မိမိအား ပါရမီဖြည့်သောအားဖြင့်

သားသမီး၊ မြေးတို့ကိုစွန့်၍ ဤချောင် ဤနေရာသို့ လိုက်၍နေခဲ့သည်။ အစွမ်းကုန် ကုသိုလ်ယူ၍ မိမိအားပြုစုစောင့်ရှောက် နေထိုင်ခဲ့သည်။

မိမိသည် ဒေါ်သန်းတင်ထက် အသက်နှစ်နှစ် ပို၍ ကြီးသည်။ သက်တမ်းအရဆိုလျှင် မိမိက အလျင်စော၍ ပျံလွန်တော်မူရန်သာ ဖြစ်သည်။ ယခုမူကား ဒေါ်သန်းတင်က အလျင်စော၍ ကွယ်လွန်ခဲ့လေပြီ။

## သံဝေဂ

ထို့ကြောင့်ပင် မဃဒေဝ လင်္ကာကြီးတွင် မန်လည်ဆရာတော်ဘုရားကြီးက စာဖွဲ့ခဲ့သည် မဟုတ်ပါလော။ မှန်လှပါပေတကား။

'ကာယဟူဘိ၊ နား မျက်စိနှင့်
ဣတ္ထိ ပုရိသ၊ ဖြစ်လာကြတိုင်း
ဒုက္ခ သီးပွင့်၊ ခါမလင့်ဘဲ
ရင့်တဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်ဖြင့်
ညှာပြုတ်ကြွေကျ၊ မမြဲကြသို့
ဘဝပျက်ပြို၊ လူထိုထိုကား
ရွယ်ပျိုရွယ်လတ်၊ ကျန်မလွတ်သည်
မချွတ်သေရန် အပြီးတည်း။'

ဤသို့ မန်လည်ဆရာတော်ကြီး၏ ကဗျာကို သတိရနေရာမှ အရှင်ဝဇီရာနန္ဒသည် ဂေါတမဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးစတွင် အရှင်အနုရုဒ္ဓါမထေရ်မြတ်က အရှင်အာနန္ဒာမထေရ်မြတ်အား သေခြင်းတရားနှင့်စပ်၍ တရားစကားဆိုခဲ့သည်ကိုလည်း အထူး သတိရမိသည်။

'ငါ့ရှင်၊ နတ်နှင့်တကွသော လောကဝယ် ပြိုင်ဖက်မည့်သူ မရှိ၊ ငါတို့၏ဆရာ ဘုရားမြတ်စွာအားပင်သော်မှ ဤသေမင်းသည် မရှက်တုံသေး၏၊ သာမန်လောကီ ထိုထိုဤဤ လူများအပေါင်းအားကား အဘယ်အကြောင်းကြောင့် ရှက်လိမ့်မည်နည်း၊ မရှက်အံ့သည်သာတည်း'

(မှတ်ချက်။ ။ဤနေရာ၌ ရှက်ဟူသော စကားသည် တွန့်ဆုတ်သည်။
မဝံ့မရဲဖြစ်သည်ဟူ၍ အနက်ရပါသည်။ **စာရေးသူ**)

ဤသို့လျှင် သံဝေဂဖြစ်ရာမှ အရှင်ဝဇီရာနန္ဒသည် တရားကို ပိုမို၍ ပွားများအားထုတ်သည်။

## အစ်မကြီး အမိရာ

ဒေါ်သန်းတင် ကွယ်လွန်ပြီး မကြာမီ တစ်နေ့တွင် အရှင်ဝဇီရာနန္ဒထံ မန္တလေးတွင် နေထိုင်သော သမီးကြီး ဒေါ်မြမြရီ ရောက်လာသည်။ သူနှင့်အတူ သူ့ခင်ပွန်း ဦးတင်လှိုင် သမီး မစုစုလှိုင်နှင့် မယုယုလှိုင်တို့လည်း ပါလာကြသည်။

သူတို့မိသားစုသည် အရှင်ဝဇီရာနန္ဒကို ရိုသေစွာ ရှိခိုးကြပြီးလျှင် ဒေါ်မြမြရီက စတင် လျှောက်ထားသည်။

‘အရှင်ဘုရား၊ အမေ့ကိုယ်စား ဒီဇရပ်မှာ တပည့်တော် လာနေပါရစေ ဘုရား၊ အရှင်ဘုရားကို ကျေးဇူးဆပ်တဲ့အနေနဲ့ရော၊ ပါရမီဖြည့်ဆည်းတဲ့အနေနဲ့ရော၊ ကုသိုလ်ယူတဲ့အနေနဲ့ရော အရှင်ဘုရားရဲ့ ဆွမ်းကွမ်းကိစ္စ အဝဝကို အမေ့ကိုယ်စား ဆောင်ရွက်ခွင့်ပေးပါဘုရား၊ တစ်ဖက်ကလဲ တပည့်တော်မ တရားဘာဝနာ အားထုတ်ချင်ပါတယ် ဘုရား’

‘ဖြစ်ပါ့မလားကွယ်၊ ဒကာမလေးမှာ အိမ်ထောင်ရှင်ဖြစ်နေတာပဲ၊ မိသားစုကိုပစ်ထားပြီး ဒီမှာလာနေလို့ ဘယ်ဖြစ်ပါ့မလဲ’

ဤတွင် ဒေါ်မြမြရီ၏ခင်ပွန်း ဦးတင်လှိုင်က ဝင်ရောက်လျှောက်ထားသည်။

‘ဖြစ်ပါတယ် ဘုရား၊ ဒီကိစ္စကို တပည့်တော်တို့မိသားစု သေသေချာချာ တိုင်ပင်ဆုံးဖြတ်ပြီးမှ လျှောက်ထားတာပါ၊ မန္တလေးနဲ့ စစ်ကိုင်းချောင်ဟာ မဝေးပါဘူး ဘုရား၊ အရေးအကြောင်းရှိရင် ချက်ချင်းရောက်လာနိုင်

ပါတယ်၊ မမြမြရီက ဒီမှာအမြဲနေပြီး ခေတ္တခဏဆိုသလို တစ်လမှာ တစ်ကြိမ် နှစ်ကြိမ် မန္တလေးကိုပြန်လာနိုင်တာပဲ၊ အရှင်ဘုရားမှာ သက်တော်လဲ ကြီးပြီ၊ ကျန်းမာရေးလဲ ချို့တဲ့လာပါပြီ၊ သမီးက အနီးကပ်ပြုစုစောင့်ရှောက်ဖို့ လိုအပ်ပါတယ်ဘုရား၊ တပည့်တော် ကြည်ကြည်သာသာ ခွင့်ပြုပါတယ်ဘုရား'

ဒေါ်မြမြရီ၏ သမီးဖြစ်သူ မစုစုလှိုင်နှင့် မယုယုလှိုင်တို့ကလည်း ဝင်ရောက်လျှောက်ထား အာမခံကြသည်။

'အဖေ့အတွက်၊ အိမ်အတွက် အစစအရာရာ စိတ်ချပါဘုရား၊ တပည့်တော်မတို့လဲ ငယ်တော့တာမှမဟုတ်ဘဲ၊ အမေ ဒီမှာလာနေပေမယ့် အဖေ့တာဝန်နဲ့ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်နိုင်ပါတယ်ဘုရား၊ အမေ့ကိုသာ အဘွားကိုယ်စား ဒီဇရပ်မှာလာနေပြီး အရှင်ဘုရားရဲ့ ဝေယျာဝစ္စ ပြုခွင့်ကို ပေးတော်မူပါဘုရား'

ဤသို့လျှင် ဒေါ်မြမြရီတို့ မိသားစုအားလုံးက စေတနာမွန်ဖြင့် ဝိုင်းဝန်း တောင်းပန်ကြသဖြင့် အရှင်ဝဇီရာနန္ဒသည် သူတို့၏ ဆန္ဒကို လိုက်လျောလိုက်ရသည်။ သို့ဖြင့် မကြာမီပင် ဒေါ်မြမြရီ တစ်ယောက် အထုပ်အပိုးများဖြင့် ဇရပ်သို့ ပြောင်းရွှေ့လာခဲ့သည်။

ဒေါ်သန်းတင်မရှိသဖြင့် တိတ်ဆိတ်နေခဲ့သော ဇရပ်သည် ဒေါ်မြမြရီ ရောက်လာသည့်နေ့မှစ၍ ပြန်လည် သက်ဝင်လှုပ်ရှားလာသည်။ ညောင်တုန်းချောင် ဆရာတော် အရှင်တေဇောဘာသနှင့်တကွ ချောင်ရှိ သံဃာတော်များ၊ ကပ္ပိယနှင့် ကျောင်းသားများသည်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပေသည်။

သမီးကြီး ဒေါ်မြမြရီသည် မိခင် ဒေါ်သန်းတင် နေထိုင်ရာ ဇရပ်မှာပင် တစ်ကိုယ်တည်းနေထိုင်သည်။ ရောက်စ (၁၉၉၃ ခုနှစ်) ၌ အသက် ၅၅ နှစ်အရွယ်သာ ရှိသေးသည်။



**သမီးကြီး ဒေါ်မြမြရီ နှင့် အရှင်ဝဇီရာနန္ဒ**

## ထူးခြားသောမိခင်

သူမသည် ဒေါ်သန်းတင်၏ ဇရပ်၌ နေထိုင်ရသောအခါ မိခင်ကို အထူး သတိရမိသည်။ မိခင်သည် သားသမီးများကို ရိုက်နှက်ခြင်းမပြု၊ အော်ငေါက်ခြင်းမရှိ၊ မိမိကသာ အစ်မကြီးအမိရာအနေဖြင့် မောင်ညီမငယ် များအား ရိုက်တန်လျှင် ရိုက်၊ ဆိုတန်လျှင် ဆိုနှင့် ဆုံးမခဲ့ရသည်။

ဖခင် ဦးဖေယျာသည် ရှာဖွေရသမျှသော ငွေများကို တစ်ပြားတစ်ချပ်မျှ ယူမထား။ အားလုံးကို မိခင်လက်သို့သာအပ်သည်။ မိခင်သည် မိသားစုစားသောက်နေထိုင်ရေးအတွက် အသုံးပြုသည်။ ထို့နောက် ကျန်ငွေများဖြင့် အမျိုးသမီးအများစု မက်မောသော စိန်ရွှေရတနာများ မဝယ်ခဲ့။ မစုဆောင်းခဲ့။ လှူပစ်သည်။ ထိုသို့လှူသည်ကိုလည်း ဖခင်က သဘောကျသည်။

မိခင်နှင့် ဖခင်သည် သံဃာတော်များအား သိမ်သို့ မကြာခဏ ပင့်ဖိတ်၍ ဆွမ်းကျွေးလေ့ရှိသည်။ ဖခင် အကယ်ဒမီဆုချီးမြှင့်ခြင်းခံရစဉ်က ရရှိခဲ့သော ရွှေရင်ထိုးကိုပင် လက်ဝယ်မထား။ စိန်ပန်းခိုင်ပြုလုပ်၍ ဘုရားကို လှူခဲ့ကြသည်။ ထို့ပြင် ဆင်းရဲသူများ၊ ကျပ်တည်းသူများ၊ ဒုက္ခ ရောက်သူများကို ကူညီလေ့ရှိကြသည်။ စစ်ကိုင်းနှင့် မန္တလေးမှ နှစ်ဘက် ဆွေမျိုးများ ရောက်လာလျှင် ဝမ်းမြောက်ဝမ်းသာ ကျွေးမွေးပြုစုတတ်ကြသည်။

မိခင်သည် မိမိ၏ မိဘနှစ်ပါးကိုလည်း အိမ်ဦးခန်း၌ ခေါ်ထားသည်။ ကွယ်လွန်သည်အထိ လုပ်ကျွေးပြုစုခဲ့သည်။ ဖခင်၏ အဖကိုလည်း အလားတူပင် အိမ်ဦးခန်း၌ ခေါ်ထားသည်။ လုပ်ကျွေးပြုစုခဲ့သည်။

ဖခင်၏ အဖသည် ချွေးမ၊ သား၊ မြေးများနှင့်အတူ ဆယ်နှစ်ကြာ ချမ်းမြေ့စွာနေထိုင်ခဲ့သည်။ ထို့နောက် ရွာကို လွမ်းလှသည်ဆိုကာ ပြန်သွားသည်။ တားမရ၊ ရွာရောက်ပြီး မကြာမီပင် ကွယ်လွန်သွားရှာသည်။

ဒေါ်သန်းတင်သည် ယောက္ခမဖြစ်သူအား ကွယ်လွန်သည်အထိ အိမ်မှာထား၍ မပြုစုလိုက်ရသည်ကို ဝမ်းနည်းမဆုံးရှိခဲ့သည်။ မိခင်အဖို့ သူ့ဘဝတွင် ဒါနမှုသည် အဓိက ဖြစ်သည်။

ဒေါ်မြမြရီ လက်ထပ်မည်ပြုသောအခါ မိခင်ဒေါ်သန်းတင်က 'သမီးရယ်၊ မင်္ဂလာပွဲတွေ၊ ညှော်ခံပွဲတွေ မလုပ်ပါနဲ့ကွယ်၊ ပကာသနတွေပါ၊ မင်္ဂလာဆွမ်းသာ ကျွေးပါ၊ မင်္ဂလာဆွမ်းကိုလည်း တော်ရုံသင့်ရုံ မကျွေးပါနဲ့၊ သံဃာအပါး တစ်ရာတိတိ ပင့်ဖိတ်ပြီး ဆွမ်းကျွေးပါကွယ်' ဟူ၍ ပြောခဲ့သည်။

ဒေါ်မြမြရီကလည်း မိခင်၏စကားကို လိုက်နာခဲ့သည်။ သို့ရာတွင် အိမ်မှာ သံဃာအပါးတစ်ရာကို တစ်ပြိုင်တည်း ပင့်ဖိတ်ဆွမ်းကျွေးရန် မလွယ်။ ထို့ကြောင့် တစ်နေ့လျှင် အပါးနှစ်ဆယ်ကျဖြင့် သံဃာအပါး တစ်ရာပြည့်အောင် ပင့်ဖိတ်၍ ငါးရက်ဆက်ကာ ဆွမ်းကျွေးခဲ့ရသည်။

## မိခင်၏ အမှာစကား

မိခင် ဒေါ်သန်းတင်သည် အသက်ထင်ရှားရှိစဉ် သားသမီးများအား မှာကြားခဲ့သော စကားတစ်ရပ်ရှိသည်။

'အမေသေရင် ရက်မကူးစေနဲ့၊ ချက်ချင်းချကြနော်၊ နောက်ပြီး ဂူတွေ ဘာတွေ မလုပ်နဲ့၊ အပိုပဲ၊ မီးလဲ မသင်္ဂြိုဟ်နဲ့ ရိုးရိုးတန်းတန်းပဲ မြေသာမြှုပ်လိုက်ကြ၊ အမေ့ရဲ့ခန္ဓာကိုယ်ကို ပိုးလောက်တွေအစာအဖြစ် ဒါနပြုချင်တယ်၊ သေပြီးတဲ့နောက်လဲ ကုသိုလ်ရတာပေါ့ကွယ်'

မိခင်က ထူးထူးခြားခြား မှာကြားခဲ့သည်။ မိမိတို့ကလည်း မိခင် မှာကြားသည့်အတိုင်း တစ်သဝေမတိမ်း ပြုခဲ့ကြသည်။

ထူးခြားသော မိခင်ပါတကား။ ယခု မိခင်ကိုယ်စား မိမိသည် အလွန် ခေါင်လှသောအရပ်တွင် တစ်ကိုယ်တည်းလာနေလျက် ဖခင်ကို ပြုစု စောင့် ရှောက်နေပြီ။

## သမီးထူး

ဖခင် ဝဇီရာနန္ဒသည် ရဟန်းဝတ်သည့်အချိန်မှစ၍ ဆွမ်းခံထွက်လေ့ ရှိသည်။ ယခု ဒေါ်မြမြရီ ပြောင်းရွှေ့လာချိန်တွင်လည်း အနီးဝန်းကျင်ရှိ ရွာများသို့ ဆွမ်းခံထွက်သည်။ တစ်ပါးစာအတွက် အလုံအလောက်ပင် ရရှိသည်။ သို့ရာတွင် ဖခင်မှာ အသက်ထောက်လာပြီး ကျန်းမာရေးမကောင်း တော့သဖြင့် လောင်းလှူသမျှ ဆွမ်းဟင်းတိုင်းကို ဘုဉ်းမပေးနိုင်၊ ဒေါ်မြမြရီက သင့်တော်မည့် ဆွမ်းဟင်းတို့ကို ချက်ပြုတ်လှူဒါန်းသည်။

ဒေါ်မြမြရီသည် နေ့စဉ်ပင် ဖခင် အရှင်ဝဇီရာနန္ဒအတွက် ဆွမ်းချက်ကပ်သည်။ ညောင်တုန်းချောင်တွင်းရှိ ပန်းပင်များမှ ပန်းများကိုခူး၍ ဘုရားများကိုပန်းကပ်သည်။ ညောင်တုန်းချောင်တွင် မြတ်လေးပန်းများ ထူးထူးခြားခြား စိုက်ထားသည်။ ဒေါ်မြမြရီသည် မြတ်လေးပန်းများကိုခူး၍ စိတ်ရှည်ရှည်ဖြင့် ကုံးသီသည်။ ချောင်ရှိ ပူဇော်ထားသော ဘုရားအားလုံးကို ကပ်လှူသည်။

ထို့နောက် သူမသည် ဘုရားရှိခိုးသည်၊ ပုတီးစိပ်သည်၊ တရားစာဖတ်သည်။

ဖခင်က မန္တလေးရှိ မိသားစုထံ မကြာခဏပြန်ရန် ပြောသော်လည်း မပြန်။ ချောင်မှာပင် အမြဲနေထိုင်သည်။ ကိစ္စအထူးရှိ၍ ဖခင် မန္တလေးသို့ ခေတ္တကြွလျှင်သာ နောက်ပါးမှ ခေတ္တလိုက်သွားသည်။ ဖခင် ညောင်တုန်းချောင်သို့ ပြန်ကြွသောအခါ ပြန်လည်လိုက်ပါလာခဲ့သည်။

ထူးခြားသော အမျိုးသမီးဖြစ်သည်။ ဖခင်ကျေးဇူး အထူးသိသူသမီးထူးဖြစ်သည်။

'အဖေ ရဟန်းဝတ်သွားတော့ ကျွန်မ ဘာဖြစ်မှန်းမသိဘူး၊ သိပ်ဝမ်းနည်းတာပဲ၊ အဖေက ရဟန်းမဝတ်ခင်က ဝဖြိုးဖြိုး၊ အသားအရေ စိုစိုပြည်ပြည်ရှိတယ်၊ ရဟန်းလဲဝတ်ရော ရုပ်ရည်ဟာသိသိသာသာကျသွားတယ်၊ ရဟန်းဘဝမှာ ခြိုးခြံစားသောက်နေထိုင်ရတာလဲတစ်ကြောင်း၊ အပြင်းအထန်တရားထိုင်တာလဲ တစ်ကြောင်းကြောင့်ထင်ပါရဲ့၊ ဒါကြောင့် အဖေ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့၊ အဖေ့ဝေယျာဝစ္စကိုပြုချင်လို့ ခင်ပွန်းနဲ့ သမီးများကို ခွဲခွာပြီး တစ်ကိုယ်တည်းလာနေတာပါ' ဟူ၍ ဖွင့်ဟပြောဆိုပေသည်။

## အရှင်ဝဇီရာနန္ဒနှင့် အနုပညာရှင်များ

အရှင်ဝဇီရာနန္ဒ စစ်ကိုင်းချောင်၌ သီတင်းသုံး နေထိုင်လာခဲ့သည်မှာ ဆယ့်ငါးနှစ်ကျော်ပြီ။ ပြည်သူလူထုသည် သူတို့ချစ်သော အနုပညာရှင်မင်းသားကြီး ဖေယျာ ရဟန်းအဖြစ်ဝတ်လျက် စစ်ကိုင်းချောင်၌ သီတင်းသုံး

နေထိုင်သည်ကို ကြားသိကြသည်။ စာနယ်ဇင်းများကလည်း တလေးတစား ရေးသားဖော်ပြကြသည်။

ရန်ကုန် မန္တလေးစသော မြို့များမှ ရုပ်ရှင်အနုပညာရှင်များ၊ စာပေ အနုပညာရှင်များသည် စစ်ကိုင်းသို့ ဘုရားဖူးလာတတ်ကြသည်။ ထိုအခါ သူတို့ချစ်သော မင်းသားကြီးဇေယျ (အရှင်ဝဇီရာနန္ဒ)ကို အထူးသတိရမိကြသည်။ အချို့က ညောင်တုန်းချောင်ကို ရှာဖွေ၍ တကူးတကန့် သွားကြသည်။ အရှင်ဝဇီရာနန္ဒကို ဖူးတွေ့ကြသည်။ အချို့က ညောင်တုန်းချောင်သို့ မသွားဖြစ်။ သို့ရာတွင် အရှင်ဝဇီရာနန္ဒကိုမူ သတိရမိကြသည်။ တမ်းတမိကြသည်။

## အမှတ်တရကဗျာ

တစ်နေ့သောအခါ နာမည်ကျော် ကဗျာဆရာကြီး တစ်ဦးသည် စစ်ကိုင်းသို့ ဘုရားဖူးရောက်လာသည်။ သူသည် ဆွမ်းဦးပုညရှင်စသည့် ဘုရားများကို ဖူးမြော်သည်။ ထို့နောက် သူချစ်သော မင်းသားကြီးဇေယျ တစ်ဖြစ်လဲ အရှင်ဝဇီရာနန္ဒကို ဖူးတွေ့လိုသည်။ သို့ရာတွင် ညောင်တုန်းချောင်မှာ သွားရေးလာရေး မလွယ်ကူသဖြင့် မသွားနိုင်။ ထို့ကြောင့် အရှင်ဝဇီရာနန္ဒအား ချစ်ခင်ကြည်ညိုစိတ်ဖြင့် 'အစ်ကိုဇေယျ' အမည်ရှိ ကဗျာ တစ်ပုဒ် ဖွဲ့ဆိုလိုက်သည်။ ထိုကဗျာကို အရှင်ဝဇီရာနန္ဒထံ သူနေထိုင်ရာမြို့မှ လှမ်း၍ ပေးပို့ဆက်ကပ်ခဲ့လေသည်။

### အစ်ကိုဇေယျ

စစ်ကိုင်းတောင်၌
ညိုမှောင်ဝန်းပြ၊ တောင်ခိုးကြွလျက်
မြနှစ်ပေါ်တွင်၊ ပုလဲတင်သော
ပုညရှင်မည်၊ မြတ်စေတီကို
ဦးချီညွတ်ပြ၊ ရိုတုပ်ကွရ။

ရောဟိုဘက်၊ ကမ်းအထက်က
ကြက်ယက်နောင်ညီ၊ မြတ်စေတီလည်း
တို့ဆီတဆိတ်၊ နားခိုအိပ်လှည့်
ဖိတ်ခေါ်ရင့်ရှု၊ သပ္ပာယ်မှု၏။

စစ်ကိုင်းတံတား၊ တဝန်းလျားသည်
ငွေသားမြစ်ပေါ်၊ ရှေ့နောက်မျှော်ရင်း
ကျော်ဖြတ်ခဲ့ရ၊ သမိုင်းစကို
သံဝေဂကပ်၊ ရှုကြည့်မှတ်ဆဲ။

သည်ပတ်ဝန်းကျင်၊ သည်အသွင်ကား
ရှုမြင်တတ်က၊ သူ့အလှနှင့်
အနုပညာ၊ ရသပါသော
ရာဇဝင်ကပ်၊ သမိုင်းရပ်ပေ။

သတိရ၏
တစ်ခါကထင်၊ စာပေတင်သော
ရပ်ရှင်မင်းသား၊ လူခန့်ထွားသည်
တရားအနှစ်၊ ဓမ္မဇာစ်ကို
စိစစ်ရှာဖွေ၊ သည်တောင်မြေမှာ
အဝါရေဆွတ်၊ သင်္ကန်းဝတ်ဟု။

သီလက္ခန္ဓ
စသည်ကျေးဇူး၊ ဂုဏ်အထူးကို
ဆည်းပူးရှာဖွေ၊ ငြိမ်းချမ်းလေဟု။

ဂန္ထဓုရ၊ ဝိပဿနာဓုရ
ဓုရနှစ်ပွင့်၊ လည်၌ဆင့်၍

ရင်နင့်မွှမ်းထုံ၊ ဓမ္မာရုံဖြင့်
ကာမဂုဏ်ရပ်၊ တိတိပြတ်ဟု။

ပြည်သူ့ရင်နှစ်၊ ပြည်သူချစ်သော
ရွှေစစ်ကိုင်းသား၊ တို့မင်းသားသည်
တရားကျင့်ဆောင်၊ လူ့ရပ်ရှောင်၍
ဘယ်ချောင်ရပ်တွင်၊ စခန်းဝင်ကာ။

ဘယ်အပင်ရိပ်၊ ဘယ်မြစ်ဆိပ်၌
တိတ်ဆိတ်အေးချမ်း၊ ကမ္မဋ္ဌာန်းဖြင့်
စီးဖြန်းစျာန်ဝင်၊ မဂ်လမ်းထွင်လိမ့်။

မှန်းထင်မျှော်ကြည့်၊ လွမ်းဆွတ်မိရင်း
သတိချည်တိုင်၊ မတ်ခိုင်ခိုင်၌
ယိုင်ညွှတ်ထုံ့ပိုင်း၊ စိတ်ဆင်ရိုင်းကို
သိုင်းရစ်ချည်တုပ်၊ သီလချုပ်သော
ဝိမုတ္တိဖြာ၊ သူ့သိက္ခာကို
သာဓုခေါ်ရ၊ မျက်ရည်ကျ။


ထိုကဗျာကို အရှင်ဝဇီရာနန္ဒသည် မြတ်နိုးစွာ သိမ်းဆည်းထား ပေသည်။

## ပြုံးပြုံးလေး သေနိုင်ဖို့

အရှင်ဝဇီရာနန္ဒသည် တရားဘာဝနာကို ကျင့်ကြံအားထုတ်လာ သည်နှင့်အမျှ ကွယ်လွန်သောအခါ ဘဝကူးကောင်းဖို့ အရေးကြီးသည်ကို ပို၍ ဆင်ခြင်မိသည်။

သတ္တဝါတို့သည် နိဗ္ဗာန်မရမီစပ်ကြား ဘဝသံသရာတွင် ကျင်လည်နေရသရွေ့ မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို တွေ့ရမည်။ ထိုအခါ သေခါနီး၌ မျက်နှာအနေအထား ကြည်ကြည်လင်လင်ရှိနေရမည်။ တစ်နည်းအားဖြင့် ပြုံးပြုံးလေး ရှိနေရမည်။ ထိုသို့ရှိနေအောင် မသေမီ ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်ကောင်းမှုများ ပြုနေရမည်။ သို့မှသာ အာရုံကောင်းထင်နေပြီး လူ နတ် ဗြဟ္မာတည်းဟူသော ကောင်းရာ သုဂတိဘုံသို့ ရောက်လိမ့်မည်။

ထိုသို့ မဟုတ်မူဘဲ သေခါနီး၌ သားသမီး၊ ဇနီး၊ ခင်ပွန်းတို့နှင့် စီးပွားဥစ္စာတို့ကို စွဲလမ်းမှု လောဘဖောဝင်နေလျှင် ပြိတ္တာဘုံသို့ ရောက်မည်။



**အရှင်ဝဇီရာနန္ဒ (မင်းသားကြီးဖေယျ) သီတင်းသုံးရာ ညောင်တုန်းကျောင်းတိုက်**

ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်း စသည့် ဒေါသဇောဝင်နေလျှင် ငရဲဘုံသို့ ရောက်မည်။ ဒါန၊ သီလ၊ ဘာဝနာ တရားတစ်မျိုးမျိုးကို အာရုံ မပြုနိုင်ဘဲ တွေဝေ၍ မောဟဇောဝင်နေလျှင် တိရစ္ဆာန်ဘုံသို့ ရောက်မည်။ ဤကား ဘုရားဟော ဖြစ်သည်။

မိမိအနေဖြင့် ကမ္မဋ္ဌာန်းတရားကို အပြင်းအထန် အားထုတ်သော်လည်း ယခု တစ်ဘဝနှင့်တော့ နိဗ္ဗာန်ကို မရောက်နိုင်သေး။ သို့ရာတွင်သေခြင်း တရားကိုကား မကြောက်တော့ပြီ။ ပြုံးပြုံးလေးနှင့်သေနိုင်သော အခြေသို့ ရောက်နေပြီ။

## မေတ္တာစကား

ထို့ကြောင့် သူ့ကို လာရောက်ဖူးတွေ့သူ ဆွေမျိုးများ၊ မိတ်ဟောင်း၊ ဆွေဟောင်းများအား 'တရားသိရုံနှင့် မပြီးသေးဘူး၊ တရားရှိနေရမယ်၊ တရားရှိမှ လောဘကိုထိန်းနိုင်မယ်၊ ဒေါသကိုထိန်းနိုင်မယ်၊ မောဟကို ထိန်းနိုင်မယ်၊ ဒါမှ စိတ်ချမ်းသာမယ်၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်မယ်၊ နောက်ပြီး သေတော့လဲ ပြုံးပြုံးလေးနဲ့သေနိုင်ပြီး ကောင်းရာသုဂတိကိုရောက် မယ်၊ ဒါကြောင့် တရားရှိထားအောင် ကြိုးစားစေချင်ပါတယ်'ဟူ၍ မေတ္တာ စေတနာ အပြည့်အဝဖြင့် သတိပေးစကား မိန့်ကြားတော်မူခဲ့သည်။

## မေတ္တာဆန္ဒ

အရှင်ဝဇီရာနန္ဒသည် မသေမီ ထိုစကားကို သူ၏ ကျေးဇူးရှင်များ အားလည်း ပြောပြချင်သေးသည်။ သူ၏ လုပ်ဖော်ကိုင်ဘက် ရုပ်ရှင်အနုပညာ ရှင်များ၊ ရုပ်ရှင်လုပ်ငန်းလုပ်ဆောင်သူများကိုလည်း ပြောပြချင်သေးသည်။

သူ၏ ကျေးဇူးရှင်များ၊ လုပ်ဖော်ကိုင်ဘက်များမှာ အချို့မရှိကြတော့။ ကွယ်လွန်ကုန်ကြပြီ။ အချို့ ရှိကြသေးသည်။ ရှိကြသေးသူတို့တွင် အချို့မှာ စားဝတ်နေရေး ပြေလည်ကြသည်။ အချို့ကား စားဝတ်နေရေးမပြေလည်

ကြ။ အိုမင်းနေကြသဖြင့် ရုပ်ရှင်၊ ဗွီဒီယိုတို့တွင် မပါဝင်နိုင်ကြရှာ။ 'အိုပယ်' ဘဝသို့ ရောက်နေကြပြီ။

တစ်နေ့တွင် သူသည် သူ၏ဆန္ဒကို သမီးကြီး ဒေါ်မြမြရီအား ဖွင့်ဟ မိန့်ဆိုခဲ့သည်။

'ဦးပဥ္စင်းလေ မသေခင်တစ်နေ့လောက် ကျေးဇူးရှင်ဆရာသမား များနဲ့ ရုပ်ရှင်လောကသား လုပ်ဖော်ကိုင်ဖက်ဟောင်းတွေကို စုံစုံညီညီ တွေ့ချင်တယ်၊ သူတို့ကို ကျွေးမွေးလှူဒါန်းချင်တယ်၊ တတ်စွမ်းသမျှ ကူညီ ထောက်ပံ့ချင်တယ်၊ နောက်ပြီး ပြုံးပြုံးလေးနဲ့သေနိုင်အောင် ကြိုးစားထား ကြဖို့လဲ မေတ္တာစကား မှာကြားသွားချင်တယ်၊ ဒါပေမယ့် ဦးပဥ္စင်းမှာ ဒီလိုပြုနိုင်အောင် ဝတ္ထုကမရှိတော့ အခက်သား'


## လောဘနှင့် ဆန္ဒ မတူ

ဤနေရာတွင် အရှင်ဝဇီရာနန္ဒ၏ ဝတ္ထုငွေ လိုချင်မှုသဘောသည် လောဘ မဟုတ်ပေ။ ဆန္ဒသဘောသာဖြစ်သည်။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက ကိုယ်ကျင့်အဘိဓမ္မာကျမ်း၌ 'လိုချင်မှုသဘောသည် လောဘတည်း၊ ထို့ကြောင့် 'လောဘသဘော လိုချင် ဟော၍' ဟု ဆိုခဲ့သည်။ 'လိုချင်' ဆိုသော်လည်း ကာမဂုဏ်ဆိုင်ရာ လိုချင်မှုများ ကသာ လောဘဖြစ်သည်။ နိဗ္ဗာန်ကိုလိုချင်မှု၊ တရားကိုလိုချင်မှု၊ ဒါနပြုလိုမှု၊ စာပေတတ်ချင်မှု၊ ဆင်းရဲသူများကို ပေးကမ်းလို၍ ပစ္စည်းဥစ္စာကို လိုချင်မှု စသော ကောင်းသောအရာ လိုချင်မှုမျိုးကား လောဘမဟုတ်၊ ဆန္ဒသဘော သာ ဖြစ်သည်' ဟူ၍ အတိအလင်း ရှင်းလင်းဖော်ပြထားသည်။

## အံ့ဖွယ် ထီ နှစ်သိန်းဆု

သည်တွင် သမီးကြီး ဒေါ်မြမြရီက 'အရှင်ဘုရား ဆန္ဒပြည့်ဝအောင် တပည့်တော် ထီထိုးကြည့်မယ်ဘုရား၊ ကံပေါ့၊ ကံကောင်းရင်ပေါက်မှာပဲ၊

ပေါက်တော့လဲ အရှင်ဘုရားဆန္ဒ ပြည့်မြောက်တာပေါ့ ဘုရား’ဟု လျှောက်ထားသည်။ အရှင်ဝဇီရာနန္ဒက ဘာမျှမမိန့်။ ပြုံး၍သာနေသည်။



**ညောင်တုန်းကျောင်းတိုက်ရှိ တရားထိုင်သောဂူဝတွင် ဖူးတွေ့ရသော အရှင်ဝဇီရာနန္ဒ**

ထို့နောက် ဒေါ်မြမြရီသည် မကြာမီပင် ထီထိုးလိုက်သည်။

မကြာပါချေ။ ထီဖွင့်သောအခါ ဒေါ်မြမြရီ ထိုးထားသော ထီလက်မှတ်သည် နှစ်သိန်းဆုကြီး ပေါက်နေသည်ကို အံ့သြဖွယ်ကြုံတွေ့ရလေသည်။

## သီလစွမ်းအား ဘာဝနာစွမ်းအား

ဒေါ်မြမြရီသည် ဖခင် (အရှင်ဝဇီရာနန္ဒ)၏ ဆန္ဒပြည့်ဝစေရန် ကံစမ်းသောအနေဖြင့် ထီထိုးကြည့်ခြင်း ဖြစ်သည်။ မုချပေါက်လိမ့်မည်ဟူ၍ကား မထင်မှတ်ခဲ့။

စင်စစ် ထီပေါက်သည်ဆိုသည်မှာ အလွန်ခက်ခဲလှသော အခွင့်အရေးဖြစ်သည်။ အလွန့် အလွန် ကံထူးမှ ပေါက်သည်။ ပေါက်ပြန်လျှင်လည်း ဆုကြီးပေါက်ဖို့ မလွယ်။ ယင်းသို့ဖြစ်ပါလျက် ယခု မမျှော်လင့်ဘဲ နှစ်သိန်းဆုကြီး ပေါက်နေပြီ။

ဒေါ်မြမြရီသည် ဝမ်းလည်း ဝမ်းသာသည်။ အံ့လည်း အံ့သြသည်။ ထိုမျှမက ဖခင်၏ သီလစွမ်းအား၊ ဘာဝနာစွမ်းအားကိုလည်း အထူးယုံကြည်မိသွားသည်။ ကြည်ညိုမိသွားသည်။

## မွေးနေ့ မလုပ်လို

သူမသည် ထီပေါက်၍ရသော ထီဆုငွေ နှစ်သိန်းကို တစ်ပြားတစ်ချပ်မျှ မယူ၊ မသုံး။ အားလုံးကို ကောင်းစွာသိမ်းဆည်းထားသည်။

ထို့နောက် ဖခင်အား 'အရှင်ဘုရား၊ ထီဆုငွေနှစ်သိန်း တပည့်တော်မ ခေတ္တသိမ်းထားပါတယ်၊ အရှင်ဘုရား ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာမှာ ကြိုက်တဲ့ဒါနကို ပြုတော်မူပါ' ဟူ၍ လျှောက်ထားသည်။

ထီပေါက်သည်မှာ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (ဝါတွင်းကာလ)အချိန်တွင် ဖြစ်သည်။

'ဦးပဋ္ဌင်းဆန္ဒကတော့ အခုပဲ ရန်ကုန်ဆင်းပြီး ဒီဝတ္ထုငွေတွေအားလုံးနဲ့ ဒါနပြုချင်တာပဲ၊ သေခြင်းတရားဆိုတာ မပြောနိုင်ဘူး၊ ရတ်တရက်ကြုံချင်လဲ ကြုံတတ်တာပဲ၊ ဒါပေမယ့် ဝါတွင်းကာလဖြစ်နေတော့ ရန်ကုန်ကိုကြွလို့မဖြစ်ပြန်ဘူး၊ နောက်ပြီး ချက်ချင်းထလုပ်လဲ မဖြစ်သေးဘူး၊ ကျေးဇူးရှင်တွေ၊ လုပ်ဖော်ကိုင်ဘက်တွေ စုံစုံညီညီ ဖိတ်ချင်တယ်၊ နောက်ပြီး ရုပ်ရှင်အနုပညာရှင်တွေ၊ ရုပ်ရှင်အတတ်ပညာရှင်တွေသာမကဘူး၊ ခင်မင်တဲ့ စာပေပညာရှင်တွေကိုလဲ ဖိတ်ချင်တယ်၊ နောက်ပြီး ဗွီဒီယိုအနုပညာရှင်တွေ၊ ဗွီဒီယိုအတတ်ပညာရှင်တွေကိုလဲ ဖိတ်ချင်တယ်၊ ဦးပဋ္ဌင်းက ရုပ်ရှင်လောက၊ ပြဇာတ်လောကမှာသာ ကျင်လည်ဖူးတာ၊ ဗွီဒီယိုကား လုံးဝမရိုက်ဖူးဘူးလေ၊ ဦးပဋ္ဌင်းတို့ခေတ်မှာ ဗွီဒီယိုမှ မပေါ်သေးဘဲ၊ ဒါပေမယ့် ဗွီဒီယိုဇာတ်ကားတွေရဲ့ စွမ်းအားကို သတိပြုမိတယ်၊ ရုပ်ရှင်ထက်တောင် ဗွီဒီယိုက ထိရောက်နေသေးတယ်၊ မြို့ရွာတောပါ အနှံ့ရောက်ပြီး လူထုကကြည့်ကြတယ်၊ ဗွီဒီယိုအနုပညာရှင်တွေ ဗွီဒီယိုအတတ်ပညာရှင်တွေလဲ တော်ကြတာပဲ၊ ဦးပဋ္ဌင်းလေးစားမိပါတယ်၊ ဒါကြောင့် သူတို့အားလုံးကိုပါ ဖိတ်ကြားချင်တယ်၊ ဒါနပြုချင်တယ်၊ ဒီတော့ အချိန်ယူစီစဉ်ရမှာပဲ၊ ခြေခင်းလက်ခင်းသာတဲ့ အချိန်မှာ ဦးပဋ္ဌင်းရဲ့ဒါနပြုပွဲကို ရန်ကုန်ဆင်းပြီးပြုမယ်၊ အဲဒီ ဒါနပြုပွဲကိုလဲ 'မွေးနေ့မင်္ဂလာပွဲ' မဟုတ်ဘဲ 'သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲ' အဖြစ် ပြုလုပ်မယ်'ဟူ၍ အရှင်ဝဇီရာနန္ဒက မိန့်ကြားသည်။

## ထူးထူးခြားခြား

အရှင်ဝဇီရာနန္ဒသည် ထူးထူးခြားခြား ပြုတတ်သော ဘဉ်ရှိသည်။ သူသည် ရုပ်ရှင်မင်းသားဘဝ၌ ရှိစဉ်ကလည်း ထူးထူးခြားခြား ပြုတတ်သည်။ ပါဝင်သရုပ်ဆောင်ရာ၌ ဇာတ်ကားတိုင်းမှာပင် ဆေးတံကြီးခဲလျက် ပါဝင်သည်။ ထို့ပြင် ဇာတ်ကားတိုင်းလိုလိုမှာပင် ပုဆိုးကြီးတိုတိုဝတ်လျက် ပါဝင်လေ့ရှိသည်။ ရုပ်ရှင်မင်းသားအဖြစ် ဇာတ်ကားတွင် အဝတ်အစား

ဝတ်ဆင်ရာ၌ စက်ချုပ်ဆရာများကို မချုပ်ခိုင်း။ သူသည် စက်ချုပ်တတ်သူ ဖြစ်ရာ သူကိုယ်တိုင်ပင် သူ ဝတ်ဆင်မည့် အဝတ်အစားကို သူကိုယ်တိုင် ပုံစံထုတ်၍ သူကိုယ်တိုင်ချုပ်ပြီးဝတ်လေ့ရှိသည်။ထို့နောက်ရဟန်းပြုရာတွင်လည်း ရုပ်ရှင်အနုပညာရှင်များတွင် အချို့ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ် စသည်ဖြင့်သာ ရဟန်းပြုကြသည်။ အပြီးအပိုင် သေတစ်ပန်သက်ဆုံး ရဟန်းမပြုကြ။ သူကမူ သေချာကျနစွာ ဆုံးဖြတ်ချက်ချပြီး လူဝတ်ကြောင် ဘဝနှင့် သုံးနှစ်ခန့် လေ့ကျင့်ပြီးမှ အပြီးအပိုင် သေတစ်ပန်သက်ဆုံး ရဟန်းပြုခြင်း ဖြစ်သည်။

ယခုလည်း အများက မွေးနေ့မင်္ဂလာပွဲလုပ်ကြသည်။ သူကမူ မလုပ်၊ မွေးဖွားပြီးပြီ၊ မွေးနေ့လုပ်ရန် မလိုတော့။ သေနေ့ကို မုချမသွေကြုံရမည်။ ထို့ကြောင့် သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲ လုပ်သင့်သည်ဟူ၍ စိတ်ကူးကာ ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။

## ကျေးဇူးရှင်များကို ပူဇော်ရန်အဓိက

အရှင်ဝဇီရာနန္ဒသည် သူ၏ သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲတွင် အဓိကအားဖြင့် ကျေးဇူးရှင်များကို ပူဇော်မည်ဖြစ်သည်။ ပရိသတ်ရှေ့တွင် သူတို့၏ ကျေးဇူးကို ဖော်ထုတ်ပြောမည်ဖြစ်သည်။ ထို့ပြင် လုပ်ဖော်ကိုင်ဘက် ဟောင်းများကိုလည်း တတ်စွမ်းသမျှ ကူညီထောက်ပံ့မည်။ သူသည် ရုပ်ရှင် မင်းသားဘဝ၌ရှိစဉ် 'ရုပ်ရှင်အစည်းအရုံးက နွမ်းပါးသော ရုပ်ရှင်အနုပညာ ရှင်များအားထောက်ပံ့ရန် ရန်ပုံငွေဖွင့်၍ ပြုသင့်ပါသည်'ဟုဆိုကာ မတည်ငွေ ကျပ်တစ်သောင်းလှူခဲ့ဖူးသည်။ ယခုလည်း သူစွမ်းသမျှ ရုပ်ရှင်လောကမှ လုပ်ဖော်ကိုင်ဘက်များကို ဒါနပြုမည်ဟူ၍ ရည်မှန်းချက်ထားသည်။

## သူတော်ကောင်းကြီး

အရှင်ဝဇီရာနန္ဒသည် သူ့ကျေးဇူးကို အထူးသိသော သူတော်ကောင်း ကြီး ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်က 'သူတော်ကောင်းတို့သည် ပြုဖူးသော သူ့

ကျေးဇူးကို သိ၏၊ ပြုဖူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ သိ၏'ဟူ၍ မိန့်တော်မူဖူးသည်။ အရှင်ဝဇီရာနန္ဒသည် ဘုရားရှင် ချီးမွမ်းတော်မူခဲ့သော သူတော်ကောင်းစာရင်းဝင် ပုဂ္ဂိုလ်မြတ်ပင်ဖြစ်သည်။

## ရခဲသောပုဂ္ဂိုလ်မျိုးတွင်ပါဝင်

ထို့ပြင် လောက၌ရခဲသော ပုဂ္ဂိုလ်မျိုးတွင် ပါဝင်သော ပုဂ္ဂိုလ်မြတ် ဖြစ်သည်ဟုလည်း ဆိုသင့်သည်။

အခါတစ်ပါး၌ ဗုဒ္ဓဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တောရှိ ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ထိုစဉ် လိစ္ဆဝီမင်းငါးရာတို့သည် မြတ်စွာဘုရားကို ဆည်းကပ်လာကြသည်။

လိစ္ဆဝီမင်းတို့သည် အချို့သည် အဝါရောင်အဝတ်ကို ဝတ်ဆင်ထား ကြသည်။ အချို့သည် အနီရောင်အဝတ်ကို ဝတ်ဆင်ထားကြသည်။ အချို့ သည် အဖြူရောင်အဝတ်ကို ဝတ်ဆင်ထားကြသည်။ မည်သို့ပင် ဝတ်ဆင် ထားစေကာမူ သူတို့သည် ဘုရားရှင်နှင့် မနှိုင်းယှဉ်နိုင်။ ဘုရားရှင်သည် သူတို့ထက် အဆင်းအားဖြင့်လည်းကောင်း၊ အခြံအရံအားဖြင့်လည်းကောင်း သာလွန်၍ လွန်စွာ တင့်တယ်တော်မူသည်။

ထိုအခါ ပိင်္ဂိယာနီမည်သော ပုဏ္ဏားသည် နေရာမှထလျက် 'နံနက် စောစောပွင့်သော၊ အနံ့ကောင်းသော၊ အနံ့မပြယ်သော၊ ကောကနဒမည်သော ပဒုမ္မာကြာပန်းကဲ့သို့လည်းကောင်း၊ ကောင်းကင်၌ အမိုက်မှောင်ကို ပယ် ဖျောက်လျက် ထွန်းလင်းတောက်ပသောနေမင်းကဲ့သို့လည်းကောင်း၊တင့်တယ် တော်မူသော၊ ကိုယ်တော်မှ ရောင်ခြည်တော်ရှိတော်မူသော မြတ်စွာ ဘုရားကို ဖူးမြင်ပါလော့'ဟူ၍ ဘုရားရှင်၏ မျက်မှောက်တော်၌ ဂါထာဖြင့် ချီးမွမ်း၏။

လိစ္ဆဝီမင်းတို့သည် နှစ်သက်လှသဖြင့် ပိင်္ဂိယာနီပုဏ္ဏားအား အပေါ်ရုံ ငါးရာကို ပေးကြ၏။ ပုဏ္ဏားလည်း ထိုအပေါ်ရုံငါးရာကို မိမိမယူ။ ဘုရားရှင် အား လှူဒါန်းလိုက်သည်။

ထိုအခါ ဘုရားရှင်သည် လိစ္ဆဝီမင်းတို့အား 'လိစ္ဆဝီမင်းတို့၊ ဤလောက၌ ရတနာငါးမျိုးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကို ရခဲ၏၊ ထိုရတနာငါးမျိုးကား ၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏၊ ၂။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏၊ ၃။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယကို ဟောကြားအပ်သည်ရှိသော် သိနိုင်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏။ ၄။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိ၍ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏။ ၅။ သူ့ကျေးဇူးကိုသိ၍ သူ့ကျေးဇူးကို ထင်စွာပြုတတ်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏'ဟူ၍ မိန့်တော်မူခဲ့သည်။

အရှင်ဝဇီရာနန္ဒသည် သူ့ကျေးဇူးကို အထူးသိ၍ ထင်စွာပြုတတ်သော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ထို့ပြင် ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မဝိနယကို သိနိုင်သော ပုဂ္ဂိုလ်လည်းဖြစ်သည်။ ထို့ပြင်မက ဘုရားရှင်ဟောကြားခဲ့သော ဓမ္မဝိနယနှင့်အညီ လောကုတ္တရာတရားကို ကျင့်နိုင်သော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ အရှင်ဝဇီရာနန္ဒသည် သာမန်ပုဂ္ဂိုလ်မဟုတ်။ လောက၌ရခဲသော ရတနာငါးမျိုးတွင် သုံးပါးနှင့်ညီသော ပုဂ္ဂိုလ်ထူးဖြစ်ပေသည်တကား။

## ငွေနှစ်သိန်း ပိုက်လျက်

၁၉၉၆ ခု၊ ဇန်နဝါရီလဆန်းပိုင်းတွင် အရှင်ဝဇီရာနန္ဒ ဦးပဥ္စင်းကြီး ဦးဖေယျာသည် ရန်ကုန်မြို့သို့ ခေတ္တကြွရောက်လာသည်။ သမီးကြီး ဒေါ်မြမြရီကလည်း ထီပေါက်သော ငွေနှစ်သိန်းကို ပိုက်လျက် အတူလိုက်ပါလာသည်။

အရှင်ဝဇီရာနန္ဒသည် မိမိ၏ 'သေနေ့အကြို နှုတ်ဆက်မင်္ဂလာတွေ့ဆုံပွဲ'ကို ကျနစွာ ကျင်းပရန်စီစဉ်သည်။ ထိုပွဲတွင် အားပါးတရလှူဒါန်းရန်လည်း

စီစဉ်သည်။ ထိုအစီအစဉ်များ ဖြစ်မြောက် အောင်မြင်အောင် သားသမက် ဇာတ်ညွှန်း ကိုကိုလေးက တာဝန်ယူဆောင်ရွက်ရသည်။

## ထူးခြားသောဖိတ်စာ

ကျင်းပမည့်ရက်မတိုင်မီ အရှင်ဝဇီရာနန္ဒနှင့် ခင်မင်သိကျွမ်းသော ရန်ကုန်မြို့ရှိ ရုပ်ရှင်၊ ဗွီဒီယို၊ ဂီတ၊ စာပေ စသည့် အနုပညာရှင်များထံ ထူးခြားသော ဖိတ်စာများရောက်လာသည်။

ဖိတ်စာ အဖွင့်တွင် ‘သေနေ့အကြို နှုတ်ဆက်မင်္ဂလာ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ’ဟု ရေးထားပါသည်။ အတွင်း၌ကား ဤသို့ ရေးထားသည်။

## ဖိတ်ကြားအပ်ပါသည်

တစ်ချိန်က ခင်မင်မှု၊ မေတ္တာ၊ စေတနာ အရင်းခံများကို
အမှတ်တရ ထိန်းသိမ်းပြီး လုပ်ဖော်ကိုင်ဖက်များနှင့်
မသေမီတစ်ခဏ တွေ့ဆုံကြဖို့ သေနေ့အကြို နှုတ်ဆက်မင်္ဂလာ
တွေ့ဆုံပွဲသို့ မပျက်မကွက် တက်ရောက်စေချင်ပါသည်။

**ဦးပဉ္စင်းကြီး ဦးဇေယျ**

**နေရာဌာန** – မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး
**ကာလအချိန်** – ၁၄၊ ၁၊ ၁၉၉၆၊ တနင်္ဂနွေနေ့၊
နံနက် ၉း၃၀ နာရီ။

ထို့နောက် ဖိတ်စာကျောဘက်တွင် ဤသို့ ရေးထားသည်ကိုလည်း တွေ့ရသည်။

‘မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ’
‘ငါ၏ အသက်ရှင်ခြင်းသည် မမြဲ၊ ငါ၏ သေခြင်းသည်သာ မြဲ၏’

ထူးခြားသော ဖိတ်စာဖြစ်သည်။ ထူးခြားသော ဖိတ်ကြားချက် ဖြစ်သည်။

## ဝမ်းမြောက်ဝမ်းသာ တက်ရောက်လာ

ဤဖိတ်စာကို ဖတ်ရသူတိုင်းပင် စိတ်ဝင်စားမဆုံး ရှိကြသည်။ ဦးပဥ္စင်းကြီး ဦးဖေယျကို အထူးသတိရမိကြသည်။ ဖိတ်ကြားခံရသည့်အတွက်လည်း ဝမ်းသာမဆုံးရှိကြသည်။

သို့ဖြင့် နယ်သို့ ဇာတ်ကားရိုက်ထွက်၍ ခရီးလွန်နေသော အနုပညာရှင် အနည်းငယ်မှအပ အားလုံးလိုလိုပင် ထိုပွဲသို့တက်ရောက်လာကြသည်။ ဆရာကြီး အေဝမ်းဦးတင်မောင်ကား အစောဆုံး ရောက်ရှိနေသည်။ ထို့နောက် ဆရာဦးသုခ ရောက်ရှိလာသည်။ တက်ရောက်သူများတွင် တစ်ခါက လျှမ်းလျှမ်းတောက်ကျော်ကြား၍ နုပျိုလန်းဆန်းနေကြသူများမှာ ယခုအခါ ဇရာပိုင်းအရွယ်သို့ ရောက်နေသည်ကို တွေ့ရသည်။ အချို့အိုမင်းလျက်၊ အချို့ရုပ်ပြောင်းလျက်၊အချို့မှာ နာမကျန်းဖြစ်လျက် ရှိသည်။ သူတို့သည် သူတို့ ချစ်ခင်မြတ်နိုးသော ဦးပဥ္စင်းကြီး ဦးဖေယျကို တွေ့လိုဇော၊ မြင်လိုဇောဖြင့် ကြိုးစား၍ တက်ရောက်လာကြခြင်း ဖြစ်သည်။

တက်ရောက်လာကြသူများထဲတွင် သက်ကြီး အနုပညာရှင်များပါဝင်သည့်နည်းတူ သက်ငယ် မောင်မယ် အနုပညာရှင်များ ပါဝင်သည်။ ယနေ့ လျှမ်းလျှမ်းတောက် ကျော်ကြားနေသူများ၊ နုပျိုလန်းဆန်းနေသူများလည်း ပါဝင်သည်။

မည်သို့ပင် အသက်အရွယ်အစားစား၊ အခြေအနေအမျိုးမျိုးပြောင်းလဲနေကြသော်လည်း သူတို့အားလုံးပင် ဦးပဥ္စင်းကြီးဦးဖေယျကို ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြသည်။ ရှိခိုးကြသည်။

အချို့က ဦးပဥ္စင်းကြီး ဦးဖေယျအတွက် သင်္ကန်းပရိက္ခရာများ၊ အစားအစာများ၊ ဝတ္ထုငွေများ စသည်တို့ယူလာပြီး လှူဒါန်းကြသည်။

အရှင်ဝဇီရာနန္ဒက ‘ဦးပဥ္စင်းက လှူမလို့လာတာပါဗျာ၊ အလှူခံဖို့ လာတာမဟုတ်ပါဘူး’ဟူ၍ ပြုံးရယ်ကာ မိန့်ကြားသည်။

အလှူရှင်တို့ကလည်း ‘တပည့်တော်တို့ ဦးပဥ္စင်းကြီးကို လှူရတာ ကုသိုလ်ထူးပါတယ် ဘုရား’ဟူ၍ ပြန်လည်လျှောက်ထားကြသည်။

မကြာမီ အခမ်းအနားစသည်။ ဆရာ ဘိုကလေးတင့်အောင်က အခမ်းအနားမှူးလုပ်သည်။ အရှင်ဝဇီရာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားတင်ပြသည်။

## အမှတ်တရ မိန့်ခွန်း

ထို့နောက် အရှင်ဝဇီရာနန္ဒက ဤသို့ မိန့်ကြားလေသည်။

‘အခုပွဲကို သက်ကြီးအနုပညာရှင်များရော၊ သက်ငယ်မောင်မယ် အနုပညာရှင်များပါ တက်ရောက်လာကြတာ တွေ့ရလို့ ဝမ်းသာကြည်နူးမဆုံး ဖြစ်ရပါတယ်၊ နောက်ပြီး ရုပ်ရှင်၊ ဗွီဒီယိုအနုပညာရှင်များသာမက စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပုစတဲ့ အနုပညာရှင်များပါ တက်ရောက်လာလို့ ဝမ်းသာအားရမဆုံး ဖြစ်ရပါတယ်၊ တကယ်တော့ ဒီအနုညာရှင်တွေဟာ သွေးသားအားဖြင့် ဆွေမျိုးမတော်စပ်ပေမယ့် အနုပညာအားဖြင့် ဆွေမျိုး တော်စပ်တဲ့ အနုပညာဆွေမျိုးတွေ ဖြစ်ကြပါတယ်၊ ဦးပဥ္စင်းအဖို့ ဒီအနုပညာ ဆွေမျိုးတွေကို ချစ်ခင်ခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း ဖြစ်ရပါတယ်၊ ဒါကြောင့် ဒီပွဲကိုကျင်းပပြီး ခင်မင်လေးစားစွာနဲ့ ဖိတ်ကြားရခြင်းဖြစ်ပါတယ်။

‘ဦးပဥ္စင်းဟာ အခု အသက် ၈၀ ရှိပြီ၊ မွေးနေ့မင်္ဂလာပွဲရယ်လို့ တစ်ခါမှ မလုပ်ခဲ့ပါဘူး၊ ဦးပဥ္စင်းက သူများလုပ်သလို လိုက်လုပ်တတ်တဲ့ ဝါသနာ မရှိလို့ပါပဲ၊ ရေများရာမိုးရွာတဲ့ သဘောမျိုးလဲ လုပ်တဲ့ဝါသနာ မရှိပါဘူး၊ ဒါကြောင့် မွေးနေ့မင်္ဂလာပွဲမလုပ်ဘဲ သေနေ့အကြို နှုတ်ဆက် မင်္ဂလာပွဲဆိုပြီး လုပ်ရခြင်းဖြစ်ပါတယ်၊ ဒီပွဲဟာ ဦးပဥ္စင်းအဖို့ ပထမဆုံးနဲ့ နောက်ဆုံးတွေ့ဆုံပွဲဖြစ်မယ်လို့ ထင်ပါတယ်။

'ဦးပဥ္စင်းတို့အဖို့ မွေးနေ့မင်္ဂလာဆိုတာ ပြီးသွားပါပြီ၊ သေနေ့ပဲ ကြုံတွေ့ရပါတော့မယ်၊ နေ့စဉ်ပဲ သင်္ချိုင်းကို တစ်လှမ်းချင်း သွားနေကြရပါတယ်၊ အဲဒီတော့ မသေခင်မင်္ဂလာဖြစ်အောင် ပြောဆို၊ ပြုမူ၊ ကြံစည်၊ ကျင့်ကြံအားထုတ် သွားကြရပါလိမ့်မယ်၊ ဒါမှ သေတဲ့အခါ တွင်းထဲကို ဇောက်ထိုးမိုးမျှော်မကျဘဲ ဘဝကူးကောင်းပြီး ကောင်းရာမွန်ရာ ရောက်ကြပါလိမ့်မယ်။

'ဦးပဥ္စင်းအနေနဲ့ မသေခင် ကျေးဇူးရှင်နှစ်ဦးရဲ့ ဂုဏ်ကျေးဇူးကို ဖော်ထုတ် တင်ပြချင်ပါတယ်၊ ဦးပဥ္စင်းရဲ့ အနုပညာဘဝမှာ ဆရာသခင် ကျေးဇူးရှင် နှစ်ဦးရှိပါတယ်၊ အဲဒီ နှစ်ဦးကတော့ ဆရာကြီး အေဝမ်း ဦးတင်မောင်နဲ့ ဆရာကြီးဦးသုခတို့ ဖြစ်ပါတယ်၊ ဒီဆရာကြီးနှစ်ဦးဟာ ရုပ်ရှင်ပညာနဲ့ပတ်သက်လို့ တစ်မျိုးစီတစ်ဘာသာစီ ထူးချွန်ထက်မြက်ကြပါတယ်၊ ဆရာကြီးဦးတင်မောင်က အရုပ်ဘက်မှာ အလွန် ထူးချွန်ထက်မြက်လှပါတယ်၊ အရုပ်ဆိုတာ အမူအရာ အသင်အပြကျွမ်းကျင်တာကို ဆိုလိုခြင်းဖြစ်ပါတယ်၊ ဆရာကြီး ဦးသုခကတော့ အသံဘက်မှာ အလွန် ထူးချွန်ထက်မြက်လှပါတယ်၊ အသံဆိုတာကတော့ စကားအပြောအဆို လေယူလေသိမ်းကို ဆိုလိုပါတယ်။

'ဦးပဥ္စင်းဟာ စစ်ပြီးစခေတ်မှာ ခေတ်သစ် ဖာတစ်လုံးဇာတ်ကားနဲ့ ရုပ်ရှင်နယ်ကို စတင်ဝင်ရောက်လာခဲ့ပါတယ်၊ ခေတ်သစ် ဖာတစ်လုံးဇာတ်ကား ရိုက်ကူးပြီးတော့ ဘာမထိ၊ အောင်ဆုပန် ဇာတ်ကားတွေကို ရိုက်ကူးခဲ့ရပါတယ်၊ ဒီဇာတ်ကားသုံးကားလုံး အသံတိတ်ဇာတ်ကားတွေ ဖြစ်ပါတယ်၊ စစ်ပြီးစခေတ်မှာ အေဝမ်းရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးတဲ့ဇာတ်ကားတွေ ဖြစ်ပါတယ်။

'ဒီနောက် အခု ညွှန့်မြန်မာရုပ်ရှင်လို့ခေါ်တဲ့ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှာ အသံထွက်ဇာတ်ကားသုံးကား စတင်ရိုက်ကူးခဲ့ပါတယ်၊ အဲဒါတွေက လင်နဲ့အပျို၊ မိုးကြယ်မို့လားနဲ့ ဖြူနှင်းမာလာ ဇာတ်ကားတို့ ဖြစ်ပါတယ်၊ လင်နဲ့အပျို ဇာတ်ကားမှာ မုဒုံမယ်တင်တင်မူနဲ့ ဦးပဥ္စင်းပါဝင်

သရုပ်ဆောင်ရပါတယ်၊ ဒါရိုက်တာကတော့ နာမည်ကျော် ဒါရိုက်တာ ဦးချန်ထွန်း ဖြစ်ပါတယ်၊ ဒီဇာတ်ကားပြီးတော့ မိုးကြယ်မို့လား ဇာတ်ကားမှာ ပါဝင် သရုပ်ဆောင်ခဲ့ပါတယ်၊ ဒါရိုက်တာက နာမည်ကျော်ဆရာခနဲ့ပါ၊ ဆရာခနဲ့ဟာ အမျိုးသမီးသရုပ်ဆောင် အမူအရာသင်ပြရာမှာ အလွန်ထူးချွန် လှပါတယ်၊ ဒီနောက် ဒါရိုက်တာဦးမောင်ကြီး ရိုက်ကူးတဲ့ ဖြူနှင်းမာလာ ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်၊ ဆရာဦးမောင်ကြီးက ဒါရိုက်တာ အဖြစ် ထူးချွန်ရုံသာမက သရုပ်ဆောင်အဖြစ်လဲ ထူးချွန်ပါတယ်၊ မျက်နှာ ကလဲ ဝိုင်းဝိုင်းကြီးနဲ့ သိပ်ပေါ်လွင်လှပါတယ်၊ အပြောအဆိုကလဲအလွန် ပြတ်သားလှပါတယ်။

'ဦးပဥ္စင်းအနေနဲ့ အသံတိတ်ဇာတ်ကား သုံးကား၊ အသံထွက် ဇာတ်ကား သုံးကား၊ ပေါင်း ခြောက်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး၊ ပရိသတ်နှစ်သက်လက်ခံခြင်း မခံခဲ့ရပါဘူး၊ ဘာကြောင့် လဲဆိုတော့ ကိုယ်ကလဲ သရုပ်ဆောင်မတော်လို့ပါပဲ။

'ဒါနဲ့ ဒီ ခြောက်ကားရိုက်ပြီး မန္တလေးကို ပြန်ခဲ့ပါတယ်၊ မူလအလုပ် ဖြစ်တဲ့ ကျောက်သွေးအလုပ်ကိုပဲ ပြန်လည် လုပ်ကိုင်နေခဲ့ပါတယ်၊ တစ်နှစ် လောက်အကြာမှာ ဆရာဦးတင်မောင်ဆီက ထူးထူးခြားခြား အခေါ်စာ ရောက်လာပါတယ်၊ လျှပ်စစ်ရုပ်ရှင်ကရိုက်ကူးမယ့် မြတဲ့သစ္စာ ဇာတ်ကား မှာ မင်းသားကြီးကို အဓိက သရုပ်ဆောင်နေရာကထားပြီး ရိုက်မယ်၊ အမြန်လာပါလို့ အကြောင်းကြားပါတယ်။

'ဒါနဲ့ ဦးပဥ္စင်း ရန်ကုန်ဆင်းသွားပြီး မြတဲ့သစ္စာ ဇာတ်ကားမှာ ပါဝင်ရိုက်ကူးပါတယ်၊ အဲဒီအခါမှာ ဆရာဦးတင်မောင် အမူအရာ အသင် အပြ ဘယ်လောက် ထက်မြက်တယ်၊ ဘယ်လောက် တော်တယ်ဆိုတာ ကိုယ်တိုင်ခံစား သိရှိရပါတယ်၊ အလွန် ပညာတော်တာနဲ့အမျှ အလွန် စိတ်သဘောထား ကောင်းမြတ်တဲ့ အနုပညာရှင်ကြီးဖြစ်ပါတယ်၊ သူနဲ့

ဆက်ဆံရိုက်ကူးရတာ အလွန် စိတ်ချမ်းသာခဲ့ပါတယ်၊ ဒီဇာတ်ကားမှာ မေသစ်၊ မြင့်မြင့်ခင်တို့နဲ့အတူ ပါဝင်သရုပ်ဆောင်ခဲ့ရပါတယ်။



ဇေယျာနှင့် ခင်ယုမေ (ချစ်ကြစမ်းပါဇာတ်ကား၊ ၁၉၆၀)

'ဆရာဦးတင်မောင်ရဲ့ ကျွမ်းကျင်ပြောင်မြောက်စွာ သင်ကြားပေးမှုကြောင့် ဒီဇာတ်ကားကစပြီး ဦးပဥ္စင်းဟာ အောင်မြင်မှု ရရှိခဲ့ပါတယ်၊ ပရိသတ်ရဲ့ ချစ်ခင်နှစ်သက်မှုကို ခံခဲ့ရပါတယ်၊ ဆရာကြီး ဦးတင်မောင်ဟာ ဦးပဥ္စင်းရဲ့ အနုပညာရှင်ဘဝကို ပထမဆုံးအရောင်တင်ပေးတဲ့ ကျေးဇူးရှင်အစစ် ဖြစ်ပါတယ်။

'ဆရာကြီးဦးတင်မောင်ရဲ့ အမူအရာ အသင်အပြ ကျွမ်းကျင်ထူးချွန်မှုကို အကျော်အမော် ဇာတ်ကားမှာ ကြည့်ရင်လဲ သိသာနိုင်ပါတယ်၊ ဒီဇာတ်ကားမှာ ကြည်ကြည်ဌေးကို နှစ်ကိုယ်ခွဲပါဝင်စေပြီး စရိုက်နှစ်မျိုး မတူအောင် ခွဲခြားသွန်သင်ပြတာ လက်ဖျားခါလောက်အောင် ကောင်းလှပါတယ်၊ မိန်းမပေါ့အဖြစ် သရုပ်ဆောင်ရာမှာ လုံချည်ကိုလဲတဲ့အခါ လက်တစ်ဖက်တည်းနဲ့လဲပြီး ခြေထောက်နဲ့ခတ်ပြပုံဟာ မိန်းမပေါ့စရိုက် အလွန်ပေါ်လွင်လှပါတယ်၊ ဆရာကြီးဦးတင်မောင်ဟာ အလွန်ပဲ တော်တဲ့ တတ်တဲ့ ထူးချွန်တဲ့ အနုပညာရှင် ဒါရိုက်တာကြီးတစ်ဦးဖြစ်ပါတယ်။

'နောက် ဦးပဥ္စင်းရဲ့ ဒုတိယ ကျေးဇူးရှင်ဖြစ်တဲ့ ဆရာကြီးဦးသုခအကြောင်း တင်ပြချင်ပါတယ်၊ ဆရာကြီး ဦးသုခဟာ သရုပ်ဆောင်များကို စကားအပြောအဆို ထိမိအောင်၊ လေယူ၊ လေသိမ်း ပြောင်မြောက်အောင် သင်ပြပေးရာမှာ အလွန်ထူးချွန်လှပါတယ်၊ ဆရာဦးသုခရိုက်ကူးတဲ့ ဘဝသံသရာဇာတ်ကားမှာ ဦးပဥ္စင်း အကယ်ဒမီဆု ရခဲ့ပါတယ်၊ ဒီလို အကယ်ဒမီဆုရတာ ဦးပဥ္စင်းတော်လို့ မဟုတ်ပါဘူး၊ ဆရာဦးသုခတော်လို့ ရခဲ့တာပါ၊ ဦးပဥ္စင်းရဲ့ အနုပညာရှင်ဘဝဟာ ဆရာဦးသုခရဲ့ ထပ်ဆင့်အရောင်တင်ပေးမှုကြောင့် ပိုမိုအောင်မြင်မှု ရခဲ့ပါတယ်၊ ဆရာဦးတင်မောင်ဟာ ဦးပဥ္စင်းရဲ့ ပထမ ကျေးဇူးရှင်ဖြစ်သလို ဆရာဦးသုခဟာလဲ ဦးပဥ္စင်းရဲ့ ဒုတိယကျေးဇူးရှင်ဖြစ်ပါတယ်ဆိုတာ ဒီနေရာမှာ ဖော်ထုတ်တင်ပြလိုက်ပါတယ်။

'အထူးပြောချင်တာ တစ်ချက်ရှိပါတယ်၊ ရုပ်ရှင်၊ ဗွီဒီယို၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု စတဲ့ အနုပညာရှင်တွေဟာ အနုပညာဆွေမျိုးတွေ

ဖြစ်ကြတာနဲ့အမျှ တစ်ဦးကိုတစ်ဦး အထူးမေတ္တာထားကြဖို့၊ ကူညီကြဖို့၊ ရိုင်းပင်းကြဖို့၊ ထောက်ပံ့ကြဖို့ တိုက်တွန်းချင်ပါတယ်။

'နောက်ပြီး ဦးပဥ္စင်းအဖို့ ယခင်က နုပျိုသန့်စွမ်းခဲ့ပေမယ့် ယခုတော့ အိုမင်းရင့်ရော်နေနေပြီ၊ ခါးကိုင်းနေပြီ၊ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇရာမီးတွေ လောင်ခဲ့တာ ကျွမ်းလုလုဖြစ်နေပြီ၊ ကြွရောက်လာတဲ့ ပရိသတ်များလဲ ဒီအတိုင်းပဲ အလောင်ခံနေကြရတယ် မဟုတ်လား။

'လယ်တီ ဆရာတော်ဘုရားကြီးက ဒီမီးတွေကို တရားနဲ့ငြိမ်းသတ်ရမယ်၊ တကယ်လို့ တရားနဲ့မငြိမ်းသတ်နိုင်ရင်တော့ အပါယ်ထိုထို၊ ဥဒဟိုသည် နင်လိုလူမိုက် သွားလမ်းတည်းလို့ ဆုံးမထားခဲ့ပါတယ်၊ သတိပြုသင့်ကြပါတယ်။

'မိုးကုတ် ဆရာတော်ဘုရားကြီးကလဲ သေတဲ့အခါ ပြုံးသေ၊ မဲ့သေနှစ်မျိုးရှိတယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းခံရလို့ မဲ့သေရင် အပါယ်ကျမယ်၊ လောဘ၊ ဒေါသ၊ မောဟတွေကင်းပြီး ပြုံးသေရင် ကောင်းရာသုဂတိရောက်မယ်၊ ဒါကြောင့် ပြုံးသေ သေနိုင်အောင် သီလနဲ့ ဘာဝနာကို ဆောက်တည်ပွားများကြပါလို့ ဆုံးမထားပါတယ်၊ ဒီကမိတ်ဆွေများလဲ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကို သတိမူပြီး ပြုံးသေ သေနိုင်အောင် ကြိုးစားကြဖို့ ဦးပဥ္စင်းက သေနေ့အကြို နှုတ်ဆက်ပွဲအဖြစ် မှာကြားချင်ပါတယ်'

[ဤမိန့်ကြားချက်မှာ အပြည့်အစုံမဟုတ်၊ အကျဉ်းချုပ် ဖြစ်ပါသည်။ **စာရေးသူ**]

ဤသို့ အရှင်ဝဇီရာနန္ဒက မိန့်ကြားပြီးသောအခါ ကြွရောက်လာသူများ ကိုယ်စား ဆရာဦးသုခက ပြန်ကြားပြောဆိုသည်။ ပြောဆိုရာတွင် အရှင်ဝဇီရာနန္ဒ၏ ကျေးဇူး အထူးသိတတ်ပုံကို အထူးအလေးအမြတ်ထား၍ ပြောဆိုပေသည်။

## ရက်ရက်ရောရောလှူဒါန်း


ထို့နောက် အရှင်ဝဇီရာနန္ဒသည် မိမိ၏ ဆရာသမားနှစ်ဦးအပါအဝင် အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဘက် ၂၃ ဦးအား ကျပ်ငွေတစ်သိန်းခွဲကို ခွဲဝေလှူဒါန်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသော ပရိသတ် ၂၅၀ ကျော်တို့အား ဒံပေါက်ထမင်း၊ ရေခဲမုန့်၊ပန်းသီး၊ လိမ္မော်သီး၊ ကွဲကောသီး စသည်တို့ဖြင့် အလှူ့ပယ် ဧည့်ခံကျွေးမွေးလှူဒါန်းသည်။ သူ၏စေတနာ သဒ္ဒါတရားကြီးမားပုံကို အားလုံးပင် အံ့ချီးမဆုံးရှိခဲ့ကြသည်။




**အရှင်ဝဇီရာနန္ဒ၏ သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲတွင် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်နေသော ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်**

ဤသို့လျှင် အရှင်ဝဇီရာနန္ဒသည် သေနေ့အကြို နှုတ်ဆက်မင်္ဂလာ တွေ့ဆုံပုံကို ထူးခြားစွာ ကျင်းပခဲ့သည်။ ထိပေါက်သော ဆုငွေနှစ်သိန်းကို အားလုံးလှူပစ်လိုက်သည်။




**အရှင်ဝဇီရာနန္ဒ၏ သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲသို့တက်ရောက်လာသော ဒေါက်တာ အေဝမ်းဦးတင်မောင်နှင့် ဒေါက်တာ စာရေးဆရာဦးသုခ (၁၉၆၆)**


ထို့နောက် အရှင်ဝဇီရာနန္ဒသည် ရန်ကုန်တွင် တစ်ပတ်ခန့် သီတင်းသုံး နေထိုင်ပြီးလျှင် စစ်ကိုင်းချောင်သို့ တိတ်တိတ်ဆိတ်ဆိတ်ပင် ပြန်ကြွလေသတည်း။



သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲသို့ တက်ရောက်လာသော မင်းသမီးကြီး ဒေါ်တင်တင်မူ



သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲသို့ တက်ရောက်လာသော မင်းသမီးကြီး ဒေါ်မြေသစ်



**သေနေ့အကြို နှုတ်ဆက်မင်္ဂလာပွဲသို့ တက်ရောက်လာသော**
**မင်းသမီးကြီး ဒေါ်မြင့်မြင့်ဌေး**


## အဆုတ်ရောဂါရရှိ

အရှင်ဝဇီရာနန္ဒသည် ရန်ကုန်မှပြန်ကြွပြီးနောက် မူလသီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး ညောင်တုန်းချောင်မှာပင် ဆက်လက်သီတင်းသုံးသည်။ တရားဘာဝနာများကို ဆက်လက်အားထုတ်သည်။

ယင်းသို့ရှိရာမှ တစ်နှစ်ခန့်အကြာတွင် ဦးပဥ္စင်းကြီးမှာ တီဘီ အဆုတ်နာရောဂါကို ခံစားရရှိသည်။ စစ်ကိုင်း၊ သီတဂူဆေးရုံ၌ နှစ်ပတ်ကျော် တက်ရောက်၍ ဆေးဝါးကုသခံခဲ့ရသည်။ တစ်နှစ်ခန့် ဆေးဝါးမှီဝဲပြီးမှ ရောဂါပျောက်ကင်းသွားလေသည်။

## ရွှေရတု နှစ်ထပ်ကျောင်းဆောင်ကြီး

ညောင်တုန်းချောင်၊ ညောင်တုန်းကျောင်းတိုက်တွင် သိမ်၊ ကျောင်း၊ ဇရပ်များ အခိုင်အခန့် တည်ရှိသည်။ သို့ရာတွင် ဆွမ်းစားကျောင်းကား အခိုင်အခံ့ မရှိသေး။ ဆွမ်းစားကျောင်းရှိသော်ငြားလည်း တဲကြီးသာသာပင် ဖြစ်သည်။ ထို့ကြောင့် အရှင်ဝဇီရာနန္ဒသည် ပုံ့လွှန်တော်မမူမီ ဤနေရာ၊ ဤဌာန၌ လိုအပ်နေသော ဆွမ်းစားကျောင်းတစ်ကျောင်း အခိုင်အခံ့ ဆောက်လုပ် လှူဒါန်းသွားလိုသောဆန္ဒ ဖြစ်ပေါ်ခဲ့သည်။ ထိုဆွမ်းစားကျောင်း တည်ဆောက်ရာတွင် ထည့်ဝင်လှူဒါန်းရန် မိမိ၌ ဝတ္ထုငွေနှစ်သိန်းခန့်ရှိသည်။ ဦးပဥ္စင်းကြီး၏ ကောင်းမြတ်သောဆန္ဒကို ဖြည့်ဆည်းသောအနေဖြင့် ဆွမ်းစား



**အရှင်ဝဇီရာနန္ဒ ဦးဆောင်တည်ဆောက် လှူဒါန်းခဲ့သော ရွှေရတု နှစ်ထပ်ကျောင်းဆောင်ကြီး**

ကျောင်း ဆောက်လုပ်ရန် ဆွေမျိုးမိတ်သင်္ဂဟများ၊ ရုပ်ရှင်နှင့် စာပေအနုပညာရှင်များက အလှူငွေများ ထည့်ဝင်ကြသည်မှာလည်း စုစုပေါင်း ငွေကျပ် ဆယ့်ငါးသိန်းခန့် ရှိသည်။

သို့ရာတွင် ထိုငွေမျှဖြင့် အရှည်တည်တံ့ခိုင်မြဲနိုင်မည့် ဆွမ်းစားကျောင်း မဆောက်လုပ်နိုင်။ ထိုအကြောင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ၁ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ကြားသိသွားသည်။ သဒ္ဓါတရားပေါက်ကာ ဆွမ်းစားကျောင်းကြီး ဖြစ်မြောက်ရေးအတွက် အလှူငွေများ မတည်၍ ဦးဆောင်ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် စတင်တည်ဆောက်ရာ ၂၀၀၀ ပြည့်နှစ်တွင် ပြီးစီးသွားသည်။ သိန်းပေါင်း ၇၀ ကျော် ကုန်ကျသည်။ ထိုဆွမ်းစားကျောင်းကြီးကို ‘ရွှေရတု နှစ်ထပ်ကျောင်းဆောင်ကြီး’ ဟူ၍ အမည်ပေးသည်။

## ရန်ကုန်သို့ ခေတ္တကြွ

အရှင်ဝဇီရာနန္ဒသည် ညောင်တုန်းချောင်တွင် သီတင်းသုံးနေထိုင်ရာမှ သေနေ့အကြိုပွဲ ကျင်းပပြီးနောက် ရန်ကုန်မြို့သို့ သုံးလေးကြိမ်ခန့် ခေတ္တကြွရောက်ခဲ့သေးသည်။

တစ်ကြိမ်တွင်ကာယဗလ ဦးဇော်ဝိတ်ကို သွားရောက်တွေ့ဆုံ၍ ငွေ ၅၀၀၀ ဒါနပြုခဲ့သည်။ နယ်ချဲ့ခေတ်တွင် ဆရာကြီး ဦးဇော်ဝိတ်က ကာယဗလပြပွဲများ ကျင်းပ၍ မြန်မာအမျိုးသားတို့ ကာယဗလလိုက်စားရန် လှုံ့ဆော်မှုကြောင့် မိမိသည် ကာယဗလကို ဝါသနာပါပုံ၊ ကာယဗလ လိုက်စားလာပုံ၊ ကာယဗလနှင့် ပြည့်စုံသဖြင့် ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာပုံ၊ ဦးဇော်ဝိတ်၏ ကျေးဇူးကြီးမားလှပုံ စသည်တို့ကို ဦးပဉ္ဇင်းက ထုတ်ဖော်ပြောဆိုခဲ့သည်။ ဦးဇော်ဝိတ်၏ ကျေးဇူးကို ပေးဆပ်သောအနေဖြင့် ယခုကဲ့သို့

လာရောက်တွေ့ဆုံ၍ ငွေ ၅၀၀၀ ဒါနပြုလှူဒါန်းပါသည်ဟူ၍လည်း ပြောဆိုသည်။

ဦးဇော်ဝိတ်ကလည်း အလှူငွေကို ကြည်နူးစွာလက်ခံခဲ့သည်။ ဦးပဥ္စင်းကြီး၏ ကျေးဇူးတရားသိတတ်ပုံကို အံ့ချီးမဆုံးရှိခဲ့သည်။


'အဲဒီတုန်းက ဦးဇော်ဝိတ်ရော၊ ဦးပဥ္စင်းပါ နှစ်ဦးစလုံးဝမ်းသာကြည်နူးပြီး မျက်ရည်လည်မိကြတယ်' ဟူ၍ ဦးပဥ္စင်းကြီးက ဖွင့်ဟပြောဆိုပေသည်။

## ဘဝနိဂုံး

အရှင်ဝဇီရာနန္ဒသည် ညောင်တုန်းချောင်တွင် သီတင်းသုံးနေတော်မူစဉ် သေနေ့အကြိုနှုတ်ဆက်ပွဲကို တက်ရောက်ခဲ့ကြသော ပုဂ္ဂိုလ်များထဲမှ အေဝမ်းဦးတင်မောင်၊ မင်းသားကြီးဦးအေးကြူ၊ မင်းသမီးကြီး ဒေါ်တင်တင်မူ၊ မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေး စသူတို့ ကွယ်လွန်သွားကြရှာသည်။ ဆရာကြီးဦးဇော်ဝိတ်လည်း ကွယ်လွန်သွားရှာသည်။

အရှင်ဝဇီရာနန္ဒက 'သူတို့ ရှေ့ကသွားနှင့်ကြပြီ၊ ဦးပဥ္စင်းလဲ မကြာမီ နောက်ကလိုက်ရတော့မှာပဲ' ဟူ၍ အထူး သံဝေဂယူမိသည်။


ဤသို့ရှိရာမှ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဦးပဥ္စင်းကြီးသည် သွေးတိုးရောဂါကြောင့် ကျောင်းလှေကားမှ အဆင်းတွင် ရုတ်တရက် မူးဝေပြီး လဲကျသွားသည်။ ဦးနှောက်မှ သွေးယိုစီးသည်။ သားသမီးများက မန္တလေးဆေးရုံကြီးသို့ အလျင်အမြန်ပို့ကြသည်။ အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသရန် ပြင်ဆင်ကြဆဲမှာပင် ဦးပဥ္စင်းကြီး ပျံလွန်တော်မူသွားရှာသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ သန်းခေါင်ကျော်၊ အရုဏ်မတက်မီတွင် ပျံလွန်တော်မူသည်။ ထိုအချိန်၌ သက်တော် ၈၆ နှစ်၊ ဝါတော် ၂၃ ဝါ ရှိပေပြီ။



## အရှင်ဝဇီရာနန္ဒ၏ အန္တိမအဂ္ဂိစျာပန

ကျန်ရစ်သူသားသမီးများက အရှင်ဝဇီရာနန္ဒ၏ ရုပ်ကလာပ်တော်ကို ငါးရက်ထားသည်။ ထို့နောက် ဝါးချက်ကျေးရွာသုသာန်၌ မီးရှို့ပူဇော်သည့် အဂ္ဂိစျာပနကို ကျင်းပသည်။ ထိုအဂ္ဂိစျာပနသို့ အရှင့်ကို ချစ်ခင်ကြည်ညိုကြသော ပရိသတ်များ လာရောက်ကြသည်မှာ အလွန်များပြားလှသည်။ စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများလည်း အားလုံးနီးပါး ကြွရောက်ကြသည်။ ထို့နောက် ဦးပဥ္စင်းကြီး၏ ဆန္ဒအရ အရိုးပြာကို ဥဒကစျာပနအဖြစ် ဧရာဝတီမြစ်တွင်း၌ ရေမျှော၍ သင်္ဂြိုဟ်လိုက်ကြလေသည်။

ဦးပဥ္စင်းကြီး အရှင်ဝဇီရာနန္ဒ ပျံလွန်တော်မူခဲ့ပြီ။ သို့ရာတွင် ကျန်ရစ်သူများသည် အရှင်၏စိတ်ဓာတ်၊ အရှင်၏စေတနာ၊ အရှင်၏ကောင်းမှု၊



**အရှင်ဝဇီရာနန္ဒနှင့် သမီးကြီး ဒေါ်မြမြရီ၊ ကိုကိုကြီး (စစ်ကိုင်း)၊ သမိန်သောင်း၊**
**မင်းယုဝေတို့ ညောင်တုန်းချောင်းတွင် အမှတ်တရ (၁၉၉၅)**

အရှင်၏ မွန်မြတ်သော အမူအကျင့်တို့ကို သတိရကြဆဲပင်။ အားလုံးက အရှင့်အကြောင်း ချစ်ခင်ကြည်ညိုမြတ်နိုးစွာဖြင့် ပြောဆိုတမ်းတကြဆဲပင်။

အရှင်မရှိသော်လည်း အရှင်၏ စကားမြတ်ဖြစ်သည့် ဤမွန်မြတ်သော စကားကား သင်းပျံ့မွှေးကြိုင်ဆဲပင်။

'သူတော်ကောင်းဆိုတာ သူ တော်မှ ကိုယ့်ဘက်က ကောင်းရမယ် မဟုတ်ပါဘူး၊ သူ တော်တော်၊ မတော်တော် ကိုယ့်ဘက်ကကောင်းနိုင်ဖို့ပဲ ကြိုးစားကျင့်ကြံ အားထုတ်ရပါမယ်။ ။

**မင်းယုဝေ**

## ရိုးရိုးကြီးဖေယျ   အကိုးများ

၁။ အရှင်ဝဇီရာနန္ဒ (ရိုးရိုးကြီးဖေယျ)၏ မိန့်ကြားချက်များ။

၂။ သမီးကြီး ဒေါ်မြမြရီ၏ ပြောပြချက်များ။

၃။ သားသမက် ဦးသိမ်းမြင့်ထွန်း (အကယ်ဒမီ ကိုကိုလေး)ပြောပြချက်များနှင့် မှတ်တမ်းများ။

၄။ သမီးငယ် ဒေါ်ဆန်းယဉ်လှ၏ ပြောပြချက်များ။

၅။ စာရေးဆရာကြီး ဒါရိုက်တာဦးသုခ၏ ပြောပြချက်များ။

၆။ ညောင်တုန်းကျောင်းတိုက်ဆရာတော် အရှင်တေဇောဘာသ၏ မိန့်ကြား ချက်များ။

၇။ ကျွန်ုပ်နှင့် မြန်မာရုပ်ရှင်လောက (ဒဂုဏ်ပ ဦးဘတင်) (၁၉၆၆)

၈။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (မောင်စင်ကြယ်) (၁၉၇၈)

၉။ စစ်အတွင်းနှင့်စစ်ပြီးစ ပြဇာတ်များ (ပြည်သန်းနွယ်) (၁၉၅၈)

၁၀။ ပထမအကြိမ်မြောက် ရုပ်ရှင်နှီးနှောဖလှယ်ပွဲ (၁၉၆၈)

၁၁။ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်၊ ရုပ်ရှင်စာတမ်းငယ်တစ်ဆယ် (၁၉၉၆)

၁၂။ စာရေးဆရာ ကျော်သန်းမြင့် (ဗန်းမော်) ၏ ပေးစာများနှင့် ရုပ်ရှင် လက်ကမ်း ကြော်ငြာများ။

၁၃။ ဒဂုံမဂ္ဂဇင်း (၁၉၄၇၊ ဧပြီလ)

၁၄။ ဒဂုံမဂ္ဂဇင်း (၁၉၄၇၊ နိုဝင်ဘာလ)

၁၅။ ဒဂုံမဂ္ဂဇင်း (၁၉၄၈၊ မတ်လ)

၁၆။ ရုပ်ရှင်ထူး မဂ္ဂဇင်း၊ (၁၉၆၆၊ အောက်တိုဘာလ)

၁၇။ ရုပ်ရှင်ပဒေသာ မဂ္ဂဇင်း၊ (၁၉၆၅၊ စက်တင်ဘာလ)

၁၈။ ရုပ်ရှင်ပဒေသာ မဂ္ဂဇင်း (၁၉၆၇၊ မေလ)

၁၉။ ရုပ်ရှင်ပဒေသာ မဂ္ဂဇင်း (၁၉၆၉၊ မတ်လ)

၂၀။ မြန်မာရုပ်ရှင် နှစ် ၅၀ ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် မဂ္ဂဇင်း (၁၉၇၁၊ ဒီဇင်ဘာလ)

၂၁။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၄)

၂၂။ ဗြိတိသျှဘားမား ရုပ်ရှင်ရိုပ်သာစာစောင် (၁၉၅၁၊ ဒီဇင်ဘာလ)

၂၃။ ဗြိတိသျှဘားမား ရုပ်ရှင်ရိုပ်သာစာစောင်၊ (၁၉၅၃၊ ဩဂုတ်လ)

၂၄။ မေရီမြင့် ရုပ်စုံ၊ (၁၉၄၈၊ မတ်လ)

၂၅။ ဦးပဉ္စင်းကြီး ဦးဇေယျ (ဗိုလ်ကလေးတင့်အောင်) (မြတ်မင်္ဂလာ၊ ၂၀၀၂၊ မတ်လ)

၂၆။ အပတ်စဉ်ထုတ် အေဝမ်းရုပ်စုံဂျာနယ်များ (၅၊ ၆၊ ၁၉၄၆)၊ (၁၂၊ ၆၊ ၁၉၄၆)၊ (၁၉၊ ၆၊ ၁၉၄၆)၊ (၂၅၊ ၆၊ ၁၉၄၆)၊ (၁၃၊ ၇၊ ၁၉၄၆)၊ (၂၄၊ ၇၊ ၁၉၄၆)၊ (၃၁၊ ၇၊ ၁၉၄၆)၊ (၁၄၊ ၈၊ ၁၉၄၆)၊ (၃၁၊ ၈၊ ၁၉၄၆)၊ (၁၄၊ ၉၊ ၁၉၄၆)၊ (၂၁၊ ၉၊ ၁၉၄၆)၊ (၂၈၊ ၉၊ ၁၉၄၆)၊ (၁၂၊ ၁၀၊ ၁၉၄၆)၊ (၂၆၊ ၁၀၊ ၁၉၄၆)၊ (၂၃၊ ၁၁၊ ၁၉၄၆)၊ (၇၊ ၁၂၊ ၁၉၄၆)။

၂၇။ သေနေ့အကြိုနှုတ်ဆက်ပွဲကျင်းပခဲ့သည့် ဦးပဉ္စင်းကြီး ဦးဇေယျ ပျံလွန်တော်မူ (ဝင်းငြိမ်း) (အလင်းတန်းဂျာနယ်)

၂၈။ ဘဝသံသရာ၏ နိဂုံး (အကယ်ဒမီကိုကိုလေး) (ရုပ်ရှင်သတင်းစဉ်)

၂၉။ ဘဝနတ်ထံ (ခိုင်ခံ့ဇော်) (ဂျာနယ်)

## မင်းယုဝေ ၏
## စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၂၈ ။စက်တင်ဘာလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့၌ ဖွားမြင်။ အဖ ကုန်သည် ဦးထွန်းဆိုင်၊ အမိ ဒေါ်သင်၊ မွေးချင်း ရှစ်ယောက်တွင် အငယ်ဆုံး။ အမည်ရင်း ‘ဝင်းမောင်’။

၁၉၃၄ ။ကန်ကြီးထောင့်မြို့ မင်းကုန်းကျောင်းတွင် စတင် ပညာသင်ယူ။

၁၉၃၅ ။မိဘများနှင့်အတူ ပုသိမ်မြို့သို့ ပြောင်းရွှေ့နေထိုင်။ ပုသိမ်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် ဆက်လက် ပညာသင်။

၁၉၄၀ ။၆ တန်း အရောက်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား၊ ထို ၆ တန်းမှာပင် လက်ရေးစာစောင်များ၌ ကဗျာ၊ ဝတ္ထုတို စသည်တို့ စတင်ရေးသား။ ပုသိမ်မြို့သို့ ဂျပန်လေတပ်က ဗုံးကြဲတိုက်ခိုက်သဖြင့် ပညာသင် ခေတ္တရပ်။

၁၉၄၁ ။ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များ ပုသိမ်မြို့ကို ဝင်ရောက်လာ၊ ဂျပန်တပ်က ဂျပန်စာသင်ကျောင်းဖွင့်ရာ ထိုကျောင်းတွင် တက်ရောက်၍ ဂျပန်စာသင်ယူ။

။ပုသိမ်မြို့ အာရှလူငယ်အစည်းအရုံး၊ ကင်းထောက်လုလင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်။

၁၉၄၂ ။ပုသိမ်မြို့ကို မဟာမိတ်လေတပ်များက ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်သဖြင့် ပုသိမ်မြို့တွင် မနေနိုင်တော့၊ စစ်ပြေးဘဝဖြင့် ဇာတိဖြစ်သော ကန်ကြီးထောင့်မြို့သို့ ပြောင်းရွှေ့နေထိုင်။

။ကန်ကြီးထောင့်မြို့တွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းရင် ကြီးမှူးဖွင့်လှစ်သော ခေတ်သစ်တန်းမြင့်ကျောင်း၌ ၇ တန်းမှ ၉ တန်းအထိ ပညာ ဆက်လက်သင်ယူ။

။ဆရာကြီး ဦးထွန်းရင်၏ အားပေးမှုဖြင့် ထိုကျောင်းက ထုတ်ဝေသော လက်ရေးစာစောင်များတွင် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ပြဇာတ်များ ရေးသား။

။ကန်ကြီးထောင့်မြို့ အာရှလူငယ်အစည်းအရုံးဝင်အဖြစ် လည်းကောင်း၊ ထိုအစည်းအရုံး၏ ကင်းထောက်လုလင်အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက်။

။ကျောင်းကပွဲ ပြဇာတ်များတွင် ပါဝင်၊ စကားရည်လုပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ရာ ဆုများရရှိ။

၁၉၄၄ ။အာရှလူငယ် ကင်းထောက်လက်ရေးစာစောင်တွင် ပထမဆုံး အယ်ဒီတာအဖြစ် ဦးစီးလုပ်ကိုင်၍ လက်ရေးစာစောင် ထုတ်ဝေ။

။ပုသိမ်ခရိုင် အာရှလူငယ်အစည်းအရုံး ညီလာခံကို ကျုံပျော်မြို့တွင် ကျင်းပရာ တက်ရောက်ခဲ့။ ထိုညီလာခံ အထိမ်းအမှတ်အဖြစ် စာပေပြိုင်ပွဲများ ကျင်းပရာ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ။

၁၉၄၅ ။ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသဖြင့် ကန်ကြီးထောင့်မြို့မှ ပုသိမ်မြို့သို့ ပြန်လည် ပြောင်းရွှေ့နေထိုင်။ အမျိုးသားအထက်တန်းကျောင်းတွင် ဆက်လက် ပညာသင်ယူ။

။ပုသိမ် အာရှလူငယ်အစည်းအရုံးတွင် ပါဝင်။ အစည်းအရုံးက ထုတ်ဝေသော လက်ရေးစာစောင်များတွင် စာပေများ ရေးသား။

၁၉၄၆ ။ပုသိမ်အမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်းအောင်၊ ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်။

၁၉၄၇ ။တက္ကသိုလ်ကျောင်းသားဘဝတွင် ပုံနှိပ် စာနယ်ဇင်းများ၌ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများ စတင်၍ ရေးသားဖော်ပြခြင်းခံရ။

၁၉၄၉ ။စစ်ကိုင်းကျောင်းဆောင်၌ နေထိုင်စဉ် ပထမဦးဆုံးသော လုံးချင်းစာအုပ်ဖြစ်သည့် *ဘဝမာလာ ကဗျာများ* စာအုပ်ကို ရေးသားထုတ်ဝေ။

၁၉၅၀ ။ငွေတာရီနှင့် ပူးတွဲ၍ *ရတနာ ကဗျာများ* စာအုပ်ကို ရေးသားထုတ်ဝေ။

၁၉၅၁ ။မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေ ဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ရ။ ။ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဦးယော(ဆရာဇေယျ) လက်အောက်တွင် အထက်တန်း ဘာသာပြန်အရာရှိ အဖြစ် ၆ လ တာဝန်ထမ်းဆောင်။

၁၉၅၂ ။အင်းစိန်ခရိုင် ပညာအုပ်အဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်။ ။ငွေတာရီ (မခင်ရီ) နှင့် လက်ထပ်။

၁၉၅၃ ။*ဟံသာဝတီ* သတင်းစာ အထူးထုတ်တွင် ငွေတာရီနှင့် ပူးတွဲ၍ *အီစွတ်ပုံပြင်များ*နှင့် *ဂရင်းပုံပြင်များ*ကို အပတ်စဉ် ဘာသာပြန်။ ။စာပေဗိမာန်သို့ ပြောင်းရွှေ့၍ စာပြုအဖြစ် တာဝန်ထမ်းဆောင်။ ကျောင်းသုံးစာအုပ်ထုတ်ဝေရေး ညွှန်ကြားရေးဝန်၊ ဦးသိန်းဟန် (ဆရာဇော်ဂျီ) လက်အောက်တွင် အမှုထမ်းလျက် လူထုဖတ်ရှုရန် သမိုင်းစာအုပ်ငယ်များ ရေးသား။ ဗြိတိသျှပါလီမန် (၁၉၅၅)၊ ပြည်ထောင်စုပါလီမန် (၁၉၅၆) တို့ ရေးသားထုတ်ဝေ။

၁၉၅၄ ။စာပေဗိမာန် စာပြုအလုပ်မှ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်။ ဦးဝန် (ဆရာမင်းသုဝဏ်) နှင့် ဦးတင်ဇေ (ဆရာတင်ဇေရှမ်းပြည်) တို့ လက်အောက်တွင် အမှုထမ်း။ တက္ကသိုလ် မြန်မာအဘိဓာန်ပြုစုရာတွင်လည်းကောင်း၊ တက္ကသိုလ်ကျောင်းသုံး မြန်မာဘာသာပြန်စာအုပ်များ ပြန်ဆိုရာတွင်လည်းကောင်း ပါဝင်ဆောင်ရွက်။

။ငွေတာရီနှင့် ပူးတွဲ၍ *အီစွတ်ပုံပြင်များ* ဘာသာပြန်စာအုပ်ကို ထုတ်ဝေ။ ထိုစာအုပ်မှာ ၁၉၅၄ ခုနှစ်၊ စာပေဗိမာန် ဘာသာပြန်ဆု (ယခုခေတ်အခေါ် အမျိုးသားစာပေ ဘာသာပြန်ဆု) ရရှိ။

၁၉၅၅–၅၆။ ဗြိတိသျှကောင်စီ ပညာသင်ဆုရ၍ အလုပ်တာဝန်ဖြင့်လန်ဒန် တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များ လေ့လာရေး ကျောင်း၌ အဘိဓာန်ပညာရပ်များ သင်ယူ၊ ပါမောက္ခဒေါက်တာလှဘေ ဦးစီးပြုစုသော မြန်မာအဘိဓာန်လုပ်ငန်းတွင် ပညာသင်ယူရင်း ကူညီ လုပ်ကိုင်။

။မြန်မာနိုင်ငံသို့ ပြန်ခါနီး ၆ လ အလိုတွင် ဇနီး ငွေတာရီ မိမိစရိတ်ဖြင့် အင်္ဂလန်သို့လိုက်လာ၊ ကျောင်းပိတ်ရက်များတွင် ငွေတာရီနှင့်အတူ ဟော်လန်၊ ဘဲလ်ဂျီယံ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အီတလီ၊ ဂျာမနီနိုင်ငံ များသို့ လေ့လာရေးခရီးထွက်။

။အပြန်လမ်းခရီးတွင် သီရိလင်္ကာသို့ဝင်၍ ဗုဒ္ဓစွယ်တော်မြတ်ကိုဖူးမြော်။

၁၉၅၇ ။တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက် စာတည်းအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်။

၁၉၅၈ ။သမီးဦး 'မခင်ရီဝင်း' (ယခု မြန်မာစာကထိက၊ ဒဂုံတက္ကသိုလ်) ကို ဖွားမြင်ပြီး နောက်တစ်နေ့တွင် ငွေတာရီ ကွယ်လွန်။

၁၉၅၉–၆၀။ ရန်ကုန်တက္ကသိုလ် ကလောင်အသင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်။

၁၉၆၀ ။ရန်ကုန်တက္ကသိုလ် ဘာသာပြန်ဌာန လက်ထောက်စာတည်းအဖြစ်မှ နုတ်ထွက်၍ ကွယ်လွန်သူစာဆိုငွေတာရီ အထိမ်းအမှတ်အဖြစ် ပုဂ္ဂလိကပိုင် ငွေတာရီ မဂ္ဂဇင်းကို တာဝန်ခံ အယ်ဒီတာလုပ်၍ ထုတ်ဝေ။

၁၉၆၀ ။မခင်ဝင်းရီနှင့် လက်ထပ်၊ သား မောင်သက်ဝင်း (ယခု ဝင်းဝင်းမြတ် အော့ဖ်စက်ပိုင်ရှင်) ကို ဖွားမြင်။

၁၉၆၁ ။ငွေတာရီ မဂ္ဂဇင်းကို ဘီ အီး ဒီ စီ ပိုင် မြဝတီပုံနှိပ်တိုက်သို့ လွှဲပြောင်း။
*ငွေတာရီ မဂ္ဂဇင်း* တာဝန်ခံအဖြစ် ဆက်လက်ထမ်းဆောင်။

၁၉၆၃ ။*ကဗျာ့ပရိယာယ်* စာအုပ်ကို ဆရာမင်းသုဝဏ်နှင့် ပူးတွဲရေး၍ထုတ်ဝေ။

၁၉၆၃–၆၄။ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်လူကြီးအဖြစ် ဆောင်ရွက်။

၁၉၆၄ ။*အိမ်ပြန်ချိန်ကဗျာများ* စာအုပ် ရေးသားထုတ်ဝေ။

၁၉၆၅ ။နိုင်ငံတော်အစိုးရ၏ ရွေးချယ်စေလွှတ်ချက်အရ ရုပ်ရှင်ပညာရပ်များ လေ့လာရေးအဖွဲ့ဝင်အဖြစ် ပါဝင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တစ်လကြာ သွားရောက်။
။*မြန်မာစာမိတ်ဖွဲ့* (ပ တွဲ) ကို တိုက်စိုးနှင့် ပူးတွဲရေး။

၁၉၆၆ ။*မြန်မာစာမိတ်ဖွဲ့* (ဒု တွဲ) ကို တိုက်စိုးနှင့် ပူးတွဲရေး။

၁၉၆၇ ။*အာရှပုံပြင်များ* စာအုပ်ကို တက္ကသိုလ်ဝင်းမွန် နှင့် ပူးတွဲဘာသာပြန်။
။*စာဆိုနှင့် သုတေသီ* စာအုပ်ကို တိုက်စိုးနှင့် ပူးတွဲရေး။

၁၉၆၈ ။ပြန်ကြားရေးဝန်ကြီးဌာန မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ်အဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရ။ (*မြဝတီမဂ္ဂဇင်း*၊ *ငွေတာရီမဂ္ဂဇင်း*၊ *တေဇရုပ်စုံ*၊ *တို့ကျောင်းသားစာစောင်*၊ ရှေ့ဆောင်လူငယ်ဂျာနယ်တို့ကို ဦးစီးထုတ်ဝေ။)
။*ပထမမြန်မာများ*စာအုပ် ရေးသားထုတ်ဝေ။

၁၉၆၈–၆၉။ စာပေဗိမာန် အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်၊ ပညာရေးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ကျောင်းသုံးစာအုပ်ကော်မတီအဖွဲ့ဝင် စသည်တို့တွင် ပါဝင်ဆောင်ရွက်။

၁၉၇၀ ။*စာလောက လူလောက* စာအုပ် ရေးသားထုတ်ဝေ။

၁၉၇၂ ။*အိုမာခယမ်* ဘာသာပြန် စာအုပ် ရေးသားထုတ်ဝေ။
။ရေခပ်ချိန် *ကဗျာများ* စာအုပ် ရေးသားထုတ်ဝေ။ (ယင်းစာအုပ်သည် ၁၉၇၂ ခုနှစ် အမျိုးသားစာပေဆုရ။)

၁၉၇၃ ။နိုင်ငံတော်အစိုးရ၏ ရွေးချယ်စေလွှတ်ချက်အရ အိန္ဒိယနိုင်ငံသို့ မြန်မာ စာရေးဆရာ၊ ကဗျာဆရာအဖွဲ့ ခေါင်းဆောင်အဖြစ် အဖွဲ့ဝင် ၃ ဦးနှင့် အတူ သွားရောက်၊ ယဉ်ကျေးမှုရေးရာများကို လေ့လာ။

။*ပွင့်စစံပယ် ကလေးကဗျာ* စာအုပ် ရေးသားထုတ်ဝေ။

၁၉၇၄ ။*ရဲသုံးဘော်နှင့်အခြားပုံပြင်များ* (ဂရင်းပုံပြင်များ ဘာသာပြန်) စာအုပ် ရေးသားထုတ်ဝေ။

။*နှင်းဆီဖြူ နှင်းဆီနီ* (ဂရင်းပုံပြင်များ ဘာသာပြန်) စာအုပ်ရေးသား ထုတ်ဝေ။

၁၉၇၅ ။*ရာဇဂြိုဟ်* စာအုပ် ရေးသားထုတ်ဝေ။

။*ကျဉ်းထဲကျပ်ထဲ* (ဘာသာပြန်) စာအုပ် ရေးသားထုတ်ဝေ။

၁၉၇၆ ။*ရွှေကြက်ဖ ကလေးကဗျာများ* စာအုပ် ရေးသားထုတ်ဝေ။

။နိုင်ငံတော်အစိုးရ၏ ရွေးချယ်စေလွှတ်ချက်အရ အမေရိကန်ပြည်ထောင်စုသို့ လေ့လာရေးခရီး သွားရောက်။ (အသွားတွင် အင်္ဂလန်နိုင်ငံနှင့် အပြန်တွင် ဂျပန်၊ ဟောင်ကောင်၊ ထိုင်းနိုင်ငံ စသည်တို့ကို ဝင်ရောက် လေ့လာ။

၁၉၇၉ ။*သူလိုလူများ* စာအုပ် ရေးသားထုတ်ဝေ။

။ထိုနှစ် ဒီဇင်ဘာလတွင် မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ်အဖြစ်မှ အငြိမ်းစားယူ။

၁၉၈၀–၈၄။ *အတ္ထုပ္ပတ္တိထူး* စာအုပ်၊ *သူတို့အစ သူတို့ပထမ* စာအုပ်၊ *မြန်ပြည်သား* ရုပ်ပြစာအုပ်၊ *ဂရင်းညီနောင် ပုံပြင် ၁၀၀* စာအုပ် စသည်တို့ရေးသား ထုတ်ဝေ။

။*အံ့ဖွယ်သုတစာစောင်*၊ *မြစ်မခစာပဒေသာ*၊ *မြစ်မခအင်္ဂလိပ်စာဥယျာဉ်* စသည်တို့တွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်။

၁၉၈၅–၂၀၀၀။ *မြတ်မင်္ဂလာစာစောင်ကို* တည်ထောင်ရာ၌ ပါဝင်ပြီး အယ်ဒီတာချုပ် အဖြစ် ဆောင်ရွက်။

၁၉၈၆ ။ကမ္ဘာ့ဌာန်းဆရာကြီး ဦးဂိုအင်ဂါ ဦးဆောင်သော ဓမ္မဂီရိ ဝိပဿနာ ရိပ်သာ၏ ဖိတ်ကြားချက်အရ အိန္ဒိယသို့ သွားရောက်။ ၁၀ ရက် တရားစခန်းဝင်၍ ဝိပဿနာဆွေးနွေးပွဲသို့ တက်။ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ လုမ္ဗိနီ၊ ကုသိနာရုံသို့ သွားရောက်ဖူးမြော်။

၁၉၈၉–၂၀၀၀။ မင်္ဂလာမောင်မယ် ကျောင်းသားလူငယ် စာစောင်ကို တည်ထောင် ရာတွင် ပါဝင်၍ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်။

၁၉၉၀ ။ကမ္မဋ္ဌာန်းဆရာကြီး ဦးဂိုအင်ဂါ ဦးဆောင်သော ဓမ္မဂီရိ ဝိပဿနာရိပ်သာ ၏ ဒုတိယအကြိမ် ဖိတ်ကြားချက်အရ အိန္ဒိယသို့ သွားရောက်။ ၁၀ရက် တရားစခန်းဝင်၍ ဝိပဿနာဆွေးနွေးပွဲသို့တက်။ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ လုမ္ဗိနီ၊ ကုသိနာရုံသို့ သွားရောက်ဖူးမြော်။

၁၉၉၃ ။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဂုဏ်ပြုဆုငွေ ၁၀၀၀၀ိ နှင့် မြေတစ်ကွက် ချီးမြှင့်ခြင်းခံရ။

၁၉၉၆–၂၀၀၀။ မြဝတီစာပေတိုက် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငွေတာရီ ဝတ္ထုတိုပြိုင်ပွဲ အကဲဖြတ်လူကြီးအဖြစ် တာဝန်ပေးခြင်းခံရ။

၁၉၈၉–၁၉၉၉။ *သူတို့ရွာ သူတို့တံတား* (ဝတ္ထုကဗျာ) (၁၉၈၉)၊ *မင်္ဂလာရောင်ခြည် ဗုဒ္ဓဝင်ရုပ်စုံ* (၁၉၈၉)၊ *၃၈ ဖြာ မင်္ဂလာပုံပြင်များ* (၁၉၉၂)၊ *တို့ပြည်တို့ရွာ ကဗျာများ* (၁၉၉၄)၊ *စကားကြီးဆယ်မျိုး* (ရုပ်ပြ) (၁၉၉၅)၊ *ဒါနသူဌေး ဦးသိုက်* (၁၉၉၅)၊ *ဇာတ်ကြီးဆယ်ဘွဲ့အနှစ်ချုပ်* (၁၉၉၅) တို့ကို ရေးသား ထုတ်ဝေ။


၁၉၈၅–၂၀၀၀။ မင်္ဂလာဗျူဟာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မင်္ဂလာဗျူဟာ ပရဟိတ အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ လယ်တီမူ ဆရာသက်ကြီး ဝိပဿနာပြန့်ပွားရေး

အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက အဖွဲ့ဝင် စသည့် သာသနာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်။

၂၀၀၁–၂၀၀၃။ မင်္ဂလာဗျူဟာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဥက္ကဋ္ဌ၊ လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံပုံငွေကြီးကြပ်ရေးအဖွဲ့ဝင် စသည်တို့တွင် ပါဝင်ဆောင်ရွက်။

၂၀၀၃ ။*ဓမ္မပဒ ပုံဝတ္ထုများ* စာအုပ် ရေးသားထုတ်ဝေ။

အောင်မြင် ကျော်ကြားလှသည့်
ရုပ်ရှင်မင်းသား ဘဝကို စွန့်လွှတ်၍
မြင့်မြတ်သော ရဟန်းဘောင်သို့
ကူးပြောင်းခဲ့သူ၏ ဘဝတွေ ...



cover design by Zaw Maing

မင်းယုဝေ

# ရိုးရိုးကြီး ဇေယျ ၏ ဘဝခရီး